The Mirror
Established in 1957
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
၁၃၇၅ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁ ရက်၊ သောကြာနေ့ (26-4-2013) (၇၄၆၂)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဘင်္ဂလားဒေ့ရှ်သမ္မတထံ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့

နေပြည်တော် ဧပြီ ၂၆

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ၏ သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသော မစ္စတာ အဘ္ဗဒယ် ဟာမစ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပေးပို့သည်။ (သတင်းစဉ်)

ထူးခြားသည့် နေ့အပူချိန်များ

၂၅-၄-၂၀၁၃

ချောက် ၄၅ ဒီဂရီစင်တီဂရိတ်

အောင်လံ ၄၃ ဒီဂရီစင်တီဂရိတ်

တောင်တွင်းကြီး ၄၃ ဒီဂရီစင်တီဂရိတ်

မြန်မာနိုင်ငံအနေဖြင့် အာဆီယံရည်မှန်းချက်များနှင့်အညီ ပြည်တွင်းဦးစားပေးအစီအမံများ ချမှတ်ဆောင်ရွက်လျက်ရှိ

အနာဂတ်မျိုးဆက်သစ်များအတွက် ရေရှည်တည်တံ့မည့် ငြိမ်းချမ်းရေးနှင့်သာယာဝပြောရေး ဖော်ဆောင်ပေးသွားရမှာဖြစ်

နေပြည်တော် ဧပြီ ၂၅

(၂၂)ကြိမ်မြောက် အာဆီယံထိပ်သီးသီးသန့်အစည်းအဝေးကို ဧပြီ ၂၅ ရက် နံနက် ၉ နာရီတွင် ဘရူနိုင်းဒါရုဆလမ်နိုင်ငံ ဘန်ဒါဆရီဘီဂါဝန်မြို့ရှိ ဝန်ကြီးချုပ်ရုံး၌ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တက်ရောက်ဆွေးနွေးသည်။(ဓါတ်ပုံ)

သီးသန့်အစည်းအဝေးသို့ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အတူ ဘရူနိုင်းဒါရုဆလမ်နိုင်ငံဘုရင် ဆူလ်တန်ဟာဂျီဟာဆာနာလ် ဘိုကီးယား မူအစ်ဇာဒင်ဝါဒီလာ၊ ကမ္ဘောဒီးယားနိုင်ငံပန်ကြီးချုပ် မစ္စတာ ဆမ်ဒက် ဟွန်ဆန်၊ အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတ ဒေါက်တာဆူစီလို ဘမ်ဘန်း ယူဒိုယိုနို၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ သွန်ဆင်းသမာဗောင်၊ မလေးရှားနိုင်ငံဝန်ကြီးချုပ်၏ အထူးကိုယ်စားလှယ် President of the Senate H.E. Mr. Tan Sri Abu Zahar Ujang၊ ဖိလစ်ပိုင်သမ္မတနိုင်ငံ သမ္မတ မစ္စတာဘီနင်နိုအကီနို၊ စင်ကာပူသမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာ လီရှန်လွန်း၊ ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စ ရင်လပ်ရှင်နာဝပ်၊ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ငုယင်တန်ဇွန်း၊ အာဆီယံအတွင်းရေးမှူးချုပ် မစ္စတာ လီယောင်မင်၊ အာဆီယံနိုင်ငံများမှ ဝန်ကြီးများနှင့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဘရူနိုင်းဒါရုဆလမ်နိုင်ငံဘုရင် ဆူလ်တန်ဟာဂျီဟာဆာနာလ် ဘိုကီးယား မူအစ်ဇာဒင်ဝါဒီလာက (၂၂)ကြိမ်မြောက် အာဆီယံထိပ်သီးသီးသန့်အစည်းအဝေးသို့ တက်ရောက်လာကြသည့်အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲများအား ရင်းနှီးခင်မင်စွာ ကြိုဆိုနှုတ်ဆက်သည်။

ယင်းနောက် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲများသည် စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

စာမျက်နှာ ၈ ကော်လံ ၁ သို့

ယနေ့ မာတိကာ

ဥပဒေမဲ့လုပ်ရပ်များကို ရှောင်ရှား
စာမျက်နှာ - ၂
မဏိပူရ(ရ်)အမှတ်တရ
စာမျက်နှာ - ၆
တူနစ်ကိုယ် လက်တွဲတော့မည့် အေဗရီလ်လာဗင်း
စာမျက်နှာ - ၁၂
ဖယ်ကာအိုကို ခေါ်ယူရန် ယုံကြည်ထားသော်လည်း ကာဟာနီအား ဆွေးနွေးရန် ချယ်လ်ဆီး ပစ်ပယ်
စာမျက်နှာ - ၁၃

အိမ်စာနှင့် ဂိမ်းကစားခြင်းက ကလေးသူငယ်များ၏ စာပေဖတ်ရှုလေ့လာမှုကို ထိခိုက်

ကျောင်းသင်ခန်းစာများကို အိမ်တွင် အချိန်ပိုပေးလေ့လာခြင်းနှင့် ဂိမ်းကစားခြင်းများသည် ကလေးငယ်များ ကျောင်းပြင်ပဝဇ္ဇာသုတစာပေ လေ့လာဖတ်ရှုရန် အားနည်းရခြင်း၏ အဓိကအခြေခံ အကြောင်းအရင်း ဖြစ်ကြောင်း ကလေးသူငယ်သမဂ္ဂနှင့် ဆယ်ကျော်သက်သုတေသန ဗဟိုဌာနက ထုတ်ပြန်သော အစီရင်ခံစာတွင် ဖော်ပြသည်။

တရုတ်နိုင်ငံတွင် လေးတန်းမှ ခုနစ်တန်းအဆင့် ကျောင်းသား ၀၄၀၀ ကျော်ကို လေ့လာစစ်တမ်းကောက်ယူခဲ့ရာ ၅၂ ရာခိုင်နှုန်းက တစ်နေ့လျှင် မိနစ် ၃၀ ဖတ်ရှုပြီး ၀၂ ရာခိုင်နှုန်းက ၀၅ မိနစ်ခန့်သာ ဖတ်ရှုသည်ကို လေ့လာတွေ့ရှိရသည်။

"ကျောင်းသားတွေဟာ အိမ်စာတွေပြီးအောင်လုပ်ဖို့ရယ်၊ ကျောင်းပြင်ပသင်တန်းတွေ တက်နေရတာရယ်နဲ့ အချိန်ကုန်နေကြတာ၊ စာအုပ်စာဝေဖတ်ရှုလေ့လာဖို့ အချိန်မပေးနိုင်ကြဘူး။ ဒီလိုနဲ့ ကျောင်းသားတွေဟာ စာအုပ်စာပေဖတ်ရှုတဲ့ အလေ့

ဘာသာပြန် မောင်သာယာ

အကျင့်ကောင်း မရကြတော့ဘဲ သူတို့ရဲ့ အားလပ်ချိန်တွေမှာ ရုပ်မြင်သံကြားကြည့်တာတို့၊ အွန်လိုင်းမှာ ဂိမ်းကစားတာတို့၊ ချက်တင်ပြောတာ တို့ကို ပိုပြီးနှစ်သက်လာကြတယ်ဗျာ" ဟု သုတေသနအဖွဲ့ခေါင်းဆောင် လျူမင်းက ပြောကြားသည်။

လေ့လာမှုအစီရင်ခံစာတွင် ၃၅ ရာခိုင်နှုန်းသော ကျောင်းသားများသည် တစ်နေ့လျှင် တစ်နာရီ စာပေဖတ်ရှုလေ့လာကြပြီး ၎င်းတို့အနက် တစ်ဝက်ခန့်က သမားရိုးကျ စာအုပ်၊ သတင်းစာများထက် ကွန်ပျူတာ မျက်နှာပြင်ပေါ်တွင် ဖတ်ရှုရသည်ကို

စာမျက်နှာ ၉ ကော်လံ ၂ သို့

ကြေးမုံ စာတည်းရှုထောင့် ၂၆-၄-၂၀၁၃၊ သောကြာနေ့

ဥပဒေမဲ့လုပ်ရပ်များကို ရှောင်ရှား

ယခုအခါ ဒီမိုကရေစီသက်တမ်းသည် နှစ်နှစ်ပြည့်မြောက်ခဲ့ပြီဖြစ်သည်။ မြန်မာ့ဒီမိုကရေစီမှာ သက်တမ်းကနုနု မနုတိုင်းကထန်ထန် ရေဆန်ခရီးလမ်းကို လျှောက်လှမ်းနေကြသည်နှယ်။

ဤရေဆန်ခရီးလမ်းကို လျှောက်ကြရာတွင် စည်းကမ်းတကျ၊ နည်းလမ်းတကျ တက်ညီလက်ညီ လျှောက်ကြမှသာ ကျွန်ုပ်တို့မျှော်မှန်းသော ဒီမိုကရေစီခရီးပန်းတိုင်ကို အလျင်အမြန် ရောက်ရှိနိုင်မည်မဟုတ်ပါလော။

သို့သော် ဒီမိုကရေစီခရီးလမ်းတွင် စိန်ခေါ်မှု အကဲစမ်းမှုများ တစ်ဝတစ်ပဖြင့် လျှောက်နေကြရသည်ကို ကြုံတွေ့ရသဖြင့် ခရီးမတွင်မည်ကို စိုးရိမ်ပူပန်မိသည်မှာ အမှန်ပင်။

စိန်ခေါ် အကဲစမ်းမှုများတွင် ဒီမိုကရေစီ၏ လွတ်လပ်ခြင်းကိုအခြေခံသည့် ပြောဆိုမှု၊ ရေးသားမှု၊ စုဝေးမှု၊ ဆန္ဒဖော်ထုတ်မှု အဖုံဖုံတို့သည် စည်းကမ်းရှိသည့် ဒီမိုကရေစီကျင့်ဝတ်များ၊ စံနှုန်းများနှင့်ကိုက်ညီဖို့တော့လိုမည်။

စိန်ခေါ်မှုများစွာဖြစ်ပြီးနောက် လက်ပံတောင်းတောင် ကြေးနီစီမံကိန်းဒေသတွင် ပဋိပက္ခတစ်ခုဖြစ်ပွားသည်ကို ကြားသိလိုက်ရ၍ များစွာ စိတ်မကောင်းဖြစ်မိသည်။ ၂၀၁၂ ခုနှစ် နိုဝင်ဘာလ ၂၈ ရက်နေ့က ဖြစ်ပွားခဲ့သော ဖြစ်စဉ်တွင် နိုင်ငံတော်က ဖြစ်စဉ်အမှန်၊ အခြေအနေအမှန်ကို ဖော်ထုတ်နိုင်ရန်အတွက် ဒေါ်အောင်ဆန်းစုကြည် ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်သော စုံစမ်းစစ်ဆေးရေးကော်မရှင်ကို ချက်ချင်းဖွဲ့စည်းစစ်ဆေးခဲ့ပြီးဖြစ်သည်။

ထို့နောက် နိုင်ငံတော်၏ရေရှည်အကျိုးစီးပွား၊ ပြည်သူလူထု၏ အကျိုးစီးပွား၊ အပြုသဘောဆောင်သောအမြင်တို့ဖြင့် ဆောင်ရွက်သင့်၊ ဆောင်ရွက်ရမည့် အချက်များပါဝင်သည့် အပြီးသတ်အစီရင်ခံစာကို မတ် ၁၁ ရက်က အများပြည်သူသို့ ချပြခဲ့ပြီးဖြစ်သည်။

ထိုနေ့တွင်ပင် စီမံကိန်းနှင့်ပတ်သက်သည့် စုံစမ်းစစ်ဆေးရေးအစီရင်ခံစာအပေါ် အကောင်အထည်ဖော်ဆောင်ရွက်မည့်ကော်မတီဖွဲ့စည်းပြီး စီမံကိန်းဒေသသို့အစိုးရတာဝန်ရှိသူများ ကွင်းဆင်းကာ ဒေသခံပြည်သူလူထုနစ်နာမှုမရှိစေရန် လိုအပ်သည်များဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

ယင်းသို့ဆောင်ရွက်ပေးလျက်ရှိသော်လည်း ယင်းဒေသတွင် ဆူပူအကြမ်းဖက်လိုသူတစ်စုက မငြိမ်မသက်ဆန်ဆန် လုပ်ဆောင်မှုများထပ်မံပြုလုပ်လာရာ အများပြည်သူ လုံခြုံရေး၊ ရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေးနှင့် စည်းကမ်းသေဝပ်တည်ငြိမ်ရေးတို့ ပျက်ပြားမည်ကို ပြည်သူတစ်ဦးအနေဖြင့် စိုးရိမ်ပူပန်မိသည်မှာ အမှန်ပင်။

ယနေ့တိုင်းပြည်၏ နိုင်ငံရေးတည်ငြိမ်အေးချမ်းမှုရှိစေရန် နိုင်ငံသားတိုင်း နိုင်ငံရေးလုပ်ငန်းစဉ်တွင် ဝါဝင်ဆောင်ရွက်ခွင့်ရအောင် နိုင်ငံတော်အစိုးရက ပံ့ပိုးဖန်တီးပေးခဲ့ပြီးဖြစ်သည်။ နိုင်ငံရေးလုပ်ငန်းစဉ်ကို ပံ့ပိုးရာတွင် ဥပဒေ စည်းကမ်းနှင့်အညီ ဆောင်ရွက်ကြရမည်ဖြစ်သည်။ ဥပဒေကို မျက်ကွယ်ပြုပြီး ဆူပူအကြမ်းဖက်မှုပုံစံမျိုးဆောင်ရွက်လျှင် တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးပျက်ပြားမည် ဖြစ်သည်။

ရဟန်းရှင်လူ ပြည်သူအများစုသည် တိုင်းပြည်တွင် တရားဥပဒေစိုးမိုး၍ အေးအေးချမ်းချမ်း သာသာယာယာဖြင့် နေထိုင်လိုကြသူများဖြစ်သည်။ တိုင်းပြည်တည်ငြိမ်အေးချမ်းမှုမရှိ၍ ဖွံ့ဖြိုးမှုနောက်ကျခြင်း၊ ဒုက္ခဝင်လယ်ဝေရခြင်းတို့ကိုလည်း အားလုံးကြုံတွေ့ခဲ့ရပြီးဖြစ်သည်။

ဒီမိုကရေစီကနုနု မနုတိုင်းကထန်ထန် ဖြစ်နေလျှင် ပြည်သူများလိုလားသည့် ဒီမိုကရေစီရှင်သန်ဖွံ့ဖြိုးရေးအတွက် အနှောင့်အယှက်အဟန့်အတားဖြစ်စေမည်။ လိုရာခရီးဝန်းတိုင်နှင့် အလှမ်းဝေးနေမည်။

ထို့ကြောင့် ရဟန်းရှင်လူပြည်သူအပေါင်းတို့ တိုင်းပြည်တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေး၊ စည်းကမ်းရှိသော ဒီမိုကရေစီရှင်သန်ဖွံ့ဖြိုးရေး၊ ပြည်သူများအေးချမ်းသာယာစွာနေထိုင်နိုင်ရေးအတွက် ဥပဒေ စည်းကမ်းများနှင့်အညီ နေထိုင်ကြရန်နှင့် ဥပဒေမဲ့လုပ်ရပ်များကိုရှောင်ရှားကြဖို့၊ ဝိုင်းဝန်းတားဆီးကြဖို့ တိုက်တွန်းအပ်ပါသည်။ ။

ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းဥပဒေကြမ်းရှင်းလင်းတင်ပြခြင်းနှင့် အကြံဉာဏ်တောင်းခံခြင်းအခမ်းအနား မော်လမြိုင်မြို့၌ ကျင်းပ

နေပြည်တော် မေ ၂၅

ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းဥပဒေကြမ်း ရှင်းလင်းတင်ပြခြင်းနှင့် အကြံဉာဏ်တောင်းခံခြင်း အခမ်းအနားကို မေ ၂၄ ရက် နံနက် ၉ နာရီတွင် မွန်ပြည်နယ် မော်လမြိုင်မြို့ ငွေမိုးဟိုတယ်၌ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးပိုက်ထွေး(ယာပုံ)က အမှာစကားပြောကြားပြီး ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်း လုပ်ငန်းဥပဒေကြမ်းနှင့် အများပြည်သူ့ဝန်ဆောင်မှုမီဒီယာ ဥပဒေရေးဆွဲရခြင်းအကြောင်းကို ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲတင့်က ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းဥပဒေနှင့်ပတ်သက်ပြီး အခန်းလိုက် အသေးစိတ် အချက်အလက်များကို ရှင်းလင်းတင်ပြကာ လွှတ်တော်ကိုယ်စားလှယ်များ၊ ဥပဒေပညာရှင်များ၊ မီဒီယာများ၏ မေးမြန်းအကြံပြုချက်များကို ဒုတိယဝန်ကြီးနှင့် ညွှန်ကြားရေးမှူးချုပ်တို့က ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့သည်။

ဆက်လက်၍ ဒုတိယဝန်ကြီးက အများပြည်သူ့ဝန်ဆောင်မှုမီဒီယာဥပဒေကို ရှင်းလင်းပြောကြားပြီး အခမ်းအနားတက်ရောက်လာသူများ၏ မေးမြန်းအကြံပြုချက်များကို ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့သည်။

အဆိုပါ အခမ်းအနားသို့ မွန်ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် ပြည်နယ်လွှတ်တော်တို့မှ လွှတ်တော်ကိုယ်စားလှယ်များ၊ ပုံနှိပ်ထုတ်ဝေသူများ၊ လုပ်ငန်းရှင်များ၊ သတင်းစာဆရာများနှင့် မီဒီယာသမားများ စုစုပေါင်း ၉၀ ခန့်တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကမ္ဘာလှည့်နှစ်ဦး မြန်မာသနပ်ခါးဖြင့် အလှဆင်

သနပ်ခါးဝါးကွက်ကျားလေးများနှင့် ချစ်စဖွယ်အပြုံးပိုင်ရှင်မလေးနှစ်ယောက်ကတော့ မြန်မာမိန်းမပျိုလေးများ မဟုတ်ပါ။ ကမ္ဘာလှည့်နိုင်ငံခြားသား ခရီးသွားများသာ ဖြစ်ပါတယ်။ **(အောက်ပုံ)** သူမတို့နှစ်ယောက် ဆူးလေဘုရားပေါ်မှ ဆင်းလာပြီး ဆူးလေကားဂိတ်မှာ ကလေးငယ်များ သနပ်ခါးလိမ်းကျံနေတာကို တွေ့မြင်ပြီး စိတ်ဝင်တစား လေ့လာကြပါတယ်။ ပြီးတော့ ကိုယ်တိုင် ဝါးကွက်ကျားလေးများ ကွက်ကာ နှာတံလေးဆွဲပြီး ပျော်ရွှင်နေကြတယ်။

နိုင်ငံခြားသူနှစ်ဦးကို ဘေးမှရပ်ကြည့်နေသော မိဘပြည်သူများက ဘဲရီးဂွတ်/ဘဲရီးဗျူးတီးလို့ အားပေးကြပါတယ်။ မင်းတို့ သနပ်ခါးဝါးကွက်ကျားလေးတွေနဲ့ သိပ်လှတယ်၊ ဓာတ်ပုံတစ်ပုံလောက် ရိုက်ခွင့်ပြုပါလို့ ခွင့်တောင်းပြီး ဓာတ်ပုံရိုက်ခဲ့တယ်။ မြန်မာ့သနပ်ခါးဝါးကွက်ကျားလေးများနှင့် ငယ်ရွယ်နုပျိုနေသော နိုင်ငံခြားသူလေးနှစ်ဦး၏ အပြုံးဝန်းဝေဆာ အလှကြွယ်နေပုံကို မြင်တွေ့ရမှာ ဖြစ်ပါတယ်။

(၇၀၁)



ဩစတြေးလျ ဥပဒေပြုအထက်လွှတ်တော် ဥက္ကဋ္ဌ ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့ ချစ်ကြည်ရေးခရီး လာရောက်မည်

နေပြည်တော် မေ ၂၅

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရ ဦးရွှေမန်းနှင့် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ဦးခင်အောင်မြင့်တို့၏ ဖိတ်ကြားချက်အရ ဩစတြေးလျ ဥပဒေပြုအထက်လွှတ်တော် ဥက္ကဋ္ဌ ဆီနိတ်တာ Hon. John HOGG ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် မေ ၂၇ ရက်မှ မေ ၁ ရက်အထိ မြန်မာနိုင်ငံသို့ ချစ်ကြည်ရေးခရီး လာရောက်မည် ဖြစ်သည်။

ဆီနိတ်တာ **Hon. John Joseph HOGG** ၏ ကိုယ်ရေးအတ္ထုပ္ပတ္တိမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

၁၉၄၉ ခုနှစ်၊ မတ်လ ၁၉ ရက်နေ့တွင် Queensland တွင် မွေးဖွားခဲ့ပါသည်။

၁၉၇၆ ခုနှစ်တွင် Shop Distributive and Allied Employees' Assosiation ၌ ကုန်သွယ်ရေးအရာရှိအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပါသည်။

၁၉၈၁ ခုနှစ်မှ ၁၉၉၆ ခုနှစ်တွင် National Executive တွင် Branch Secretary and Member အဖြစ်လည်းကောင်း၊ ၁၉၉၆ ခုနှစ်တွင် Branch President အဖြစ်လည်းကောင်း တာဝန်အသီးသီး ထမ်းဆောင်ခဲ့ပါသည်။

၂၀၁၀ ခုနှစ်မှ ၂၀၁၂ ခုနှစ်အထိ ဩစတြေးလျ နေသဟာယ လွှတ်တော်တွင် စီမံခန့်ခွဲရေးကော်မတီအဖွဲ့ဝင်အဖြစ် တာဝန်ထမ်းဆောင်ခဲ့ပါသည်။

(၁၉-၈-၂၀၀၂) ခုနှစ်မှစ၍ ဩစတြေးလျနေသဟာယနိုင်ငံ ဆီနိတ်တွင် ဒုတိယ ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ကော်မတီတွင်ဥက္ကဋ္ဌအဖြစ်လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့ပါသည်။

(၄-၇-၂၀၁၁) ခုနှစ်တွင် ဩစတြေးလျ နေသဟာယနိုင်ငံ ဆီနိတ်၏ ဥက္ကဋ္ဌအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရပြီး ယနေ့အထိ လက်ရှိရာထူးဖြင့် တာဝန်ထမ်းဆောင်လျက်ရှိပါသည်။

အိမ်ထောင်သည် တစ်ဦးဖြစ်ပြီး သားတစ်ဦး၊ သမီးနှစ်ဦး ထွန်းကားခဲ့ပါသည်။

မြန်မာ-ဂျပန် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် ဆက်ဆံရေးကဏ္ဍ တိုးမြှင့်ဖော်ဆောင်ရေးဆွေးနွေး

နေပြည်တော် မေ ၂၅

ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်သည် ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ၊ လူသားဖွံ့ဖြိုး တိုးတက်မှုဌာန၊ နည်းပညာနှင့် အဆင့်မြင့်ပညာရေးဌာနခွဲ အကြံပေး Mr. Daisuke UEDA ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော်ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။(**အပေါ်ပုံ**)

ထိုသို့တွေ့ဆုံရာသို့ ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်နှင့်အတူ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမြညိမ်း၊ အမျိုးသားလွှတ်တော်ကော်မတီဥက္ကဋ္ဌများ ဖြစ်ကြသည့် ဦးဇော်မြင့်ဖေ၊ ဦးစံထွန်း၊ ဗိုလ်မှူးကြီးမောင်မောင်ထူးနှင့် လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ယင်းသို့တွေ့ဆုံရာ၌ ပညာရေးကဏ္ဍဖွံ့ဖြိုး တိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရေး၊ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးဆိုင်ရာကိစ္စရပ်များ ပူးပေါင်းဆောင်ရွက်ရေး၊ နှစ်နိုင်ငံစက်မှုဆိုင်ရာ သုတေသနလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေးနှင့် အခြားကဏ္ဍများ၌ ပူးပေါင်းညှိနှိုင်းဆောင်ရွက်ရေး၊ မြန်မာ - ဂျပန် နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုနှင့် ဆက်ဆံရေးကဏ္ဍ တိုးမြှင့်ဖော်ဆောင်ရေးတို့ကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

(သတင်းစဉ်)

လူငယ်ဂေါက်သီးရိုက်ပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် မေ ၂၅

မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ်၏ ကြီးကြပ်မှုဖြင့် JUNIOR GOLF MYANMAR က ကြီးမှူး၍ 1st JUNIOR GOLF MYANMAR TOURNAMENT 2013 လူငယ်ဂေါက်သီးရိုက်ပြိုင်ပွဲကို မေ ၂ ရက်မှ ၃ ရက်အထိ ရန်ကုန်မြို့ရှိ ရန်ကုန်ဂေါက်ကွင်း၌ ကျင်းပမည် ဖြစ်သည်။

အဆိုပါပြိုင်ပွဲတွင် အမျိုးသား အမျိုးသမီး (၂၄)နှစ်အောက် ပြိုင်ပွဲ၊ (၁၈)နှစ်အောက် ပြိုင်ပွဲ၊ (၁၄)နှစ်အောက် ပြိုင်ပွဲနှင့် (၁၀)နှစ်အောက် ပြိုင်ပွဲ ဟူ၍ ကျင်းပမည်ဖြစ်သည်။ ပါဝင်ယှဉ်ပြိုင်ကြမည် လူငယ်ဂေါက်သီးရိုက် အားကစားသမားများသည် မေ ၃၀ ရက် မွန်းလွဲ ၂ နာရီ နောက်ဆုံးထား၍ အမည်စာရင်းနှင့် ပူးတွဲ၍ မွေးစာရင်း၊ မှတ်ပုံတင် (မူရင်း/မိတ္တူ)များနှင့် မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ်သို့ စာရင်း ပေးသွင်းရမည်ဖြစ်သည်။

ယင်းပြိုင်ပွဲနှင့်စပ်လျဉ်း၍ သိရှိလိုပါက ဖုန်း ၀၉-၄၃၀၉၅၆၇၈၊ ၀၁-၉၆၆၉၅၂၆ တို့သို့ ဆက်သွယ်မေးမြန်း စုံစမ်းနိုင်သည်။

အဆိုပါ လူငယ်သက်တန်းအလိုက် ဂေါက်သီးရိုက် အားကစားသမားများအား ထိုက်ထိုက်တန်တန် ဆုချီးမြှင့်မည်ဖြစ်ရာ တစ်ဦးချင်းဖြစ်စေ၊ အဖွဲ့လိုက်ဖြစ်စေ ပါဝင်ကူညီပံ့ပိုးနိုင်သည်။

JUNIOR GOLF MYANMAR အနေဖြင့် မြန်မာလက်ရွေးစင် ဂေါက်သီးရိုက်အသင်းတွင် အခြေခံနိုင်မည် မျိုးဆက်သစ်လူငယ် ဂေါက်သီးရိုက် အားကစားသမားများ ပေါ်ထွက်လာရေးအတွက် လစဉ် ဂေါက်သီးရိုက်ပြိုင်ပွဲများ ကျင်းပနိုင်ရန် JUNIOR GOLF MYANMAR က ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(ကြေးမုံ)**

ဒဂုံတောင် (၂၅) ရပ်ကွက်၌ ဆင်းကတ်များပေးအပ်

ရန်ကုန် မေ ၂၅

ရန်ကုန်မြို့ ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ် အမှတ် (၂၅) ရပ်ကွက်တွင် မေ ၂၄ ရက်က တန်ဖိုးနည်း MEC TEL အမှတ်တံဆိပ်ပါ CDMA-800 MHz Prepaid မိုဘိုင်းဖုန်း ဆင်းကတ်များကို ရပ်ကွက်အတွင်း နေထိုင်သူ မိဘပြည်သူများလက်ဝယ်သို့ စနစ်တကျရောက်ရှိစေရေးအတွက် ထင်သာမြင်သာရှိအောင် ရပ်ကွက်ရုံး၌ အုပ်ချုပ်ရေးမှူး ဦးဌေးဝင်းနှင့် အဖွဲ့ဝင်များက ဆင်းကတ် ၁၂၃ ကတ်ကို ရပ်ကွက်နေပြည်သူများ လက်ဝယ်သို့ ပေးအပ်ခဲ့သည်။ **(ယာပုံ)**

ခင်မောင်ဝင်း (ကြေးမုံ)

မြန်ပြည်တစ်ခွင် သာစေချင် မီးတွင် မပေါ့နှင့်

မြဝတီရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၂၆-၅-၂၀၁၃(သောကြာနေ့)

- ၇း၀၃ တရားတော်
- ၇း၃၅ မြန်မာသံစဉ်ချူနားဝင်
- ၇း၄၅ အမျိုးသားရေးတေးကဗျာ
- ၈း၁၀ ဇာတ်လမ်းတို
- ၄း၀၀ မဟာဂီတချကြည်မြ
- ၄း၂၀ မြန်မာစာမြန်မာစကား(၈)
- ၄း၄၅ ရင်ခုန်စီးဆင်း အချစ်သီချင်း
- ၅း၂၀ လည်မယ် . . . စားမယ် ကမ္ဘာတစ်ခွင်ဝယ်
- ၆း၀၀ "ရွှာ"ဟာသဇာတ်လမ်းတွဲ (အပိုင်း-၀၉၆)"လူလိမ်ပြိုင်ပွဲ" -ပေါ်လေး၊ ငွေမိုး၊ ဝင်းနိုင်၊ ကျော်ဇေသော် နှင့် သရုပ်ဆောင်များ (ဒါရိုက်တာ-မိုးဇော်ကို)
- ၇း၀၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -"တိမ်လွှာထက်ကဖန်ရဲတိုက်" (အပိုင်း- ၄၇) -သံစဉ်များနှင့်ကမ္ဘာ

15th YEARS 1998-2013 Anniversary
MHR Centre II
BUSINESS INSTITUTE
နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု (FDI)၊ 2015 Asean Free Trade Agreement (AFTA)၊ 2015 Asean Economic Community (AEC) တို့ကြောင့်...
... Career ...
MHR Centre I (၁၅)နှစ်ပြည့်အထိမ်းအမှတ်နှင့် MHR Centre II ဖွင့်ပွဲအထိမ်းအမှတ်ပေးအပ်မည့်ပညာသင်ဆုများအကြောင်း ဟောပြောပွဲ
ABE Diploma plus | CIMA Certificate in Business Accounting | LCCI LCCI Diplomas
နေ့ရက် ။ ၁.၅.၂၀၁၃ (ဗုဒ္ဓဟူးနေ့) အချိန် ။ (၀၉း၀၀)နာရီမှ (၁၁း၀၀)နာရီ နေရာ ။ Yadana Ball Room, Park Royal Hotel
Notebook Computer ... Annual Fee, Registration Fee, Examinations Fee
MHR Centre II : G a (27, 28, 29), Ground Floor, Building E, Eco Apartment, Pearl Condo, Kabaraye Pagoda Road, Yangon. 09-73 223777, 09-86 28878, 09-73 217110

နိုင်ငံတကာသတင်း

ဆီးရီးယားသူပုန်များဘက်မှ ပါဝင်တိုက်ခိုက်နေသည့် ဥရောပသားတစ်ဦးအား တွေ့ရစဉ်။

ဆီးရီးယားတွင် ဥရောပသားများ တိုက်ပွဲဝင်လျက်ရှိသည်ဟုဆို

လန်ဒန် ဧပြီ ၂၅

ဥရောပတိုက်သား ရာပေါင်းများစွာတို့သည် ဆီးရီးယားနိုင်ငံ၌ သူပုန်များနှင့်ပူးပေါင်း၍ သမ္မတဘာရှာအဲလ်အာဆတ်အစိုးရအဖွဲ့ကိုဆန့်ကျင်တိုက်ခိုက်လျက်ရှိကြောင်း အီးယူအကြမ်းဖက်တိုက်ဖျက်ရေးအကြီးအကဲ ဂိုလက်စ်ဒီကားချော့က ဘီဘီစီသတင်းဌာနသို့ ပြောကြားခဲ့သည်။

စိုးရိမ်နေ

ဂိုလက်စ်ဒီကားချော့က ဆီးရီးယားတွင် ဥရောပသား ၅၀၀ခန့်ရှိမည်ဟု ခန့်မှန်းသည်။ အယ်လ်ခိုင်ဒါ အဖွဲ့နှင့် ဆက်နွယ်သောအုပ်စုများတွင် ရောက်ရှိနေကြသည့် အဆိုပါဥရောပသားအချို့သည် ဥရောပသို့ ပြန်လာသည့်အခါ အကြမ်းဖက်တိုက်ခိုက်မှုများ ပြုလုပ်မည်ကို ထောက်လှမ်းရေးအဖွဲ့အစည်းများက စိုးရိမ်လျက်ရှိသည်။

ဆီးရီးယားရှိ အီးယူတိုက်ခိုက်ရေးသမားများအနက် ယူနိုက်တက်ကင်းဒမ်း၊ အိုင်ယာလန်နှင့် ပြင်သစ်နိုင်ငံသားများမှာ အများဆုံးဖြစ်ကြသည်ဟု ခန့်မှန်းသည်။

၎င်းတို့သည် နိုင်ငံမှထွက်သွားကြစဉ်က အစွန်းရောက်ဝါဒီများမဟုတ်ကြောင်း၊ ဆီးရီးယားရောက်မှ အစွန်းရောက်များအဖြစ် သိမ်းသွင်းခံရကာ လေ့ကျင့်ပေးခြင်းခံရဟန်ရှိကြောင်း မစ္စတာဒီကားချော့က ဘီဘီစီသို့ ပြောကြားသည်။

ခြိမ်းခြောက်မှုဖြစ်လာနိုင်

မိခင်နိုင်ငံသို့ ပြန်ရောက်ကြသည့်အခါ စိုးရိမ်ဖွယ်ရာကောင်းသော ခြိမ်းခြောက်မှုဖြစ်လာဖွယ်ရာရှိကြောင်း သုံးသပ်မိသည်ဟုဆိုသည်။

ဥရောပတစ်ဝန်းရှိ ထောက်လှမ်းရေးအဖွဲ့အစည်းများသည် စစ်မှန်စစ်ဆေးမှုများ တိုးမြှင့်လုပ်ဆောင်နေကြကြောင်း ဘီဘီစီသတင်းထောက်က ပြောကြားသည်။ **ဘီဘီစီ။**

လုံခြုံရေးတပ်ဖွဲ့ရပ်သိမ်းပြီးနောက် အီရတ်မြို့တစ်မြို့ကို လက်နက်ကိုင်စစ်သွေးကြွများ ထိန်းချုပ်ထား

ဘဂ္ဂဒက် ဧပြီ ၂၅

လုံခြုံရေးတပ်ဖွဲ့နှင့် တစ်ရက်တာ ပဋိပက္ခဖြစ်ပွားပြီးနောက် ဧပြီ ၂၄ရက် ညနေတွင် အီရတ်နိုင်ငံမြောက်ပိုင်း မြို့တစ်မြို့ကို စစ်သွေးကြွများက ထိန်းချုပ်ထားခဲ့သည်ဟု အီရတ်ရဲတပ်ဖွဲ့က ပြောကြားခဲ့သည်။

အီရတ်လုံခြုံရေးတပ်ဖွဲ့သည် ဘဂ္ဂဒက်မြို့မြောက်ပိုင်း ၁၇၀ကီလိုမီတာအကွာရှိ ဆူလိုင်မန်ဘက်ခ်မြို့မှ လုံးဝတပ်ရုပ်သိမ်းသွားခဲ့သည်ဟု ဒေသဆိုင်ရာရဲတပ်ဖွဲ့မှ အမည်မဖော်လိုသူတစ်ဦးက ဆင်ဟွာသတင်းဌာနသို့ ပြောကြားခဲ့သည်။

ရဟတ်ယာဉ်များဖြင့် ထောက်ကူပေးနေသော အီရတ်လုံခြုံရေးတပ်ဖွဲ့သည် အဆိုပါမြို့ကို ဧပြီ ၂၃ရက်အစောပိုင်းက ဝင်ရောက်တိုက်ခိုက်ခဲ့ကြောင်း၊ ယင်းပဋိပက္ခအတွင်း၌ လူ ၁၅ဦးထက်မနည်းသေဆုံးပြီး လူဆယ်ဂဏန်းကျော်မျှ ဒဏ်ရာရရှိခဲ့ကြောင်း၊ ထို့နောက် ညပိုင်းတွင် အဆိုပါမြို့ကို စစ်သွေးကြွများက သိမ်းယူခဲ့သည်ဟု သိရှိရသည်။

နံနက်အရုဏ်ဦးအချိန်ကတည်းက လုံခြုံရေးတပ်ဖွဲ့သည် ယင်းမြို့ကိုသိမ်းယူရန် တိုက်ပွဲများဆက်လက် ဆင်နွှဲခဲ့ရာ မိမိတို့တွင် သေဆုံးသူ သို့မဟုတ် ဒဏ်ရာရရှိသူရှိသည်ဟု ဒေသဆိုင်ရာတာဝန်ရှိသူက ဆင်ဟွာသတင်းဌာနသို့ ပြောကြားခဲ့သည်။

အဆိုပါမြို့မှ စစ်သွေးကြွများကို ရှင်းလင်းဖယ်ထုတ်နိုင်ရန် စစ်ဘက်တပ်ဖွဲ့က ကျောထောက်နောက်ခံပံ့ပိုးပေးသည့်အနေဖြင့် ရဟတ်ယာဉ်များဖြင့် မြို့လယ်သို့ ဗုံးကြဲချခဲ့သည်ဟု အဆိုပါတာဝန်ရှိသူက ထပ်မံပြောကြားခဲ့သည်။တိုက်ပွဲပြင်းထန်သဖြင့် ဒေသခံမိသားစုများကို မြို့မှ ထွက်ခွာကြရန် တိုက်တွန်းခဲ့သည်ဟု ၎င်းကပြောဆိုခဲ့သည်။ **ဆင်ဟွာ။**

မလေးရှားနိုင်ငံ ဆာဘားပြည်နယ်သို့ဝင်ရောက်ရန် ကြိုးပမ်းသည့် စစ်သွေးကြွများနှင့် တိုက်ခိုက်မှုအပြီး တွေ့ရစဉ်။

မလေးရှား ဆာဘားပြည်နယ်သို့ ဝင်ရောက်ရန် ကြိုးပမ်းသည့်စစ်သွေးကြွများ ပစ်သတ်ခံရ

ကွာလာလမ်ပူ ဧပြီ ၂၅

မလေးရှားနိုင်ငံအရှေ့ပိုင်း မြောက်ဘော်နီယိုကျွန်း ဆာဘားပြည်နယ်သို့ လက်နက်ကိုင်စစ်သွေးကြွများ ဝင်ရောက်ရန် ကြိုးပမ်းသဖြင့် ဖိလစ်ပိုင်လုံခြုံရေးကပ်ဖွဲ့က စစ်သွေးကြွအယောက် ၃၀ ကျော်ကို ပစ်သတ်ခဲ့ကြောင်း မလေးရှားကာကွယ်ရေးဝန်ကြီး အာမက်ဇာဟစ်ဟာမီဒီက ဧပြီ ၂၅ရက်တွင် ပြောကြားသည်။

၎င်းစစ်သွေးကြွများက မလေးရှားရေပိုင်နက်သို့ ဝင်ရောက်ပြီးနောက် ပြန်လှည့်ရန်ငြင်းဆန်သဖြင့် ဧပြီ ၂၄ ရက်က ဖိလစ်ပိုင်ရေတပ်ဖွဲ့နှင့် ကမ်းခြေစောင့်တပ်ဖွဲ့တို့က ပစ်ခတ်ရာ စစ်သွေးကြွ ၃၅ဦး သေဆုံးခဲ့ကြောင်း ၎င်းက ဒေသခံသတင်းသမားများအား ပြောကြားသည်။

မလေးရှားနိုင်ငံ၌ မေ ၅ ရက်တွင် ကျင်းပမည့် အထွေထွေရွေးကောက်ပွဲကို ဖျက်လိုဖျက်ဆီးလုပ်ရန် အကြံဖြင့် ၎င်းစစ်သွေးကြွများက ခိုးကြောင်ခိုးဝှက်ဝင်ရောက်ရန် ကြိုးပမ်းခြင်းဖြစ်သည်ဟု ဇာဟစ်ဟာမီဒီက ပြောကြားသည်။

ယခုနှစ် ဖေဖော်ဝါရီလအစောပိုင်းက ဖိလစ်ပိုင်တောင်ပိုင်းဒေသအခြေစိုက် စူလတန်ဆူလုက မလေးရှားနိုင်ငံ၏ ဆာဘားဒေသအား ပိုင်ဆိုင်ကြောင်းပြောကြားပြီး လက်နက်ကိုင်စစ်သွေးကြွအင်အား ၂၀၀ ခန့်ဖြင့် ဝင်ရောက်ခဲ့ပြီးနောက် ဖိလစ်ပိုင်နှင့် မလေးရှား လုံခြုံရေးကပ်ဖွဲ့များက နှစ်နိုင်ငံအကြားရှိ ရေကြောင်းနယ်နိမိတ်ထိန်းချုပ်ရေးကို ပူးတွဲတိုးမြှင့်ဆောင်ရွက်ခဲ့သည်။ **ဆင်ဟွာ။**

တမီလ်နာဒူးပြည်နယ်တွင် စီးပွားရေးဗဟိုဌာန မီးလောင် အမျိုးသမီးလေးဦး သေဆုံးပြီး လေးဦး ဒဏ်ရာရ

ကွိုင်ဘာတော ဧပြီ ၂၅

အိန္ဒိယနိုင်ငံတောင်ပိုင်း တမီလ်နာဒူးပြည်နယ် ကွိုင်ဘာတောမြို့ရှိ အထပ်များစွာဖြင့် ဖွဲ့စည်းတည်ဆောက်ထားသော စီးပွားရေးဗဟိုဌာနတွင် ဧပြီ ၂၅ရက်က မီးလောင်ကျွမ်းရာ ဘဏ်ဝန်ထမ်းအမျိုးသမီး နှစ်ဦး အပါအဝင် အမျိုးသမီးလေးဦး သေဆုံးပြီး လေးဦး ဒဏ်ရာရရှိကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

ယင်းအဆောက်အအုံတွင် ဖွင့်လှစ်ထားသော ပုဂ္ဂလိကဘဏ် အာရစ်ဇ၏ ရုံးခန်းတွင် နံနက် ၁၀ နာရီခွဲခန့်က မီးလောင်ကျွမ်းခြင်းဖြစ်ကြောင်း၊ စစ်ဘက်ဆိုင်ရာနှင့် ရေတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များအပါအဝင် မီးသတ်သမားများက ရေသယ်ကား ၁၀စီးမှ ၁၂စီးဖြင့် တစ်နာရီခွဲကျော်ကြာ မီးငြိမ်းသတ်ရကြောင်း တာဝန်ရှိပုဂ္ဂိုလ်များက ပြောကြားသည်။ မီးလောင်ကျွမ်းရာနေရာသို့ တာဝန်ရှိသူများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဒေသခံကယ်ဆယ်ရေးများ လျင်မြန်စွာရောက်ရှိလာပြီး ကယ်ဆယ်ရေးလုပ်ငန်းများ လုပ်ဆောင်ကြကြောင်း ခရိုင်စစ်ဆေးရေးမှူးတစ်ဦးက ပြောကြားသည်။ **ဆင်ဟွာ။**

ဖတ်ဖွယ်အစုံစုံ နိုင်ငံတကာသတင်းအဖုံဖုံ

ပထမဆုံးအကြိမ် ဇီဝလောင်စာသုံးလေယာဉ်ပျံသန်းမှု တရုတ်လုပ်ဆောင်

ပြန်လည်ပြုပြင်ထားသော ထင်းချက်ဆီနှင့် ဆီအုန်းတို့မှ အဓိကထုတ်လုပ်သော ဇီဝလောင်စာအသုံးပြု၍ လေယာဉ်ပျံသန်းမောင်းနှင်မှုကို ပထမဆုံးအကြိမ်အဖြစ် တရုတ်နိုင်ငံ၌ မေ ၂၄ ရက်က စတင်လုပ်ဆောင်ခဲ့ရာ အောင်မြင်မှုရရှိခဲ့ကြောင်း သိရသည်။ တရုတ်လေကြောင်းလိုင်း China Eastern Airlines မှ အဲဘတ်စ် A-320 အမျိုးအစားလေယာဉ်သည် စင်နိုပက်တမ္ပဏီမှ ထုတ်လုပ်သော ဇီဝလောင်စာအသုံးပြုကာ ၈၅ မိနစ်ကြာ ခရီးစဉ်တစ်ခုကို ပျံသန်းပြေးဆွဲပြီးနောက် ရှန်ဟိုင်းလေဆိပ်၌ အောင်မြင်စွာ ဆင်းသက်နိုင်ခဲ့ကြောင်း ဆင်ဟွာသတင်းဌာန၏ အဆိုအရ သိရသည်။ လေယာဉ်သုံးဇီဝလောင်စာထုတ်လုပ်ခဲ့သည့် အမေရိကန်၊ ပြင်သစ်၊ ဖင်လန်နိုင်ငံတို့နောက်တွင် လေးနိုင်ငံမြောက်အဖြစ် တရုတ်နိုင်ငံရပ်တည်လာနိုင်ခဲ့ကြောင်း၊ လာမည့် ၂၀၂၀ ခုနှစ်အတွင်း လေကြောင်းခရီးစဉ် ပျံသန်းမှုအားလုံး၏ ၃၀ ရာခိုင်နှုန်းမှာ ဇီဝလောင်စာသုံး လေယာဉ်များဖြစ်လာမည်ဖြစ်ကြောင်း အပြည်ပြည်ဆိုင်ရာလေကြောင်းပို့ဆောင်ရေးအဖွဲ့၏ အဆိုအရ သိရသည်။

စပိန်၌ အလုပ်လက်မဲ့နှုန်း စံချိန်တင်မြင့်တက်

၂၀၁၃ ခုနှစ် ပထမသုံးလတာကာလအတွင်း စပိန်နိုင်ငံ၏ အလုပ်လက်မဲ့ဦးရေနှုန်းမှာ စံချိန်တင်မြင့်တက်ခဲ့ပြီး ရာခိုင်နှုန်းအားဖြင့် ၂၇ ဒသမ ၂ ရာခိုင်နှုန်းရှိကြောင်း အစိုးရဌာနမှ ထုတ်ပြန်သည့် ကိန်းဂဏန်းများအရ သိရသည်။ စပိန်နိုင်ငံအတွင်း လွန်ခဲ့သည့် ငါးနှစ်တာကာလမှ စတင်အဖြစ်တွယ်ခဲ့သော စီးပွားရေးပျက်ကပ်ကြောင့် အလုပ်အကိုင်အခွင့်အလမ်းများ ရှားပါးလာခဲ့ရပြီး ယခုနှစ် ပထမသုံးလတာကာလအတွင်း အလုပ်လက်မဲ့ဦးရေမှာ ခြောက်သန်းကျော်ရှိလာပြီဖြစ်ကြောင်း သိရသည်။ ယင်းအရေအတွက်သည် ၁၉၇၆ ခုနှစ်ကတည်းက စတင်ခဲ့သည့် နှုန်းများအနက် အမြင့်ဆုံးဖြစ်ကြောင်းလည်း ဆိုသည်။

သွေးအတွင်း သကြားဓာတ်မြင့်မားမှုနှင့် ကင်ဆာဖြစ်နိုင်ခြေလျှော့ချပေးနိုင်သည့် သရက်သီး

သရက်သီးတွင် အဝလွန်သူများ၏ သွေးအတွင်း သကြားဓာတ်မြင့်မားနေမှုနှုန်းနှင့် ကင်ဆာရောဂါဖြစ်ပွားနိုင်မှုနှုန်းကို လျှော့ချပေးနိုင်သည့် အစွမ်းအာနိသင်များရှိကြောင်း အမေရိကန်နိုင်ငံ အိုကလာဟိုးမားပြည်နယ်တက္ကသိုလ်မှ သုတေသီများက မကြာသေးမီကာလအတွင်းက မှတ်ချက်ပြုခဲ့ကြသည်။ လတ်ဆတ်သော သရက်သီး ၁၀၀ ဂရမ် (၃ ဒသမ ၅ အောင်စ)ကို နေ့စဉ်ဖြည့်စွက်အစားအစာအနေဖြင့် စားသုံးပါက အဝလွန်သူများ၏ သွေးအတွင်း သကြားဓာတ်ပမာဏမြင့်မားနေမှုနှုန်းကို လျှော့ချပေးနိုင်ပြီး ကင်ဆာဖြစ်ပွားနိုင်ခြေကိုလည်း လျှော့ပါးစေနိုင်ကြောင်း ၎င်းတို့ကဆိုသည်။

ကမ္ဘောဒီးယားနှင့်ဥရုဂွေး ဗီဇာကင်းလွတ်ခွင့်သဘောတူညီ

သံတမန်ရေးရာနှင့်အစိုးရပိုင်းဆိုင်ရာ နိုင်ငံကူးလက်မှတ်ကိုင်ဆောင်သူများအား ဗီဇာကင်းလွတ်ခွင့်ပေးရေးကိစ္စနှင့်ပတ်သက်၍ ကမ္ဘောဒီးယားနှင့် ဥရုဂွေးနိုင်ငံတို့ သဘောတူစာချုပ်တစ်ရပ်ကို မေ ၂၅ ရက်တွင် ချုပ်ဆိုလက်မှတ်ရေးထိုးခဲ့ကြောင်း အစိုးရတာဝန်ရှိသူများက ဆိုသည်။ ယင်းစာချုပ်ချုပ်ဆိုမှု၏ ရည်ရွယ်ချက်မှာ သံတမန်ရေးရာ၊ အစိုးရပိုင်းဆိုင်ရာနှင့် စီးပွားရေးလုပ်ငန်းရှင်များနှစ်နိုင်ငံအကြား လွယ်ကူဝွင့်လင်းစွာ ဆက်သွယ်သွားလာနိုင်ရေးအတွက်ဖြစ်ကြောင်း သိရသည်။ အဆိုပါ စာချုပ်ချုပ်ဆိုမှုကို ကမ္ဘောဒီးယားနိုင်ငံခြားရေးဝန်ကြီးဌာနမှ ပြည်နယ်အတွင်းရေးမှူးလောင်း ဗစ်စထိုနှင့် မလေးရှားအခြေစိုက် ဥရုဂွေးသံရုံးမှ သံအမတ် ဂီရာဒိုဂွက်ဇ်တို့ ကမ္ဘောဒီးယားနိုင်ငံတွင် ထုပ်ဆောင်ခဲ့ကြခြင်းဖြစ်သည်။

ဟိန်းထက်လင်း - စုစည်းရေးသားသည်

ရခိုင်ပြည်နယ်၌ ယာယီပြန်လည်နေရာချထားရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ရေး ညှိနှိုင်းစည်းဝေး

နေပြည်တော် မေ ၂၅

ရခိုင်ပြည်နယ်အတွင်းနေထိုင်သော ဘင်္ဂါလီလူမျိုးများအား အိမ်ထောင်စုလူဦးရေစာရင်းစစ်ဆေးရေး(ဆွဲ၊ တင်၊ စစ်) လုပ်ငန်းစီမံချက်နှင့် စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးကို မေ ၂၄ ရက် နံနက် ၈ နာရီခွဲတွင် ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးလှမောင်တင်က ပြည်နယ်အတွင်း ပဋိပက္ခဖြစ်ပွားခဲ့သည့် မြို့နယ်များရှိ ကယ်ဆယ်ရေးစခန်းများတွင် နေထိုင်လျက်ရှိသည့် ဒုက္ခသည်များအား မိုးမကျမီအချိန်မီ အမိုးအကာအောက်ရောက်ရှိနေထိုင်နိုင်ရေး၊ သောက်သုံးရေ လုံလောက်စွာရရှိရေး၊ ကျန်းမာရေး စောင့်ရှောက်မှု အပြည့်အဝရရှိရေး၊ ဒုက္ခသည်များအတွက် လိုအပ်သော ယာယီကယ်ဆယ်ရေးအဆောက်အအုံများ အချိန်မီပြီးစီးရေး၊ ပြန်လည်နေရာချထားရေးနှင့် ပြန်လည်ထူထောင်ရေးဆိုင်ရာကိစ္စရပ်များ အချိန်မီဆောင်ရွက်ကြရေး မှာကြားသည်။

ပြည်နယ်ဝန်ကြီးချုပ်သည် မွန်းလွဲပိုင်းတွင်ကျင်းပသည့် ယာယီကယ်ဆယ်ရေး အဆောက်အအုံများ ဆောက်လုပ်ရေးနှင့် ပြန်လည်နေရာချထားရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေးတွင်လည်း လုပ်ငန်းလိုအပ်ချက်များကို မှာကြားခဲ့ကြောင်း သိရှိရသည်။

(သတင်းစဉ်)



မူဆယ်မြို့ ရွှေသမင်လမ်းဆုံတွင် ရေပန်းအဝိုင်းပြုလုပ်ထားမှုကို တွေ့ရစဉ်။

(အယ်လ်စိုး)

စားသုံးမှုအပြောင်းအလဲကြောင့် ကြက်သားဈေးအနည်းငယ်ကျဆင်း

ရန်ကုန် မေ ၂၅

ရန်ကုန်မြို့ရှိ ကြက်သားဈေးကွက်တွင် အသားတိုးကြက်မှာ သင်္ကြန်မတိုင်ခင်ကာလ ဈေးနှုန်းအောက်ပြန်လည်ကျဆင်းလာကြောင်း မေ ၂၃ရက်တွင် ပြုလုပ်သည့် သားငါးကဏ္ဍဆိုင်ရာ လုပ်ငန်းရှင်များ ပုံမှန်တွေ့ဆုံပွဲမှ သိရသည်။

ထိုသင်္ကြန်မတိုင်ခင်ကာလ ကြက်၊ ဘဲဒိုင်များတွင် အသားတိုးကြက်ခြံဖမ်းဈေးမှာ တစ်ပိဿာလျှင် ငွေကျပ် ၃၅၀၀ ပေါက်ဈေးရှိခဲ့သော်လည်း ယခု ကျပ် ၃၀၀၀ ဝန်းကျင်သို့ကျဆင်းလာခြင်းလည်းဖြစ်သည်။

"သင်္ကြန်မတိုင်ခင် ဟိုဘက်ပိုင်းမှာက ကမ္ဘာလှည့်ဧည့်သည်တွေများကြတာဖြစ်သလို စားသုံးမှုလည်းများတယ်၊ သင်္ကြန်ကာလမှာ ကမ္ဘာလှည့်ခရီးသည်ဝင်တာ အရင်လိုမများတဲ့ကာလဖြစ်တာရယ်၊ ဥပုသ်သီတင်းစောင့်တာတွေ၊ သက်သတ်လွတ်စားတာတွေကြောင့်လည်း စားသုံးမှုလျော့ဖြီး ဈေးနှုန်းအခုလို အနည်းငယ်ပြန်ကျတာဖြစ်ပါတယ်"ဟု မြန်မာနိုင်ငံမွေးမြူရေးအဖွဲ့ချုပ်မှ တာဝန်ရှိသူတစ်ဦးက သုံးသပ်ပြောကြားခဲ့သည်။

သို့ရာတွင် လက်ထဲဈေးကွက်များတွင် ကြက်သားဈေးမှာ ကျဆင်းမှုမရှိသလောက် ဖြစ်နေကြောင်းကိုလည်း စုံစမ်းသိရှိရသည်။ကြက်ဥ၊ ဘဲဥများမှာလည်း သင်္ကြန်မတိုင်ခင်ကာလက ကြက်ဥတစ်လုံး ကျပ် ၉၀၊ ဘဲဥတစ်လုံး ၈၅ ကျပ်ရှိခဲ့ရာ ယခုအခါ အလုံးအရွယ်အစားပေါ်မူတည်၍ ကြက်ဥတစ်လုံးလျှင် ၈၅ ကျပ်မှ ကျပ် ၉၀ ကြား၊ ဘဲဥတစ်လုံးလျှင် ငွေ ၉၄ ကျပ်မှ ၉၅ ကျပ်ကြား ဝသည်ဖြင့် အရောင်းဒိုင်များက ရောင်းချနေကြခြင်းဖြစ်ကြောင်း သိရသည်။

ထက်ခိုင်(စမ်းချောင်း)

သီရိမင်္ဂလာဈေး၌ လုပ်ဖော်ကိုင်ဖက်ချင်း စကားများ အိတ်ချုပ်အပ်ဖြင့်ထိုး၍ ဆေးရုံရောက်

ရန်ကုန် မေ ၂၅

လှိုင်မြို့နယ် ပိတောက်ချောင်းရဲစခန်းအပိုင် သီရိမင်္ဂလာဈေးသစ်တွင် လုပ်ဖော်ကိုင်ဖက်အချင်းချင်း စကားများရန်ဖြစ်ရာမှ အိတ်ချုပ်သည့်အပ်ကြီးနှစ်ချောင်းဖြင့် ထိုးလိုက်ရာ အမျိုးသားနှစ်ဦး ရန်ကုန်ဆေးရုံကြီးတွင် အတွင်းလူနာအဖြစ် ကုသရသော အမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မေ ၁၈ ရက် ညနေ ၄ နာရီခန့်တွင် လှိုင်မြို့နယ် ပိတောက်ချောင်းရဲစခန်းအပိုင်ရှိ သီရိမင်္ဂလာဈေးသစ် ဂေါ်ဇီဈေးတန်း၌ လုပ်ဖော်ကိုင်ဖက်အချင်းချင်း စကားများရန်ဖြစ်ရာမှ ထရင်(ခ)တင်မောင်က အရှည် ၁၀ လက်မခန့်ရှိ အိတ်ချုပ်သည့်အပ်ကြီးနှစ်ချောင်းဖြင့် အောင်စည်မိုးအား ထိုးလိုက်ရာ ခန္ဓာကိုယ်၏ ဝဲဘက်နောက်ကျော ထိုးသွင်းဒဏ်ရာနှစ်ချက်၊ ဦးခေါင်းနောက်စေ့ပေါက်ပြဲဒဏ်ရာတစ်ချက်၊ အောင်ကျော်မိုးတွင် ဝဲဘက်လက်မောင်း ထိုးသွင်းဒဏ်ရာနှစ်ချက်တို့ ရရှိသွားသဖြင့် အိတ်ချုပ်အပ်အကြီးနှစ်ချောင်းဖြင့်ထိုးသူ ကရင်(ခ)တင်မောင်(၃၆)နှစ် ရမည်းသင်းလမ်း ၁၆ ရပ်ကွက် ထိုင်သာယာမြို့နယ်နေသူအား ပိတောက်ချောင်းရဲစခန်းက (ဝ)၉၈/၂၀၁၃၊ ပြစ်မှုပုဒ်မ ၃၂၆ ဖြင့် အမှုဖွင့်လှစ်၍ ဒု-ရဲအုပ်အောင်နိုင်ဦးက စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။

(ဇော်ကြီး-ပဏ္ဍိတ)

တန် ဖိုး ရှိ လှ လှ ငယ် ဘ ဝ မှုး ယစ် တင်း စင် ကျန်း မာ မှ

MRTV-4 ရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၂၆-၄-၂၀၁၃(သောကြာနေ့)

- ၅း၄၀ "မွေစကြာ"တရားတော် (ညောင်ကန်ဆရာတော် အရှင်ပညာမွောဘိဝံသ)
- ၁၀း၅၅ Foot & De'cor
- ၅း၁၀ Minute to Win It
- ၆း၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မင်းမရှိလို့မဖြစ်"(အပိုင်း-၄၃)
- ၇း၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နေလဆံရာ ရွှေဖူးစာ"(အပိုင်း-၈)
- ၈း၂၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လေညင်းလေးရဲ့ ချော့ရွှင်မှု" (အပိုင်း-၈၇)
- ၉း၂၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ချစ်ခြင်းမှ ပေးစွမ်းသော" (အပိုင်း-၃၀)

PUN HLAING HOSPITAL

အလှအပနှင့်အရေပြားဆိုင်ရာခွဲစိတ်ကုသမှုအထူးအစီအစဉ်

ကိုရီးယားမင်းသမီးတွေလိုလှပဖို့အတွက်ကိုရီးယားနိုင်ငံသွားစရာမလိုတော့ပါ...

ကိုရီးယားသရုပ်ဆောင်များကိုခွဲစိတ်ကုသပေးနေသော ကိုရီးယားနိုင်ငံမှအလှအပနှင့်အရေပြားဆိုင်ရာ

ခွဲစိတ်အထူးကုဆရာဝန်ကြီး ကိုယ်တိုင် မေလ (၄) ရက်နေ့မှ (၆) ရက်နေ့အထိ

ပန်းလှိုင်ဆေးရုံကြီးတွင်လာရောက်ခွဲစိတ်ကုသပေးမည်ဖြစ်ကြောင်းသတင်းကောင်းပါးအပ်ပါသည်။

မဏိပူရ(ရ်) အမှတ်တရ

ငွေးအောင် - ခရီးသွား

လွန်ခဲ့သည့် မတ်လအတွင်းက အချိန်တိုအတွင်း ပြည်နယ်သုံးခုကို ရောက်ဖြစ်ခဲ့သည်။ ပထမဆုံး ကယားလွင်ပြင်ကိုရောက်သည်။ နယ်မြေ အေးချမ်းလာသည်နှင့်အမျှ စီးပွားရေးနှင့်လူမှုရေးဖွံ့ဖြိုးမှုလုပ်ငန်းများ တာစ လာသည်။ ထို့အတွက် ဒေသအတွင်း စီးပွားရေးလုပ်ငန်းများသာမက နယ်စပ် ကုန်သွယ်ရေးလုပ်ငန်းများ အကောင်အထည်ဖော်ရန် စီစဉ်ကြသည်။ ကုန်သွယ် ရေးနှင့်အတူ ခရီးသွားလုပ်ငန်းက ယှဉ်တွဲဝါလာသည်။ ယခုအခါ ကယား ပြည်နယ်အတွင်း ပြည်မကတစ်ဆင့် သွားလာလည်ပတ်မှုကို သာမန်ခရီးစဉ်များ နည်းတူ ဖွင့်လှစ်လိုက်ပြီဖြစ်သဖြင့် နိုင်ငံခြားဧည့်သည်ဝင်ရောက်မှု ပိုမိုတိုးတက် များပြားလာမှာ သေချာသည်။ သူတို့ ကြာကြာနေအောင် ဆွဲဆောင်နိုင်မှုသာ လိုတော့သည်။

ထိုမှတစ်ဆင့် မွန်ပြည်နယ်ရှိ ကျိုက်ထီးရိုးစေတီတော်မြတ်ကို ဖူးမြော် ကြည်ညိုခွင့်ရခဲ့သည်။ ပွင့်လင်းရာသီဖြစ်၍ ဘုရားရင်ပြင်ပေါ်တွင် ပြည်တွင်း ပြည်ပဧည့်သည်များ စည်ကားလျက်ရှိ၏။ ဘုရားကအပြန် ဇွဲကပင်မြေကို ရောက်ခဲ့သည်။ ယင်းနေရာမှ မြပတီကို သွားရောက်လေ့လာကြသည်။ ဤနေရာတွင် နယ်စပ်ကုန်သွယ်ရေးလုပ်ငန်း အထိုက်အလျောက် ဖွံ့ဖြိုးမှုရှိ သည်။ ယခုအခါ ပြည်တွင်းငြိမ်းချမ်းမှု အရှိန်အဟုန်ကောင်းလာသည့်အတွက် ခရီးသွားလုပ်ငန်းကို စတင်အကောင်အထည်ဖော်ရန် စိုင်းပြင်းလျက်ရှိသည်။ မဟာမဲခေါင်ဒေသအတွင်း အာရှဖွံ့ဖြိုးရေးဘဏ်၏ စကြံလပ်းစီမံကိန်းများ မြန်မာနိုင်ငံအတွင်း အမြန်စတင်နိုင်လျှင် လမ်းပန်းဆက်သွယ်ရေး ပိုမိုတိုးတက် ကောင်းမွန်လာမည်ဖြစ်ရာ စီးပွားရေးလုပ်ငန်းများအားလုံး ကဏ္ဍအလိုက် ဖွံ့ဖြိုးလာမည်ဖြစ်သည်။

ဤခရီးကအပြန် နှစ်ပတ်ခန့်အကြာတွင် ချင်းပြည်နယ်ကိုသွားရန် စီစဉ် ဖြစ်ခဲ့သည်။ မနှစ်က ဟားခါးဘက်သွားရန်စီစဉ်ပြီးမှ အကြောင်းမညီညွတ်၍ ဌာနမှ ညွှန်ကြားရေးမှူးနှင့် ခရီးသွားလုပ်ငန်းရှင်အချို့ကို လေ့လာရန် စေလွှတ်ခဲ့ရသည်။ ယခုအခေါက်တွင်မူ အခက်အခဲမရှိ လွတ်လပ်စွာ စီစဉ်နိုင် ခဲ့သည်။

မြန်မာ့လေကြောင်းမှ အေတီအာရ် ၇၂ လေယာဉ်သည် မန္တလေးမှတက် လာပြီး ၄၅ မိနစ်ခန့်အကြာတွင် ကလေးချိုင့်ဝမ်းအတွင်းသို့ ပဲပုံဆင်းသက်သည်။ လေယာဉ်ပေါ်မှ ပန်စည်စလယ်များချပြီးနောက် ကျွန်တော်တို့ကို လာကြိုသော ချင်းပြည်နယ်စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးရမ်မန်းနှင့်အတူ တောင်ပေါ်သို့ မော်တော်ယာဉ်ဖြင့် တက်လာခဲ့ကြသည်။ အချိန်က ညနေ ၃ နာရီခန့်ရှိပြီး ကလေးမြို့မှအထွက် ၉ မိုင်သည် မြေပြန့်လွင်ပြင်ဖြစ်သည်။ ထို့နောက် ကွှန်းစိုက်ခင်းများကိုဖြတ်လျက် ကတ္တရာလမ်းအတိုင်း တောင်ကြောပေါ်သို့ စတက်ဖြစ်သည်။ ၄၅ မိနစ်ခန့်အကြာတွင် မြင်ကွင်းမှာ သိသိသာသာပြောင်းလဲ သွားသည်။ တောင်ခိုးဝေဝေ မြူခြေဆိုင်းဆိုင်းနှင့် ချင်းတောင်တန်းကို စတင် မြင်လာရသည်။

တောင်ဝေါ်လမ်းအတိုင်း ကွေ့ကာဝိုက်ကာဖြင့် ခရီးဆက်ခဲ့ရာ ညီအစ်ကို မသိတသိအချိန်တွင် ကြားစခန်း သိုင်းငင်းသို့ ရောက်သည်။ ဆောက်လုပ်ရေး ဘိုတဲတွင် ခဏဝင်နားစဉ် စစ်မော်တော်ယာဉ်များတွေ့သဖြင့် စုံစမ်းကြည့်ရာ နယ်လှည့်ဆေးကုသရေးအဖွဲ့ ရောက်ရှိနေကြောင်း သိရသည်။ သိုင်းငင်းသည် ဖလမ်း၊ ဟားခါးနှင့် တီးတိန်-ရိဒ်လမ်းဆုံစခန်းဖြစ်သည်။

လမ်းခရီးရှိ လူဘန်းရွာကိုရောက်တော့ မိုးစပ်စပ်ချုပ်ပြီ။ ထိုနေရာက စတင်၍ ကားမှာ တောင်အောက်သို့ ကွေ့ကာဝိုက်ကာနှင့် ဆင်းလာသည်။ မကြာမီ ရေစီးသံကြားရသည့်အတွက် တောင်ခြေသို့ရောက်ခါနီးပြီဖြစ်ကြောင်း သတိပြုမိလိုက်သည်။ ၁၀ မိနစ်ခန့်အကြာတွင် ကျွန်တော်တို့ ဗားရိတံတားကို ဖြတ်ကူးကြသည်။ တံတားအောက်တွင် မဏိပူရ (ရ်)ရှိသည်။ ငယ်စဉ်က ဖတ်စာအုပ်ထဲတွင် အာသံ၊ မဏိပူရ(ရ်)နှင့် ပတ်ကိုင်တောင်များအကြောင်း ကျက်မှတ်ခဲ့ရသည်။ အမှတ်များ၍လားမပြောတတ်ပေ။ ကျွန်တော်နားထဲတွင် မဏိပူရသာစွဲထင်ခဲ့သည်။ အင်္ဂလိပ်တို့က Manipur ဟု ရေးခဲ့၏။ ပူရနှင့် ပူရ် မည်သည့်စကားလုံး မှန်သည်မှားသည်ကို ကျွန်တော်မပြောလိုပါ။ ဤနေရာတွင် ယာဉ်ရပ်နားစခန်းလည်းရှိသည်။ ရောင်းစယ်ဖောက်ကားမှထက် ကားများစခန်းချရပ်နားကြသည့်အတွက် ဈေးဆိုင်ငယ်များကိုလည်း တွေ့ရ သည်။ လျှပ်စစ်မီးလည်းရှိသည်။ ကျွန်တော်တို့ ဗားရိစခန်းတွင် မနားတော့ဘဲ ဆက်လက်ထွက်လာခဲ့ရာ ဖလမ်းရောက်တော့ ည ၉ နာရီထိုးတော့မည်။ တောင်ဇလပ်ရိပ်သာတွင် မြို့နယ်အုပ်ချုပ်ရေးမှူးနှင့်အဖွဲ့က ကြိုဆိုပြီး နွားနောက်သားဖြင့် စတင်ဧည့်ခံသဖြင့် ညစာကို အားပါးတရစားဖြစ်ကြသည်။ ထိုညက ခရီးပန်းလာသဖြင့် စောစောအိပ်ရာဝင်ခဲ့ကြသည်။

ဒုတိယနေ့နံနက်တွင် ထမင်းကြော်နှင့် ကော်ဖီသောက်ပြီး မြို့တွင်းကို မော်တော်ယာဉ်ဖြင့် လှည့်လည်ကြည့်ရှုကြသည်။ အထက်တန်းကျောင်း တစ်ကျောင်းရှိသည်။ ခရစ်ယာန်ဘုရားကျောင်းကို တောင်ကုန်းထက်တွင် လှမ်းမြင်ရသည်။ ဆုတောင်းပြည့်ဘုရားကို ဖူးမြော်စဉ် ပြည်နယ်စီမံကိန်းနှင့် စီးပွားရေးဝန်ကြီးက မြို့၏ဖွံ့ဖြိုးတိုးတက်မှုနှင့် ပတ်ပန်းကျင်တောင်ကြောများ၏ ဝထဝီအသွင်အပြင်ကို ရှင်းပြသည်။ တောင်ကြောများမှာ ဝေးသီမြင့်မားသကဲ့သို့ ချောက်ကမ်းပါးများမှာလည်း မတ်စောက်နက်ရှိုင်းလှသည်။ ကျွန်တော်တို့ ရောက်နေသော ဘုရားကုန်းသည် ဖလမ်းမြို့တစ်ဝိုက်တွင် အမြင့်ဆုံးနေရာ ဖြစ်သဖြင့် လေကကြမ်းပြီး ရာသီဥတုမှာ ချမ်းအေးလှသည်။ ထို့နောက် ဖလမ်းမှ ဟားခါးသို့ ဆက်လက်ထွက်ခွာခဲ့ကြသည်။

မတ်စောက်သောတောင်ပေါ်ကားလမ်းဖြစ်သဖြင့် လမ်းကကျဉ်းသည်။ ကားနှစ်စီးပြိုင်မောင်းနိုင်သော အကျယ်အဝန်းမရှိ၊ ကားလပ်း၏ တစ်ဖက် သည် တောင်ကြောဖြစ်ပြီး အခြားတစ်ဖက်မှာ မတ်စောက်သော ချောက်ကမ်း ပါးဖြစ်သည်။ တောင်များတွင် ကျောက်တုံးကျောက်ခဲများသော်လည်း အချို့ နေရာတွင် မြေသားပုသဖြင့် အလွယ်တကူ တောင်ပြိုနိုင်သည့် အနေအထားရှိ သည်။ ထို့အတွက် လမ်းကြောတစ်လျှောက် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ လမ်းကြိတ်စက်၊ မြေထိုးစက်နှင့် မြေကော်စက်ကြီးများ လှုပ်ရှားနေသည်ကို တွေ့ရသည်။

ကျွန်တော်တို့အဖွဲ့တောင်ကြောအတိုင်းလာရာလမ်းတစ်လျှောက် အချို့ ချောက်ကမ်းပါးအစပ်တွင် ကျောက်တိုင်လေးများကို သတိပြုမိခဲ့သည်။ တစ်နေရာတွင် ရှေ့ကကားရပ်သဖြင့် ကျွန်တော်တို့လည်းရပ်ကာ ကားပေါ်မှ ဆင်းဖြစ်ခဲ့သည်။ ပြည်နယ်ဝန်ကြီးက ကျွန်တော်တို့အား လမ်းဘေးရှိ ကျောက်တိုင် နှစ်တိုင်ရှိရာသို့ ခေါ်သွားပြီး "ဒီကျောက်တိုင်က ကွတ်ခိုင်ဘက်မှာ ကျသွားတဲ့ တပ်ကြပ်တစ်ယောက်ကို ကန်ခဲ့တဲ့မိသားစုက ဆုတောင်းပွဲလုပ်ပြီး သူ့အတွက် အမှတ်တရကျောက်တိုင်စိုက်ထူခဲ့တာ၊ ၁၉၆၈ ခုနှစ်ကပေါ့။ ဟိုဘက်ကကျောက် တိုင်ကတော့ ရဲဘော်တစ်ယောက် ရှမ်းပြည်ဘက်မှာကျသွားလို့ သူ့မိသားစုက စိုက်ခဲ့တာ၊ ကျွန်တော်တို့ရဲ့ဓလေ့တစ်ခုပဲလေ၊ ရပ်ဝေးတစ်နယ်တကျေးမှာ အလုပ်လုပ်ရင်း သေဆုံးသွားတဲ့မိသားစုဝင်တွေကိုလည်း ဒီလိုပဲ အမှတ်တရ ကျောက်တိုင်တွေ စိုက်ထူလေ့ရှိပါတယ်"။

သူပြောတာမှန်ပါသည်။ ထို့အတွက် ဖလမ်းကထွက်လာသည့် လမ်းတစ် လျှောက် မြေနေရာဖြန့်ပြူးပြီး သွားသာလာသာရှိသည့်နေရာများတွင် ဤ အမှတ်တရ ကျောက်တိုင်လေးများကို ကျွန်တော်သတိပြုမိခြင်းဖြစ်သည်။ အောက်မေ့လွမ်းဆွတ်ဖွယ် ဓလေ့စရိုက်တစ်ခုပါတကား။

ဖလမ်းနှင့်ဟားခါးမှာ ၄၃ မိုင်ခန့်ပေးပြီး ကားမောင်းချိန်နှစ်နာရီခွဲခန့် သာကြာသဖြင့် နေ့လယ်စာမစားမီ ကျွန်တော်တို့ဟားခါးကိုရောက်ကြသည်။ ပြည်နယ်ဧည့်ရိပ်သာတွင် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့က ကြိုဆိုကြသည်။ မွန်းလွဲပိုင်းတွင်သက်ဆိုင်ရာပုဂ္ဂိုလ်များနှင့် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးရေးအတွက် ညှိနှိုင်းဆွေးနွေးကြသည်။ ယခုအခါ ချင်းပြည်နယ်အတွင်းရှိ မြို့များသို့ လည်ပတ် လိုပါက ကြိုတင်ခွင့်ပြုချက်ရယူရန်မလိုအပ်ဘဲ နိုင်ငံခြားသားဧည့်သည်များ လွတ်လပ်စွာသွားလာနိုင်ပြီဖြစ်သည်။ မြို့ပြင်ကျေးလက်ဒေသများသို့ သွား ရောက်လိုပါက ပြည်နယ်အစိုးရထံခွင့်ပြုချက်ယူ၍ သွားလာနိုင်သည်။ ထို့အတွက် နိုင်ငံခြားသားဧည့်သည်များသာမက ပြည်ဝရောက် ချင်းတိုင်းရင်း သားများအတွက် အမိမြေမှ ဆွေမျိုးသားချင်းမိသားစုများနှင့် တွေ့ဆုံရန် အဆင်ပြေသွားပြီ ဖြစ်သည်။ ကမ္ဘာလှည့်ခရီးစဉ်အမျိုးအစားများတွင် ယင်းသို့ ဆွေမျိုးသားချင်းများနှင့်တွေ့ဆုံသည့်ဈေးကွက် (Visit Friends & Relatives) သည်လည်း တစ်ခန်းတစ်ကဏ္ဍအဖြစ် ရပ်တည်လျက်ရှိရာ နောင်တွင် မြန်မာ နိုင်ငံ၌ ယင်းဈေးကွက်ဖွံ့ဖြိုးတိုးတက်ရန် အလားအလာရှိပေသည်။

ခရီးစဉ်တစ်လျှောက် လေ့လာကြည့်ရှုရာတွင် ချင်းတိုင်းရင်းသားများ၏ အိမ်များသည် လမ်းဘေးချောက်ကမ်းပါးကို အမြေခံ၍ မြေတံရှည်ပံစံအိမ်များဖြင့် စဖွဲ့ထားသည်ကို သတိပြုမိသည်။ မြေပြန့်ပိုင်းတွင် တစ်သီးတခြား စဖွဲ့ထားခြင်း မျိုး နည်းပါးသည်။ ထို့အတွက် မြို့လပ်း၊ ရွာလမ်းတို့၏ ဘေးတစ်ဖက်တည်းတွင် စီတန်း၍ တွေ့နိုင်သည်။ ချင်းပြည်နယ်သည် ပြည်မနှင့်အလှမ်းကွာပေးပြီး လမ်းပန်းဆက်သွယ်ရေး ခက်ခဲသဖြင့် သာမန်အားဖြင့် လူနေမှုဘဝဆင်းရဲမည် ထင်ခဲ့သော ကျွန်တော့်အတွေးသည် မျက်ဝါးထင်ထင်တွေ့မြင်ရသည့်အခါ အထင်နှင့်အမြင် လွဲမှားကြောင်း သုံးသပ်မိသည်။ မိသားစုများသည် ကောင်းစွာ နေထိုင်စားသောက်လုပ်ကိုင်လျက်ရှိသည်။ အကြောင်းမှာ မိသားစုများတွင် အရွယ်ရောက်သူတစ်ဦးမှာ ပြည်ပတွင်ရှိနေတတ်ကြသည်။ သူတို့က ကျန်ရစ်သူ မိသားစုများကို ပြန်လည်ထောက်ပံ့မြင်းဖြင့် ဤမှာဘက်တွင် ကောင်းမွန်စွာနေထိုင် နိုင်ခြင်းဖြစ်သည်။

အစည်းအဝေးတွင် ခရီးစဉ်ဒေသဖွံ့ဖြိုးရေးအတွက် အစိုးရနပ် ပဂ္ဂလိက တို့ ဝူးပေါင်းလုပ်ကိုင်ရန် လိုအပ်သည်များ ဆွေးနွေးကြပြီးနောက် မြို့ပေါ်ရှိ ပြကွင်းပြကွက်များကို ပြည်နယ်ဝန်ကြီးက လိုက်ပြသည်။ ထိုစဉ် ရှုခင်းသာ တောင်ကုန်းပေါ်မှမြို့အလှကို ကြည့်ရှုရင်း ဟားခါးမြို့ ခွာရဲကျောင်း တောင်တန်း သာသနာပြုဆရာတော် ဦးသီရိန္ဒ၏ရုပ်ကြွင်းကို ထူးခြားစွာ ဦးခိုက်ကြည်ညိုခွင့် ရခဲ့သည်။ ဆရာတော်ကြီးသည် ၂၀၀၄ ခုနှစ်က ပျံလွန်တော်မူခဲ့ရာ ကျောက်ဖြစ် ရုပ်ကြွင်းအဖြစ် ယခုတိုင် မပျက်မယွင်းတွေ့မြင်ရသည်။ ဟိုးအဝေးအနိမ့်ပိုင်း တွင် ပြည်နယ်ဂေါက်ကွင်းရှိရာ ဤအရပ်ဒေသတွင် ဂေါက်သီးရိုက်ကစားရန် သက်လုံအထူးကောင်းမွန်ရန် လိုအပ်မည်ဟုသုံးသပ်မိသည်။ ထိုမှတစ်ဆင့် ယဉ်ကျေးမှုပြတိုက်ရှိ ရိုးရာလေ့အသုံးအဆောင်များနှင့် သမိုင်းမှတ်တမ်းများကို ကြည့်ရှု လေ့လာခွင့်ရရှိခဲ့သည်။ ညနေပိုင်းတွင် ဟားခါးမှ ထန်တလန်သို့သွားသည့် လမ်းကြောင်းပေါ်ရှိ အပန်းဖြေစခန်းကို သွားရောက်ကြည့်ရှုခဲ့သည်။ ဤစခန်း သည် ဟားခါးမှ ထွက်လာပြီး အနိမ့်ပိုင်း သိမစ်ချောင်း နံဘေးတွင်ရှိသည်။ မြို့ပေါ်မှ အပျော်ခရီးလာသူများသည် ဤနေရာသို့ မော်တော်ဆိုင်ကယ်များ၊ ကားကြီး၊ ကားငယ်များဖြင့် လာရောက်ကြလေ့ရှိ၏။ လူငယ်လူရွယ်များဖြစ်ပြီး ပျော်ပွဲစားထွက်ကြခြင်းဖြစ်သည်။ အတီးအမှုတ်များနှင့် ဆိုကြ၊ ကကြ ပျော်မြူး ကြသည်။

ကျွန်တော်တို့ ရောက်သည့်ချိန်တွင် ပတ်စာခွာ ဖျာသိမ်းနေပြီဖြစ်၍ ရောက်တန်းရောက်ခိုက် သူတို့နှင့် စကားပြောရင်း အမှတ်တရဓာတ်ပုံရိုက်ကာ ပြန်လာခဲ့ကြသည်။ ထိုညက ပြည်နယ်ရိပ်သာတွင် ညအိပ်ဖြစ်ကြသည်။ ဤရိပ် သာမှာ ဟားခါးတွင် အကောင်းဆုံးရိပ်သာတစ်ခုဖြစ်ကြောင်း မြင်ရုံနှင့် သိသာ သည်။ လက်ရာကောင်းပြီး သုံးစွဲသည့်ပစ္စည်းများမှာ အဆင့်ရှိ၏။ ကျွန်တော်နှင့် ပါလာသည့် ခရီးသွားလုပ်ငန်းရှင်များက ၎င်းတို့ခေါ်လာမည့် ဧည့်သည်များကို ဤဧည့်ရိပ်သာတွင် အခကြေးငွေရယူ၍ ထားခွင့်ပြုရန် တောင်းဆိုကြသည်။ ဖြစ်နိုင်လျှင် ပြည်မကလုပ်ငန်းရှင်များ လာရောက်ရင်းနှီးမြှုပ်နှံရန် ဝန်ကြီးချုပ်က ဖိတ်ခေါ်သည်။

နောက်တစ်နေ့နံနက်တွင်ပြည်နယ်ဝန်ကြီးချုပ်အား နှုတ်ဆက်ပြီး တီးတိန် သို့ ခရီးဆက်ခဲ့ကြသည်။ ယခုခရီးစဉ်တွင် ဟားခါးမှ ရိဒ်ခေါဒါသို့ တိုက်ရိုက် ပေါက်သည့်ဖြတ်လမ်းရှိသဖြင့် ဤလမ်းအတိုင်းသွားရန် ပြည်နယ်ဝန်ကြီးက ဦးဆောင်လာခြင်းဖြစ်သည်။ သို့ရာတွင် တစ်နာရီခန့်တောင်အောက်ကို ဆင်းလာ ခဲ့ရာ၌ လမ်းဖြေသားပျော့ခြင်း၊ ပြည့်နယ်ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီး ဦးနန်ဇမတို့ အဖွဲ့၏ကားမှာ စက်ချွတ်ယွင်းခြင်းတို့ကြောင့် ရှေ့ဆက်သွားရန် စိတ်မချရတော့သည်အဆုံး လာလမ်းအတိုင်း ပြန်လှည့်ကာ ဖလမ်းသို့ပြန်ခဲ့ကြ သည်။ ဖလမ်းရောက်သည့်အခါ နာရီပြန်တစ်ချက်ထိုးပြီ။

ဖလမ်းကထွက်တော့ ညနေ ၃ နာရီထိုးပြီ။ ဤနေရာမှ သိုင်းငင်းသို့ ပြန်ဆင်းလာခဲ့ပြီး သိုင်းငင်းရောက်မှ တီးတိန်ဘက်ကို ခြေဦးလှည့်ရသည်။ လမ်းတွင် ကနေဒီတောင်ကို အထင်ကရတွေ့မြင်ရသည်။ ထိုမှတစ်ဆင့် တောင်ပေါ်ခရီးကို ခပ်သုတ်သုတ် မောင်းလာခဲ့ရာ တီးတိန်ရောက်တော့ ည ၇ နာရီထိုးပြီ။ ညစာမစားမီ ပြည်နယ်ဝန်ကြီးက သူ့အရပ်ဒေသဖြစ်၍ ရိုးရာ ယဉ်ကျေးမှုအကကို မီးပုံပွဲဖြင့် တွဲဖက်ဧည့်ခံသည်။ ထိုညက ခရီးပန်းလာ သည်က တစ်ကြောင်း၊ ချင်းရိုးရာခေါင်ရည်ချိုမြမြအရှိန်ကြောင့် လည်းကောင်း၊ ဝိုင်းဖွဲ့စကားမပြောဖြစ်တော့ဘဲ စောစောအိပ်ရာဝင်ခဲ့သည်။

စတုတ္ထနေ့နံနက်တွင် ကျွန်တော်တို့အဖွဲ့ တီးတိန်မှ ရိဒ်ခေါဒါသို့ ခရီးဆက်ဖြစ်ကြသည်။ စထွက်ကတည်းကပင် တောင်အောက်သို့တောက် လျှောက်ဆင်းလာခဲ့ရာ တစ်နေရာတွင် တစ်ဖက်တောင်ထိပ်သို့ ပြန်တက်ရမည့် လမ်းကြောင်းကိုကြည့်ပြီး ရင်မောရသည်။ တောင်ထိပ်သည် မိုးယံဆီသို့ ဦးတည်လျက်ရှိသည်။တောင်တက်လမ်းကား မြွေလိမ်မြွေကောက်။ တောင်ကြီး မြေဖဝါးအောက်ဆိုသော်လည်း တက်ရမည့်ခရီးကား နည်းနည်းတော့ ကြမ်းပေ လိမ့်မည်။ တောင်ခြေမြေပြန့်သို့ရောက်သည်နှင့် ထုံးစံအတိုင်းချောင်းကိုဖြတ်ရန် သွယ်တန်းထားသည့် မံဆောင်းတံတားကို တွေ့ရသည်။ တံတားအောက်တွင် မဏိပူရ (ရ်) မြစ်ရှိသည်။ မဏိပူရ(ရ်)သည် မြစ်ဆိုသော်လည်း ပီဘိချောင်း ကျဉ်းကလေးတစ်ခုသာဖြစ်သည်။ ရေကကြည်လင်သော်လည်း နွေရာသီဖြစ်၍ နည်းသည်။ ကျောက်တုံးကျောက်ဆောင် ပေါ်များသည်။ မိုးကာလတွင် ရေစီးကြမ်းမည့်ဟန်ရှိသည်။ မဏိပူရ(ရ်)သည် အိန္ဒိယနိုင်ငံဘက်တွင် မြစ်ဖျားခံရာမှ မြန်မာနိုင်ငံအတွင်း မြစ်သာမြစ်ကတစ်ဆင့် ချင်းတွင်းမြစ်အတွင်း သို့ စီးဝင်သွားသည့်မြစ်တစ်စင်းဖြစ်သည်။

ကျွန်တော်တို့ကားသည် တောင်ထိပ်သို့ရောက်အောင် နှာမှတ်၍ တဖြည်းဖြည်းချင်းတက်လာခဲ့ရသည်။ တောင်ထိပ်လွင်ပြင်ရောက်မှ သက်ပြင်း ချနိုင်သည်။နောက်ကကားလည်း ကျွန်တော်တို့ကဲ့သို့ပင် ရှူးရှူးရှဲရှဲနှင့် ကျားကုတ်ကျားခဲတက်လာရရှာသည်။ တောင်ထိပ်တွင်ခေတ္တနားနေစဉ် ခရီးသွားလုပ်ငန်းရှင်များက သတို့အတွက် ကြော်ငြာကောင်း ကောင်းရသလို စိတ်ဖြင့် ရှုခင်းအလှကို ဓာတ်ပုံရိုက်ယူကြသည်။ ထိုမှတစ်ဆင့် ဆက်ထွက် လာရာ တောင်ပေါ်ရွာလေးတစ်ရွာကိုရောက်သည်။ ထိုရွာကို ဖြတ်ကျော်ပြီး နောက် ရိဒ်ခေါဒါနယ်စပ် ကုန်သွယ်ရေးစခန်းကိုရောက်သည်။ တာပန်ရှိပုဂ္ဂိုလ် အသီးသီးက ၎င်းတို့၏လုပ်ငန်းဆောင်ရွက်မှုအခြေအနေကို တင်ပြကြသည်။ ထို့နောက် စခန်းကုန်းဝေါ်မှ တောင်အောက်ကိုဆင်းလာခဲ့ရာ နယ်စပ်ဖြတ် ကျော်ဝိတ်ကိုရောက်သည်။ နယ်စပ်ဝိတ်မှတစ်ဖန် တောင်ကုန်းငယ်တစ်ခုပေါ်သို့ ကွေ့ပတ်တက်လာခဲ့ရာ တစ်ဖက်ကွင်းပြင်ပိုင်းတွင် ရိဒ်ရေကန်ကိုလှမ်းမြင်ရ သည်။

ကန်ပတ်လည်တွင် မိုးမခပင်ငယ်များစစပေးဝေးဝေါက်လျက်ရှိသဖြင့် ကန်၏အသည်းပုံကို ဝိုဖော်ပေးထားသလိုရှိသည်။ ကန်အနီးတွင် စားသောက် ဆိုင်တစ်ဆိုင်နှင့် အပန်းဖြေရန် နှစ်ခန်းတွဲတန်းလျားခြောက်ခုတည်ဆောက် ထားသည်။ တစ်ဖက်နိုင်ငံမှ ဧည့်သည်များ နေ့ချင်းပြန်လာရောက်အပန်းဖြေ ကြကြောင်းသိရသည်။ ကျွန်တော်တို့ ရောက်သည့်အချိန်တွင် ဧည့်သည်တစ်ဖွဲ့ရှိ ကြောင်း၊ ပြည်ပမှ ကနေဒီယန်လူကြီးစုံတွဲလာရောက်ခဲ့ကြောင်း၊ ဤနေရာလေး ကို သဘောကျနှစ်ခြိုက်ကြောင်း စခန်းကို တာဝန်ယူလုပ်ကိုင်နေသူက ရှင်းပြ သည်။ သူကပင် ရိဒ်ရေကန်သမိုင်းကို ရှင်းပြသည်။ ဒဏ္ဍာရီဆန်သော နတ်သမီးပုံပြင်မှာ စိတ်ဝင်စားစရာဖြစ်သည်။ ကန်အတွင်း တိုက်ရိုက်စီးဆင်း သည့် ရေစီးကြောင်းမရှိသော်လည်း အနီးရှိချောင်းငယ်ကတစ်ဆင့် မြေအောက်မှ စိမ့်ဝင်ကြောင်း၊ ဤနေရာတွင် ကန်ရေလျှံလေ့မရှိကြောင်း၊ ဤရေကန်တွင် အလောင်းအစားလုပ်လျှင် အန္တရာယ်တွေ့လေ့ရှိကြောင်း ရှင်းပြသည်။

ကျွန်တော်တို့အဖွဲ့ ရိဒ်ခေါဒါတွင် နေ့လယ်စာစားပြီး ပြန်လည်ထွက်ခွာ လာရာ ညနေ ၃ နာရီတွင် တီးတိန်သို့ပြန်ရောက်သည်။ တီးတိန်ဆောက်လုပ် ရေးဘိုတဲတွင် ခေတ္တနားပြီးဆက်ထွက်ခဲ့ရာ သိုင်းငင်းသို့ ညနေ ၅ နာရီတွင် ရောက်သည်။ သိုင်းငင်းဘိုတဲလသာဆောင်ဘက်ထွက်ပြီး ကျွန်တော်တို့ ဖြတ်ကျော်ခဲ့သည့် ဖလမ်းဘက်က တောင်တန်းများကို ငေးမောရင်း ဟားခါးသို့ အသွား လမ်းခုလတ်တွင် စီမံကိန်းနှင့်စီးပွားရေးဝန်ကြီး ဦးရမ်မန်းပြောပြသော ပုံပြင်ကိုပြန်လည်ကြားယောင်မိသည်။ သူက စိမ်းစိုနေသော တောင်တန်းကြီးကို လက်ညှိုးထိုးပြီး . . .

"အဲဒါ ဇေမူးတောင်လို့ခေါ်တယ်၊ အပေါ်မှာရေထွက်ရှိတယ်၊ သူ့ရာဇဝင် ပြောရရင် ဟိုတုန်းက ကျွန်တော်တို့ ချင်းတိုင်းရင်းသားတွေ သေဆုံးသွားကြတဲ့ အခါ အဲဒီတောင်ပေါ်ကို သူတို့ရဲ့ဝိညာဉ်တွေသွားကြတယ်၊ သာမန်အားဖြင့် သူတို့ဟာ မကျွတ်မလွတ်နိုင်ဘဲရှိနေကြတယ်၊ သူတို့နဲ့အတူ ကြက်ဥတစ်လုံးစီ ပါလာကြတယ်၊ ဇေမူးကိုရောက်တော့ ရှေ့မှာရှိတဲ့ဝိညာဉ်တောင်ကို ဆက်သွား ကြတယ်၊ အဲဒီမှာသူတို့ သွားရမယ့်ဘဝသစ်ကို လှမ်းမြင်ရပြီ၊ ဒါပေမယ့် ဘပသစ်ကို မပြောင်းနိုင်ဘဲနောက်ဆံတင်းနေကြတယ်၊ အဲဒီအခါမှာ တောင်ပေါ်မှာ အမှတ်မထင်တွေ့လိုက်ရတဲ့ 'ဟွာလိုပါးပန်းကလေး'ကို ပန်မိလိုက်တဲ့အခါ သူတို့မှာစွဲငြိနေတဲ့စိတ်တွေ ရုတ်ခြည်းကွယ်ပျောက်ပြီး ဘဝသစ်ကို အလွယ် တကူ ကူးပြောင်းနိုင်ခဲ့ကြတယ်၊ အဲဒီဘဝသစ်ကိုသွားဖို့ စောစောကပြောတဲ့ ကြက်ဥက လမ်းညွှန်ပေးသလို တစ်ခါန်က သူတို့အမဲလိုက် လို့ရခဲ့တဲ့ သားကောင်တွေက သူတို့ကိုလမ်းပြပေးကြတယ်လို့ အဆိုရှိတယ်၊ ဟွာလိုပါးပန်းကို မြန်မာလို 'နောက်မလှည့်ပန်း'ပေါ့ဗျာ. . .။"

ဦးရမ်မန်း၏ပုံပြင်မှာ ကျွန်တော့်အတွက် မထူးဆန်းလှသော်လည်း သဘာသာပြန်ပြသည်ပန်းအမည်မှာ ကျွန်တော့်အာရုံတွင် စွဲထင်ကျန်ရစ် နေဆဲ. . . .။

ပြည်တွင်းရေးရာ

❖လက်ပံတောင်းနယ်မြေမှ

မြို့နယ်ရဲတပ်ဖွဲ့မှူးနှင့်အဖွဲ့က ဖမ်းဆီးစဉ် ရွာသူ ရွာသားများက ဝိုင်းဝန်းရိုက်နှက်ခဲ့မှုကြောင့် ရဲတပ်ဖွဲ့ဝင်ငါးဦး ဒဏ်ရာအသီးသီးရရှိခဲ့သည်။

နံနက် ၁၀ နာရီခန့်တွင် ဖမ်းဆီးထားသူများအားပြန်လည်လုယူရန် လုပ်ကွက်အမှတ်(8 MCC) အရှေ့ဘက်နေရာသို့ ဆည်တဲရွာဟောင်းမှ ရွာသူ ရွာသား ၂၀၀ ခန့်သည် တုတ်၊ ဓား၊ ကျောက်ခဲ၊ လေးခွများ ကိုင်ဆောင်၍ ထပ်မံစုဝေးရောက်ရှိလာသဖြင့် ခရိုင်ရဲတပ်ဖွဲ့မှူးက လူစုခွဲထွက်ခွာရန် ကြေညာခဲ့သော်လည်း ရွာသူ ရွာသားများက ရဲတပ်ဖွဲ့ဝင်များအနီးသို့ ရောက်ရှိလာပြီး ရွာသားတစ်ဦးက ဓားဖြင့်ဝင်ခုတ်သည့်အပြင် အမျိုးသမီးတစ်ဦးက ထန်းလက်/ထုတ်ဖြင့် ဝင်ရိုက်ခဲ့သည်။ ရဲတပ်ဖွဲ့ဝင်များက နောက်သို့ပေ ၅၀ ခန့်ဆုတ်၍ သတိပေးကြေညာပြီး ရိုင်ဖယ်သေနတ်ဖြင့် မိုးပေါ်သို့ ခြောက်ချက် ခြောက်လှန့်ပစ်ခတ်ခဲ့ရသည်။ ထိုသို့ ခြောက်လှန့်ပစ်ခတ်မှုကြောင့် ရွာသူ ရွာသားများ နောက်သို့ ပေ ၂၀ခန့် ဆုတ်သွားပြီး ရဲတပ်ဖွဲ့ဝင်များအား ခဲများ၊ လေးခွများဖြင့် ဆက်၍ ပစ်ခတ်သည့်အပြင် ရှေ့သို့တက်လာကာ ပလတ်စတစ်ရေသန့်ဘူးအတွင်း ဓာတ်ဆီထည့်၍ ကြိုးဖြင့် မီးစာပြုလုပ်ထားသော မီးလောင်ဗုံးများဖြင့် ရဲတပ်ဖွဲ့ဝင်များ ဟန့်တားသည်နေရာသို့ ပစ်ပေါက်အန္တရာယ်ပြုလာပြီး ခဲများဖြင့်အင်အားသုံးပစ်ပေါက် ရှေ့သို့တိုးလာမှုကြောင့် ရိုင်ဖယ်သေနတ်ဖြင့် မိုးပေါ်သို့ ၁၂ ချက် ထပ်မံ၍ ခြောက်လှန့်ပစ်ခတ်ခဲ့ရသည်။

ထိုသို့ရုန်းရင်းဆန်ခတ်ဖြစ်နေစဉ် ရွာသားသုံးဦးက ရဲထပ်ဖွဲ့ဝင်တစ်ဦးအား ဖမ်းဆီးချုပ်နှောင်၍ ဒယဉ့်ထိုက်ဆွဲခေါ်သွားခဲ့မှုကြောင့် သေနတ်လေးချက် ပစ်ဖောက်ပြီး ပြန်လည်ဆွဲထုတ်ခဲ့ရသည်။ ရွာသူ ရွာသားများဘက်မှ ပလတ်စတစ်ရေသန့်ဘူးအတွင်း ဓာတ်ဆီထည့်၍ ကြိုးဖြင့် မီးစာပြုလုပ်ထားသော မီးလောင်ဗုံးများဖြင့် ဆက်လက်ပစ်ခတ်လုံးထွေး တိုက်ခိုက်လာ၍ ရော်ဘာကျည်ဖြင့် သုံးချက်ပစ်ခတ်ခဲ့ရာ နောက်သို့ပြန်လည် ဆုတ်ခွာသွားခဲ့သည်။ နံနက် ၁၀နာရီခွဲခန့်တွင် ဆည်တဲရွာဟောင်းဘက်သို့ ပြန်လည်ထွက်ခွာသွားပြီး ၁၀ နာရီ မိနစ် ၄၀ ခန့်တွင် အားလုံးလူစုကွဲခဲ့သည်။ အဆိုပါဖြစ်စဉ်ကြောင့် ရွာသား သုံးဦး ဒဏ်ရာအသီးသီး ရရှိခဲ့ကြောင်းနှင့် မုံရွာပြည်သူ့ဆေးရုံသို့ ရောက်ရှိဆေးကုသမှုခံယူလျက်ရှိကြောင်း၊ စိုးရိမ်ဖွယ်ရာမရှိကြောင်း သိရှိရသည်။

နိုင်ငံတော်အနေဖြင့် လက်ပံတောင်းတောင်ကြေးနီစီမံကိန်းတွင် ဖြစ်ပွားခဲ့သော ဖြစ်စဉ်များနှင့် ပတ်သက်ပြီး ဖြစ်စဉ်မှန်၊ အခြေအနေမှန်ကို ဖော်ထုတ်နိုင်ရန်အတွက် ဒေါ်အောင်ဆန်းစုကြည် ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်သည့် လက်ပံတောင်းတောင်ကြေးနီစီမံကိန်း စုံစမ်းစစ်ဆေးရေးကော်မရှင်ကို ဖွဲ့စည်းစစ်ဆေးခဲ့ပြီးဖြစ်သည်။ အဆိုပါကော်မရှင်က လက်ပံတောင်းတောင်ကြေးနီစီမံကိန်းနှင့် ပတ်သက်ပြီး ဆောင်ရွက်သင့်သည် ဆောင်ရွက်ရမည့်အချက်များအပေါ် မတ် ၁၁ ရက်အထွင်း အပြီးသတ် အစီရင်ခံစာရေးသားတင်ပြခဲ့ပြီး ဖြစ်သည်။ ကော်မရှင်က တင်သွင်းသည့် အစီရင်ခံစာနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် လက်ပံတောင်းတောင် ကြေးနီစီမံကိန်းနှင့် ပတ်သက်သည် စုံစမ်းစစ်ဆေးရေး အစီရင်ခံစာအပေါ် အကောင်အထည်ဖော်ဆောင်ရွက်မည် ကော်မတီကိုလည်း မတ် ၁၁ ရက်တွင် ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပြီးဖြစ်သည်။

ယင်းကော်မတီ၏အစီရင်ခံစာနှင့်အညီ လက်ပံတောင်းနယ်မြေသို့ ဝင်ရောက်ပြီး ဒေသခံလူထု၏ နစ်နာချက်များ မရှိစေရန် ဖြည်ဆည်းဆောင်ရွက်ပေးခဲ့ကြသည်။ ယင်းကဲ့သို့ ဆောင်ရွက်ပေးလျက်ရှိသော်လည်း ဆူပူအကြမ်းဖက်လိုသူ လူတစ်စု၏ မင်းမဲ့စရိုက်ဆန်ဆန်လုပ်ဆောင်မှုများကြောင့် အများပြည်သူလုံခြုံရေး၊ ရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေးနှင့် စည်းကမ်းသေဝပ်တည်ငြိမ်ရေးတို့ကို ပျက်ပြားစေမည့် လုပ်ရပ်များ ဖြစ်ပေါ်လာစေခဲ့သည်။ တာဝန်ရှိသူများအနေဖြင့် ကော်မရှင်အစီရင်ခံစာနှင့်အညီ ဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ ဥပဒေနှင့်အညီ ဆောင်ရွက်ကြရန် သတိပေးပြောကြားခဲ့သော်လည်း ဆူပူအကြမ်းဖက်မှုများ ဆိုးရွားလာခဲ့သဖြင့် သတိပေးပြီး ခြောက်လှန့်ပစ်ခတ်မှုများကို ဆောင်ရွက်ခဲ့ရသည်။ သို့ဖြစ်ပါ၍ အထက်ပါဖြစ်စဉ်များတွင် မင်းမဲ့စရိုက်ဆန်ဆန် လုပ်ဆောင်မှုကြောင့် ဖမ်းဆီးရမိသူများအား ထိရောက်စွာအရေးယူဆောင်ရွက်သွားမည်ဖြစ်သည့်အပြင် ပြစ်မှုကျူးလွန်သူများကိုလည်း ဖော်ထုတ်အရေးယူ ဆောင်ရွက်သွားမည်ဖြစ်သည်။

အဆိုပါဖြစ်စဉ်တွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင် ၁၅ ဦး ဒဏ်ရာရရှိခဲ့ပြီး ဆူပူအကြမ်းဖက်သူ သုံးဦး ဒဏ်ရာရရှိခဲ့သည်။ အဆိုပါဖြစ်စဉ်နေရာသို့ စစ်ကိုင်းတိုင်းဒေသကြီး လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးက အနီးကပ်ကြီးကြပ်၍ စစ်ကိုင်းတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးဦးစီးတပ်ဖွဲ့ဝင်များနှင့် အမှတ်(၁၆)ရဲတပ်ရင်းတို့က ပူးပေါင်း၍ လုံခြုံရေးဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

လက်ပံတောင်းတောင်ကြေးနီစီမံကိန်း လုပ်ကွက်အမှတ် 8MCC တွင် ကျူးကျော်ဝင်ရောက်ထွန်ယက်နေသည့် တောင်သူများအား တားမြစ်နေသော ရဲတပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။ (သတင်းစဉ်)

လက်ပံတောင်းတောင်ကြေးနီစီမံကိန်း လုပ်ကွက်အမှတ် 8MCC တွင် ကျူးကျော်ဝင်ရောက် ထွန်ယက်နေသည့် တောင်သူများနှင့် ရဲတပ်ဖွဲ့ဝင်များ ရုန်းရင်းဆန်ခတ်ဖြစ်ပွားနေစဉ်။ (သတင်းစဉ်)

ငွေကျပ်(၂၀၀)တန် ထီဖွင့်ပွဲ မေ ၁ ရက်တွင် ကျင်းပမည်

ရန်ကုန် ဧပြီ ၂၅

(၂၉၂)ကြိမ်မြောက် ငွေကျပ်(၂၀၀)တန် အောင်ဘာလေသိန်းဆုဖွင့်ပွဲကို အမှတ်(၃၈၄) မဟာဗန္ဓုလလမ်းနှင့် (၃၇)လမ်းထောင့် ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ရှိ အောင်ဘာလေသိန်းဆုဌာနခွဲ ထီဖွင့်ပွဲခန်းမဆောင်၌ မေ ၁ ရက် နံနက် ၈ နာရီမှစတင်၍ ညနေ ၄ နာရီအထိ တစ်ရက်တည်းဖြင့် အပြီးဖွင့်လှစ်မည်ဖြစ်သည်။

တန်ဖိုးအလိုက်ဆုမဲများမှာ ငွေကျပ်သိန်း ၁၅၀၀ တစ်ဆု၊ ငွေကျပ်သိန်း ၁၀၀၀ တစ်ဆု၊ ငွေကျပ်သိန်း ၅၀၀ တစ်ဆု၊ ငွေကျပ်သိန်း ၃၀၀ နှစ်ဆု၊ ငွေကျပ်သိန်း ၂၀၀ လေးဆု၊ ငွေကျပ်သိန်း ၁၀၀ ၁၃ဆု၊ ငွေကျပ် ၁၀ သိန်း ၃၇၇ ဆု၊ ငွေကျပ် ငါးသိန်း နှစ်ဆု၊ ငွေကျပ် သုံးသိန်း ၁၃၅ ဆု၊ ငွေကျပ် နှစ်သိန်း ၁၂၃၀ ဆု၊ ငွေကျပ် တစ်သိန်း ၁၂၁၀၉ ဆု၊ ငွေကျပ် ငါးသောင်း ၉၉၉၉ ဆုအပါအဝင် ဆုမဲပေါင်း ၂၃၈၇၄ ဆုဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရန်ကုန်ကမ်းနားလမ်းမယ်စကြီး ဖြတ်သန်းခဟု အကြောင်းပြ၍ အငှားကားများ ကားစပိုတောင်းနေ

ရန်ကုန် ဧပြီ ၂၅

ရန်ကုန်ကမ်းနားလမ်းမသစ်ကြီး ဖွင့်လှစ်အသုံးပြုခွင့်ပေးပြီး သုံးလအကြာ ဧပြီ ၁ ရက်မှစ၍ ၁၄ ပေနှင့်အောက် ယာဉ်များကျပ်တစ်ထောင့်ငါးရာနှုန်း၊ တန် ၂၀ အထက်ယာဉ်များ ကျပ်လေးထောင်နှုန်း နံနက် ၆ နာရီမှ နောက်တစ်နေ့ နံနက် ၆ နာရီအတွင်း အကြိမ်မည်မျှအသုံးပြုစေကာမူ လမ်းအသုံးပြုခတစ်ကြိမ်သာကောက်ခံနေကြောင်း၊ ယင်းသို့လမ်းအသုံးပြုခကောက်ခံမှုကို အကြောင်းပြု၍ ရန်ကုန်မြို့တွင်းသွား ခေါက်တိုယာဉ်များ ဆန်တစ်အိတ်ကားခယခင်ကျပ် တစ်ရာ့ငါးဆယ်နှုန်းရှိရာမှ ကျပ်တစ်ရာ့ရှစ်ဆယ်နှုန်းသို့ တိုးမြှင့်တောင်းခံနေကြောင်း၊ လမ်းအသုံးပြုခသည် နံနက် ၆ နာရီမှ နောက်တစ်နေ့နံနက် ၆ နာရီအတွင်း တစ်ကြိမ်သာကောက်ခံခြင်းဖြစ်ရာ လမ်းအသုံးပြုခကျပ်တစ်ထောင့်ငါးရာကျခံရသော်လည်း ခေါက်တိုယာဉ်များ ကားခဝင်ငွေပိုမိုရရှိနေသည်ဟု ကုန်သည်များက ဆိုသည်။

ယခုအခါ မြစ်ဝကျွန်းပေါ်ဒေသသွားရေယာဉ်များဆိုက်ကပ်ရာ ဆိပ်ကမ်းများသို့ ရန်ကုန်မြို့တွင်း ဘုန်းကြီးလမ်းထိပ်ဝင်ပေါက်မှ ယာဉ်ငယ်ဝင်ပေါက်သုံးစီးစာဖွင့်လှစ်ပေးခဲ့ရာ ဆိပ်ကမ်းသို့ဝင်၊ ထွက်သောယာဉ်များသာမက ယင်းနေရာရှိ ပုဂ္ဂလိကစက်သုံးဆီဆိုင်ကြီးသို့ စက်သုံးဆီဝင်ထည့်သောယာဉ်ငယ်များ လမ်းအသုံးပြုခ မပေးဆောင်ရသဖြင့် သွားလာရေးလွယ်ကူလာကြောင်း မြစ်ဝကျွန်းပေါ်ဒေသသို့ ကုန်ပို့သူကုန်သည်တစ်ဦးက ဆိုသည်။

ဘုရင့်နောင်ပွဲရုံမှ ရန်ကုန်လမ်းမတော်ဆိပ်ကမ်းသို့ ၁၀ ပေ ကုန်တင်ယာဉ်ငယ်တစ်စီးလျှင် ကားခကျပ် တစ်သောင်းငါးထောင်နှုန်းဖြင့် ငှားရမ်းနေရာမှ လမ်းအသုံးပြုခကောက်ခံမှုကြောင့်ဟုဆိုကာ ယခုအခါ ကျပ် နှစ်သောင်းနှုန်း တိုးမြှင့်တောင်းနေကြကြောင်း၊ အချို့ကားငှားသူများက လမ်းအသုံးပြုခပေးဆောင်မည်ဟုဆိုကာ ကားခကျပ်တစ်သောင်းရှစ်ထောင်နှုန်းဖြင့် ငှားရမ်းရာတွင် ဘုန်းကြီးလမ်းဝင်ပေါက်မှ ကမ်းနားလမ်းမသစ်ကို ဖြတ်ရုံဖြတ်သဖြင့် လမ်းအသုံးပြုခပေးဆောင်ရခြင်းမရှိကြောင်း၊ ကားခကျပ် သုံးထောင်သာပိုပေးခဲ့ရသည်ဟု ကုန်တင်ရန်ကားငှားသူတစ်ဦးကဆိုသည်။

သစ်တောလမ်းအနီး EPC ရုံးဝင်ပေါက်ရှေ့တွင် ဝင်ပေါက်တစ်ခုဖွင့်လှစ်ထားသော်လည်း ယင်းအပေါက်မှဝင်၍ လမ်းမတော်ဆိပ်ကမ်းသို့ ဝင်လျှင် ကမ်းနားလမ်းသစ်ကို အသုံးပြုခြင်းဖြစ်သဖြင့် စစ်ဆေးတွေ့ရှိပါက ဒဏ်ငွေပေးဆောင်ရတတ်သဖြင့် ဘုန်းကြီးလမ်းဝင်ပေါက်မှသာဝင်ရောက်ကြကြောင်း သိရသည်။ လမ်းမတော် ဇောတ်တားအမှတ်(၂)၊ စဉ်အိုးတန်းဇောတ်တားအမှတ်(၁)နှင့်အမှတ်(၂)သို့ ယာဉ်များဝင်ရောက်ရာတွင် အသုံးပြုသော စဉ်အိုးတန်းဝင်ပေါက်ကိုမူ ဖွင့်လှစ်ပေးခြင်းမရှိသဖြင့် ဆိုက်ကား၊ ဂါလီများသာမျဉ်းဝါတုံးများကြားထဲမှ ခဲယဉ်းစွာဖြတ်သန်းနေရကြောင်း၊ ဘုန်းကြီးလမ်းဝင်ပေါက်မှ ဆိပ်ကမ်းသို့ တိုက်ရိုက်ဆင်းလျှင် အဆိုပါဇောတ်တား သုံးခုမှ လွှဲ၍ ကျန်ဇောတ်တားများအားလုံးသို့ သွားလာနိုင်ကြောင်းသိရသည်။

ကမ်းနားလမ်းသစ် လမ်းအသုံးပြုခကောက်ခံနေခြင်းအပေါ် ကားခများဈေးတက်ယူနေခြင်းသည် ယာဉ်ပိုင်ရှင်တို့၏လမ်းအသုံးပြုခ အကြောင်းပြပြီး ကားခဈေးမြှင့်တင်ခြင်းသာဖြစ်ကြောင်း၊ ဘုန်းကြီးလမ်းဝင်ပေါက်မှ တိုက်ရိုက်ဖြတ်သန်းခွင့်ပြုနေခြင်းကို မြင်တွေ့ရသည်ဟု ကုန်သည်များက ဆိုသည်။

(မောင်စေအောင်)

(၂၂)ကြိမ်မြောက် အာဆီယံထိပ်သီး သီးသန့်အစည်းအဝေးကို ဘရူနိုင်း ဒါရူဆလမ်နိုင်ငံ ဘန်ဒါဆရီဘီဂါဝန်မြို့ရှိ ဝန်ကြီးချုပ်ရုံး၌ ကျင်းပစဉ်။ (သတင်းစဉ်)

● ရှေ့ဖုံးမှ

အစည်းအဝေးတွင် အာဆီယံ အလှည့်ကျဥက္ကဋ္ဌ ဘရူနိုင်းဒါရူဆလမ်နိုင်ငံဘုရင် ဆူလ်ကန်ဟာဂျီ ဟာဆာနာလ် ဘိုကီးယား မူအစ်ဇာဒင်ဝါဒိုလာက အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲများနှင့် အာဆီယံအတွင်းရေးမှူးချုပ်တို့သည် အာဆီယံ အသိုက်အဝန်း ၂၀၁၅ ၊ အာဆီယံဗဟိုအချက်အချာကျမှုနှင့် ဒေသတွင်း ဗိသုကာတည်ဆောက်မှု၊ အာဆီယံအနာဂတ်လုပ်ငန်းစဉ်နှင့် ဒေသတွင်းနှင့် နိုင်ငံတကာကိစ္စရပ်များအပေါ် အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က ဆွေးနွေးပြောကြားရာတွင် ဘန်ဒါဆရီဘီဂါဝန်မြို့တော်ကို လာရောက်လည်ပတ်ခွင့်ရသည့်အတွက် ကြည်နူးဝမ်းမြောက်မိပါကြောင်း၊ မိမိတို့ကို လိုလေသေးမရှိအောင် ပြုစုစောင့်ရှောက်ပေးကြသည့် ဘရူနိုင်းအစိုးရ တာဝန်ရှိသူများနှင့် ပြည်သူများကို အထူးကျေးဇူးဥပကာရ တင်ရှိကြောင်း ဦးစွာပြောကြားလိုပါကြောင်း၊

ဤထိပ်သီးအစည်းအဝေး၌ မိမိတို့အနေဖြင့် ဘရူနိုင်းနိုင်ငံ၏ "မိမိအနာဂတ်အတွက် အတူတကွ ပေါင်းစည်းကြမယ့် မိမိတို့၏ ပြည်သူများ" ဆိုသည့် ဆောင်ပုဒ်နှင့်အညီ အာဆီယံအသိုက်အဝန်း ထူထောင်မှုတွင် ပြည်သူများ၏ အခန်းကဏ္ဍနှင့် ၂၀၁၅ ခုနှစ်အလွန် အာဆီယံ၏ အနာဂတ်မျှော်မှန်းချက်တို့ကို လေးလေးနက်နက်ဆွေးနွေး နိုင်မည်ဖြစ်ပါကြောင်း။

အဆွေတော် ဘုရင်မင်းမြတ်၏ ခေါင်းဆောင်မှုအောက်၌ အာဆီယံ အသိုက်အဝန်း ထူထောင်ရာတွင် သိသာထင်ရှားသော တိုးတက်မှုများကို ရရှိမည်ဟု မိမိတို့ အပြည့်အဝ ယုံကြည်ပါကြောင်း၊ ဘရူနိုင်းနိုင်ငံ၏ ခေါင်းဆောင်မှုအောက်၌ ချမှတ်သွားမည့် အာဆီယံဆုံးဖြတ်ချက်များ အောင်မြင်စွာ အကောင်အထည်ဖော်ရေးကိုလည်း မိမိတို့အနေဖြင့် အာဆီယံနိုင်ငံများနှင့်အတူ ဆောင်ရွက်သွားပါမည်ဟု ကတိပြု ပြောကြားလိုပါကြောင်း။

အာဆီယံ အတွင်းရေးမှူးချုပ် မစ္စတာလီယောင်မင်၏ သစ်လွင်ပြီး ဆန်းသစ်သည့် အစီအမံများကို ကြိုဆိုပါကြောင်း၊ အာဆီယံအတွင်း ရေးမှူးချုပ်၏ အာဆီယံအသိုက်အဝန်း ထူထောင်မှုနှင့် ၂၀၁၅ ခုနှစ်လွန် အတွေးအမြင်များကိုလည်း တောက်ခံပါကြောင်း။

မိမိတို့အနေဖြင့် လူ့အခွင့်အရေး ကြေညာစာတမ်းကို အကောင်အထည်ဖော်မှု၌ တိုးတက်မှုများ မြင်တွေ့လိုပါကြောင်း၊ အာဆီယံ ပဋိညာဉ်စာတမ်းကို ပြန်လည်သုံးသပ်မှုများ ပြုလုပ်သွားရန် မိမိတို့ အနေဖြင့် ထောက်ခံသွားရန် အဆင်သင့်ရှိမည်ဆိုသည်ကိုလည်း ဤနေရာ၌ ပြောကြားလိုပါကြောင်း။

အာဆီယံအသိုက်အဝန်း ၂၀၁၅ (ASEAN Community 2015) တူထောင်မှုနှင့် ပတ်သက်၍ မိမိတို့ အမြင်အချို့ကို တင်ပြလိုပါကြောင်း၊ ပထမအချက်အနေဖြင့် အာဆီယံ၏ စီးပွားရေးသည် ကောင်းမွန်နေပြီး ကမ္ဘာ့စီးပွားရေး မတည်ငြိမ်မှုများ အကြား၌ အာဆီယံအနေဖြင့် ပုံမှန် တိုးတက်မှုများ ရရှိနေပါကြောင်း။

ဥရောပသမဂ္ဂဝင် နိုင်ငံများအနေဖြင့် ဘဏ္ဍာရေးအကျပ်အတည်းများ ကြားမှ လွန်မြောက်အောင် ကြိုးပမ်းနေသည့်အချိန်တွင် အာဆီယံနိုင်ငံများ၏ စီးပွားရေးတိုးကက်မှုသည် ၅ ဒသမ ၅ ရာခိုင်နှုန်းရရှိနေပါကြောင်း၊ အာဆီယံနိုင်ငံများအနေဖြင့် ယခု စီးပွားရေးအရှိန်အဟုန်ကို ဆက်လက် ထိန်းသိမ်းထားခြင်းဖြင့် အာဆီယံ ပြည်သူများ၏ လူနေမှုဘဝကို တိုးမြှင့်ပေးနိုင်မည်ဖြစ်ပါကြောင်း၊ ယင်းသို့ ဆောင်ရွက်ခြင်းဖြင့် မိမိတို့ အနေဖြင့် အာဆီယံ၏ တလုံးတစည်း တည်းသော ဈေးကွက်နှင့် ကမ္ဘာ့ ထောက်ပံ့မှုစနစ်မှာ တလုံးကစည်း တည်းသော ထုတ်လုပ်မှုအခြေခံ ဖြစ်ပေါ်လာစေမည်ဖြစ်ပြီး ယှဉ်ပြိုင် နိုင်စွမ်းရှိသည့် ဒေသတစ်ခုအဖြစ် ရပ်တည်သွားနိုင်မည် ဖြစ်ပါကြောင်း။

အာဆီယံနိုင်ငံများအနေဖြင့် ကုန်စည်စီးဆင်းမှု ချောမွေ့ခြင်း၊ အလယ်အလတ်နှင့် အသေးစား လုပ်ငန်းများ တိုးတက်ထွန်းကားခြင်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကျွမ်းကျင် လုပ်သားများ အပြန်အလှန် ရွှေ့ပြောင်းနိုင်ခြင်းဖြင့် အာဆီယံနိုင်ငံများအတွင်း ထုတ်လုပ်မှုစွမ်းအားစုများ ခွဲဝေအသုံးချမှုကို စွမ်းဆောင်ရည်ပြည့်ဝအောင် ဆောင်ရွက်ပေးစေနိုင်မည်ဖြစ်ပြီး တုတ်လုပ်မှု စွမ်းအားကို တိုးတက်စေမည်ဖြစ်ပါကြောင်း၊ အာဆီယံအနေဖြင့် အာဆီယံစီးပွားရေး အသိုက်အဝန်း ထူထောင်မှု၌ ၇၅ ရာခိုင်နှုန်းမျှ ပြီးစီးအောင်မြင်ခဲ့ပြီဆိုသည်ကို သိရှိရသည့်အတွက် ဝမ်းမြောက်မိပါကြောင်း။

မြန်မာနိုင်ငံအနေဖြင့်လည်း အာဆီယံစီးပွားရေးအသိုက်အဝန်းနှင့်ပတ်သက်၍ ရည်မှန်းချက်များ ပြည့်မီရေးကို ဦးတည်ဆောင်ရွက် နေပြီး ရည်မှန်းချက်၏ ၈၄ ရာခိုင်နှုန်းကို ဆောင်ရွက်ပြီးစီးခဲ့ပြီဖြစ်ပါကြောင်း၊ အာဆီယံစီးပွားရေး အသိုက်အဝန်းကို အပြည့်အဝ အကောင်အထည်ဖော်နိုင်ရေး အတွက် အရှိန်အဟုန်မြှင့် အကောင်အထည် ဖော်ကြရန်ကိုလည်း တိုက်တွန်းပြောကြားလိုပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့်လည်း အာဆီယံ၏ ရည်မှန်းချက်များနှင့် အညီ ပြည်တွင်းဦးစားပေးအစီအမံများ ချမှတ်ဆောင်ရွက်လျက်ရှိပါကြောင်း။

ဒုတိယအချက်အနေဖြင့် မိမိတို့ ကည်ကောင်မည့် အာဆီယံအသိုက်အဝန်းသည် ခိုင်မာပြီး ရေရှည်ကည်တံ့ရန်လိုအပ်ပါကြောင်း၊ အာဆီယံသည် အာရှငွေရေးကြေးရေး အကျပ်အတည်း၊ ဆားစ်ဟုခေါ်သည့် တပ်ရောဂါနှင့် သဘာဝဘေး အန္တရာယ်များကို အောင်မြင်စွာ ကျော်လွှားနိုင်ခဲ့ပါကြောင်း၊ တစ်ဖက်၌ မိမိတို့အနေဖြင့် သမားရိုးကျနှင့် သမားရိုးကျမဟုတ်သည့် လုံခြုံရေး ဆိုင်ရာကိစ္စရပ်များကို ရင်ဆိုင်နေရပါကြောင်း။

ထို့ကြောင့် မိမိတို့အနေဖြင့် စိန်ခေါ်မှုများကို စုပေါင်းဖြေရှင်း နိုင်ရန် ကြိုတင်ပြင်ဆင်ထားရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ ဥပမာ အားဖြင့် ရာသီဥတုပြောင်းလဲမှု ဖြစ်စဉ်၏ ဆိုးကျိုးများကို ရင်ဆိုင် ဖြေရှင်းရန် အစီအမံများ ချမှတ် ပြင်ဆင်ထားရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ ပြောင်းလဲလာသည့် ရာသီဥတုဖြစ်စဉ်ကို ရင်ဆိုင်ဖြေရှင်းနိုင်မည့် အကောင်းဆုံးနည်းလမ်းများမှာ Green Growth Technology နှင့် Green Economy စသည့် ပတ်ဝန်း ကျင်ထိန်းသိမ်းရေးကို အထောက် အကူပြုသည့် စီးပွားရေးလုပ်ငန်း များ ဖြစ်ကြပါကြောင်း။

ယင်းကြောင့် မိမိတို့အနေဖြင့် အမျိုးသားစီးပွားရေးစီမံချက်များ ချမှတ်ရာတွင် ပတ်ဝန်းကျင် ထိန်းသိမ်းရေးကို အလေးအနက်ထား ထည့်သွင်းစဉ်းစားပါကြောင်း။

တတိယအချက် အနေဖြင့် အာဆီယံအသိုက်အဝန်း ထူထောင် ရာ၌ ကောင်းမွန်သည့်ဆက်သွယ်မှု စနစ်ရှိရန်လိုအပ်ပါကြောင်း၊ မိမိတို့ အနေဖြင့် ကုန်းကြောင်း၊ ရေကြောင်း နှင့် လေကြောင်းဆိုင်ရာ ဆက်သွယ် ပေါင်းစည်းမှုကို တိုးတက်ဆောင် ရွက်နေသည့် တစ်ချိန်တည်း၌ အဖွဲ့ အစည်းများအကြား ဆက်သွယ်ရေး နှင့် အာဆီယံပြည်သူများအကြား ထိတွေ့ဆက်ဆံကူးလူးမှုကို တိုးမြှင့် ရေးသည်လည်း တပ်တူတပ်မျှအရေး ကြီးပါကြောင်း၊ မိမိတို့အနေဖြင့် အာဆီယံဆက်သွယ်ပေါင်းစည်းမှု မဟာစီမံကိန်းကြီး အကောင် အထည်ဖော်နေမှုနှင့် ရည်မှန်းချက် အောင်မြင်ရေးအတွက် လုပ်ဆောင် နေမှုအားလုံးကို အပြည့်အဝ ထောက်ခံပါကြောင်း။

ဤစီမံကိန်းကြီး၌ ပါဝင်ဆောင် ရွက်ရန် ဆွေးနွေးဖက်နိုင်ငံများနှင့် နိုင်ငံတကာငွေရေးကြေးရေးအဖွဲ့ အစည်းတို့ကို ယခုအစည်းအဝေးမှ ဖိတ်ခေါ်လိုပါကြောင်း၊ ယင်းသို့ ဆောင်ရွက်ရာ၌ နိုင်ငံတော်နှင့် ပုဂ္ဂလိကအတူပူးပေါင်းဆောင်ရွက် သည့် အစီအစဉ်များကို ပူးပေါင်း ဆောင်ရွက်နေပါကြောင်း၊ ယင်းစီမံ ချက်များသည် ဒေသဆိုင်ရာ ဆက်သွယ်ပေါင်းစည်းမှုကိုလည်း အထောက်အကူဖြစ်စေမည်ဖြစ်ပါ ကြောင်း၊ မိမိတို့အနေဖြင့် အနာဂတ် မျိုးဆက်သစ်များအတွက် ရေရှည် တည်တံ့မည့် ငြိမ်းချမ်းရေးနှင့် သာယာဝပြောရေးကို ဖော်ဆောင် ပေးသွားရမည်ဖြစ်ပါကြောင်း။

စတုတ္ထအချက်အနေဖြင့် စစ်မှန် သည့် အာဆီယံအသိုက်အဝန်း ထူထောင်မှု၌ ကောင်းမွန်သော ပြည်သူများ တက်ကြွစွာပူးပေါင်းပါ ဝင်သွားကြရေးဖြစ်ပါကြောင်း။

အာဆီယံအနေဖြင့် စီမံခန့်ခွဲမှု ကောင်းမွန်ရေး၊ ဒီမိုကရေစီအခြေခံ သဘောထားများ၊ တရားဥပဒေစိုးမိုး ရေး၊ လူ့အခွင့်အရေးကို အလေးထား ဆောင်ရွက်နေချိန်တွင် သက်ဆိုင်သူ အားလုံးပါဝင်ဆောင်ရွက်ခွင့်ရရှိကြ မည်ဖြစ်ပါကြောင်း၊ ယင်းသို့သက်ဆိုင် သူအားလုံးပါဝင်လာခြင်းအားဖြင့် ပြည်သူလူထုကို အခြေခံသည့် အသိုက်အဝန်း ပေါ်ပေါက်ရေးကို ဦးတည်သွားမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် အာဆီယံအသိုက်အဝန်း ကို သက်ဆိုင်သူအားလုံးအကြား စိမ့်ဝင်သဘောပေါက် နားလည်လာ ရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ မိမိ တို့အနေဖြင့် မြန်မာနိုင်ငံအတွင်း၌ အာဆီယံ အသိုက်အဝန်းကြီးနှင့် ပတ်သက်သည် အသိပညာပေးရေး ကို တိုးမြှင့်လုပ်ဆောင်လျက်ရှိ ပါကြောင်း။

ပဉ္စမအချက်အနေဖြင့် အာဆီယံ သည် မတူညီမှုများသည့် ဝိသေသ များ၏ စည်းလုံးညီညွတ်မှုကို ဖော်ဆောင်သည့် ဒေသဆိုင်ရာအဖွဲ့ အစည်းအဖြစ် ရပ်တည်နိုင်ခဲ့ပါ ကြောင်း၊ အာဆီယံ၏ထူးခြားသည့် ဝိသေသကို ဆက်လက်ထိန်းသိမ်း ကြရမည်ဖြစ်ပါကြောင်း၊ မိမိတို့ အနေဖြင့် အာဆီယံအဖွဲ့ဝင်များ၏ ကွဲပြားခြားနားသည့် ယဉ်ကျေးမှုများ ကို ထိန်းသိမ်းမြှင့်တင်ပေးသော ဓလေ့ထုံးစံနှင့် ကိုးကွယ်မှုများကို လေးစားလိုက်နာသည့် သဟဇာတ ရှိသည့် လူ့အဖွဲ့အစည်းထူထောင် သွားရန် လိုအပ်ပါကြောင်း။

မိမိတို့အနေဖြင့် အစွန်းရောက်မှု ကို ရှောင်ရှားပြီး စိတ်ရှည်သည်းခံမှု၊ ဘာသာရေးဆိုင်ရာ သဟဇာတဖြစ် မှုကို တိုးတက်မြှင့်တင်ဆောင်ရွက် သွားကြရန်ဖြစ်ပါကြောင်း၊ နိုင်ငံများ အကြား ဆက်ဆံရာ၌ ယင်းရပ်တည် ချက်ကို လေးစားလိုက်နာရမည် ဖြစ်ပါကြောင်း၊ မိမိတို့အနေဖြင့် အာဆီယံ၏ လူမှုရေးရည်မှန်းချက် များ အောင်မြင်ရေးအတွက် ကျန် အာဆီယံအဖွဲ့ဝင်များနှင့် လက်တွဲ အကောင်အထည်ဖော်သွားမည်ဖြစ် ပါကြောင်း၊ မြန်မာနိုင်ငံ၌လည်း နိုင်ငံအတွင်း မှီတင်းနေထိုင်သည့် ပြည်သူလူထုအားလုံး ငြိမ်းချမ်းပြီး သဟဇာတရှိသည့် ပတ်ဝန်းကျင် ကောင်းကို ဖန်တီးရန်အတွက် အစွမ်းကုန် လုပ်ဆောင်နေပါ ကြောင်း။

ဆဋ္ဌမအချက်အနေဖြင့် အာဆီ ယံအနေဖြင့် အာဆီယံအသိုက် အဝန်း ထူထောင်ရာ၌ မိသားစု တန်ဖိုးထားမှုနှင့် မျှဝေခံစားမှုများကို အလေးထားဆောင်ရွက်နေသည်ကို အထူးအားရပါကြောင်း ပြောကြား လိုပါကြောင်း၊ အာဆီယံနိုင်ငံများ အကြား၌ ဖွံ့ဖြိုးမှုကွာဟချက်များကို လျှော့နည်းအောင်ဆောင်ရွက်သွား ကြရမည်ဖြစ်ပါကြောင်း။

ယင်းသို့ လုပ်ဆောင်သည့်နေရာ တွင် စီအယ်အမ်ဗီ (CLMV)၊ အက်ခ်မက်စ်(ACMECS)၊ ဘင်မီ ယာဂါ(BIMP-EAGA)၊ အိုင်အမ် တီ ဂျီတီ(IMT-GT)၊ ဂျီအမ်အက်စ် (GMS)နှင့် မဲခေါင်မြစ်အောက်ခြေ နိုင်ငံများအစီအစဉ် (LMI)စသည့် ဒေသခွဲဆိုင်ရာ အဖွဲ့အစည်းများကို ပိုမိုရှင်သန်အောင် အရှိန်အဟုန်မြှင့် ဆောင်ရွက်ပြီး အာဆီယံဒေသ အတွင်း စီးပွားရေးဖွံ့ဖြိုးတိုးတက် မှုနှင့် ပေါင်းစည်းရေးအစီအစဉ်များ ကို တိုးမြှင့်ဆောင်ရွက်ရမည်ဖြစ်ပါ ကြောင်း။

တစ်ချိန်တည်းမှာပင် ဂလိုဘယ် လိုက်ဇေးရှင်းဖြစ်စဉ်နှင့် အတူ ပေါ်ပေါက်လာသည့် နိုင်ငံအားလုံး အလေးထားရမည့် ကိစ္စများဖြစ် သော တရားမဝင်မူးယစ်ဆေးဝါး ရောင်းဝယ်မှု၊ ပင်လယ်ဓားပြမှု၊ လူမှောင်ခိုကူးမှု တိုက်ဖျက်ရေးနှင့် ရွှေ့ပြောင်းလုပ်သားဆိုင်ရာ ကိစ္စရပ် များတွင် အနီးကပ်ပူးပေါင်းဆောင် ရွက်သွားရန် လိုအပ်မည်ဖြစ်ပါ ကြောင်း။

မြန်မာနိုင်ငံ အနေဖြင့်လည်း ဆင်းရဲနွမ်းပါးမှုလျှော့နည်းရေးကို အလေးထားဆောင်ရွက်နေပြီး ယင်း လုပ်ငန်းစဉ်သည် ကုလသမဂ္ဂ၏ ထောင်စုနှစ် ရည်မှန်းချက်နှင့် တစ်ထပ်တည်းရှိပြီး အာဆီယံ ပေါင်းစည်းမှုဆိုင်ရာ ဦးဆောင် ဦးရွက်မှုအောင်မြင်ရေးကို အထောက် အကူ ပြုစေမည်ဖြစ်ပါကြောင်း။

တောင်တရုတ်ပင်လယ်ကိစ္စနှင့် ပတ်သက်၍ မိမိတို့နိုင်ငံခြားရေး ဝန်ကြီးများ အကျေအလည်ဆွေးနွေး ခဲ့ကြောင်း သိရသည့်အတွက် ဝမ်းသာမိပါကြောင်း၊ မြန်မာနိုင်ငံ အနေဖြင့် တောင်တရုတ်ပင်လယ် တွင်း နယ်မြေအငြင်းပွားမှုများ၌ တိုက်ရိုက်ပါဝင်သည့် နိုင်ငံမဟုတ် သော်လည်း အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံ အနေဖြင့် ယင်းကိစ္စကို အထူး အလေးထားပါကြောင်း ပြောကြား လိုပါကြောင်း၊ ထိုကိစ္စနှင့် ပတ်သက် ၍ ပြဿနာကို ငြိမ်းချမ်းစွာဖြေရှင်း နိုင်မည့် နည်းလမ်းမှန်သမျှကို မိမိတို့ အစဉ်တစိုက် ထောက်ခံအားပေးခဲ့ပါ ကြောင်း။

အာဆီယံနိုင်ငံခြားရေးဝန်ကြီး များ၏ တောင်တရုတ်ပင်လယ် ဆိုင်ရာ အခြေခံမူ (၆)ချက်နှင့် တောင်တရုတ်ပင်လယ်နှင့် ပတ်သတ် သည့် အာဆီယံနှင့် တရုတ်အကြား သဘောတူညီချက်များကို မိမိတို့ ထောက်ခံပါကြောင်း။

တောင်တရုတ်ပင်လယ်တွင်း နိုင်ငံများ လိုက်နာစောင့်ထိန်းရမည် လုပ်ထုံးလုပ်နည်းဆိုင်ရာ ကြေညာ ချက် (DOC) ကို အပြည့်အဝ အကောင်အထည်ဖော်သွားရေးနှင့် တောင်တရုတ် ပင်လယ်ဆိုင်ရာ နိုင်ငံများလိုက်နာရမည့် လုပ်ထုံး လုပ်နည်းများ(COC) ပေါ်ထွက်ရေး အတွက် ရှေ့သို့ ဦးတည်သည် လုပ်ငန်းများကို အကောင်အထည် ဖော်သွားရမည်ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံအနေဖြင့် တောင် တရုတ်ပင်လယ်ကိစ္စ၌ အာဆီယံ၏ တူညီသည့်ရပ်တည်ချက်ထွက်ပေါ် ရေးအတွက် ကြိုးပမ်းသည့်နေရာ တွင် အာဆီယံ၏ တူညီဆန္ဒနှင့် တစ်သားတည်းရှိနေမည် ဖြစ်ပါ ကြောင်း။

တရုတ်နိုင်ငံတွင် ကြက်ငှက် တုပ်ကွေးမျိုးသစ်တစ်မျိုး ပေါ်ပေါက် လာခြင်းနှင့်ပတ်သက်၍ မိမိတို့ အနေဖြင့် စိုးရိမ်မကင်းဖြစ်မိပါ ကြောင်း၊ ယင်းတုပ်ကွေးမျိုးသစ်သည် ကပ်ရောဂါအသွင်အဖြစ် ကူးပြောင်း မသွားစေရန်နှင့် ဒေသအတွင်း ပျံ့နှံ့ရောက်ရှိမလာစေရန် ဝိုင်းဝန်း ပူးပေါင်းဆောင်ရွက်ကြရန် လိုပါ ကြောင်း၊ ယင်းတုပ်ကွေးမျိုးသစ် အတွက် ကာကွယ်ဆေးပေါ်ပေါက် လာရန် ဆောင်ရွက်နေကြသူများကို လည်း ထောက်ခံအားပေးပါ ကြောင်း၊ တစ်ချိန်တည်းတွင်မိမိတို့ အနေဖြင့် ကပ်ရောဂါအတွက် ကြိုတင်ပြင်ဆင်မှုများကိုလည်း ဆောင်ရွက်သွားကြရမည် ဖြစ်ပါ ကြောင်း။

အာဆီယံသည်ကြက်ငှက်တုပ် ကွေးရောဂါနှင့်ပတ်သက်၍ အတွေ့ အကြုံရှိပြီးဖြစ်၍ ယင်းရောဂါကို လည်း ထိရောက်စွာထိန်းချုပ်သွား နိုင်မည်ဟု ယုံကြည်ပါကြောင်း၊ မိမိ တို့အနေဖြင့် သတိဝီရိယရှိရန်လည်း လိုအပ်မည်ဖြစ်ပါကြောင်း၊ မိမိတို့ အနေဖြင့် အချိန်နှင့်တစ်ပြေးညီ သတင်းအချက်အလက်များ ဖလှယ် ပူးပေါင်းဆောင်ရွက်ရန် လိုအပ်မှာ လည်းဖြစ်ပါကြောင်း။

ဥရောပကောင်စီမှ မြန်မာနိုင်ငံ အပေါ် ချမှတ်ထားသော စီးပွားရေး ပိတ်ဆို့မှုများ ရုပ်သိမ်းခဲ့သည် ဧပြီ ၂၂ ရက်က ဆုံးဖြတ်ချက်အပေါ် မြန်မာနိုင်ငံအနေဖြင့် ကြိုဆိုပါ ကြောင်း ပြောကြားလိုပါကြောင်း၊ အီးယူမှ မြန်မာနိုင်ငံ၏ ဒီမိုကရေစီ ဖော်ဆောင်မှုများနှင့် ပြုပြင်ပြောင်း လဲမှုများကို အသိအမှတ်ပြုခဲ့ခြင်း ဖြစ်ပါကြောင်း။

၎င်းအတွက် ထောက်ခံအားပေးခဲ့ သည့် အာဆီယံနိုင်ငံများကို အထူး ကျေးဇူးတင်ရှိပါကြောင်း၊ မြန်မာ နိုင်ငံ အပေါ်ကျန်ရှိသည့် ပိတ်ဆို့မှု များကိုလည်း အမြန်ဆုံးရုပ်သိမ်းနိုင် မည်ဟု မျှော်လင့်ပါကြောင်းဖြင့် ပြောကြားသည်။

အစည်းအဝေး အပြီးတွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် အာဆီယံနိုင်ငံများမှ နိုင်ငံအကြီး အကဲ၊ အစိုးရအဖွဲ့အကြီးအကဲများ သည် ဘရူနိုင်းဒါရူဆလမ်နိုင်ငံ ဘုရင်က တည်ခင်းဧည့်ခံသည့် နေ့လယ်စာစားပွဲသို့ တက်ရောက် သုံးဆောင်ကြသည်။

(သတင်းစဉ်)

နိုင်ငံတေ

ဘရူနိုင်း
ပြည်ထောင်စု
ဧပြီ ၂၄ ရက်
ဘရူနိုင်းဒါရူဆ
မူအစ်ဇာဒင်ဝါ
ထိပ်သီးအစည်း
သည်။ **(ယာပုံ**

အဆိုပါ
နှင့်အတူ ဘရူ
ဘိုကီးယား မူ
ဆမ်ဒက်ဟွန်း
ဘမ်ဘန်း ယူ
မစ္စတာ သွန်း
ကိုယ်စားလှယ်
Ujang၊ ဖိလစ်
သမ္မတနိုင်ငံ
ရင်လပ်ရှင်နာ
ငုယင်တန်ဇွန်း
တက်ရောက်

ရှေ့ဦးစွာ
ဦးသိန်းစိန်နှင့်
အကဲများအား
နာလ် ဘိုကီး

နိုင်ငံတော

နိုင်ငံ
ဦးညာဏ်ထွန်း
နေပြည်တော်

❑ အိမ်စာနှင့်
ပိုမိုနှစ်သက်
တစ်ဝက်ခန့်က
တစ်ကြိမ်သွား
တစ်ကြိမ်တစ်
ရာခိုင်နှုန်းနီးပါ
များအသုံးပြု
၄ ရာခိုင်နှုန်းက

နိုင်ငံများ လိုက်နာစောင့်ကိန်းရမည့် လုပ်ထုံးလုပ်နည်းဆိုင်ရာ ကြေညာချက် (DOC) ကို အပြည့်အဝ အကောင်အထည်ဖော်သွားရေးနှင့် တောင်တရုတ် ပင်လယ်ဆိုင်ရာ နိုင်ငံများလိုက်နာရမည့် လုပ်ထုံးလုပ်နည်းများ(COC) ပေါ်ထွက်ရေးအတွက် ရှေ့သို့ ဦးတည်သည့် လုပ်ငန်းများကို အကောင်အထည်ဖော်သွားရမည်ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံအနေဖြင့် တောင်တရုတ်ပင်လယ်ကိစ္စ၌ အာဆီယံ၏ တူညီသည့်ရပ်တည်ချက်ထွက်ပေါ်ရေးအတွက် ကြိုးပမ်းသည်နေရာတွင် အာဆီယံ၏ တူညီဆန္ဒနှင့် တစ်သားတည်းရှိနေမည် ဖြစ်ပါကြောင်း။

တရုတ်နိုင်ငံတွင် ကြက်ငှက်တုပ်ကွေးမျိုးသစ်တစ်မျိုး ပေါ်ပေါက်လာခြင်းနှင့်ပတ်သက်၍ မိမိတို့အနေဖြင့် စိုးရိမ်မကင်းဖြစ်မိပါကြောင်း၊ ယင်းတုပ်ကွေးမျိုးသစ်သည် ကပ်ရောဂါအသွင်အဖြစ် ကူးပြောင်းမသွားစေရန်နှင့် ဒေသအတွင်း ပျံ့နှံ့ရောက်ရှိမလာစေရန် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန်လိုပါကြောင်း၊ ယင်းကပ်ကွေးမျိုးသစ်အတွက် ကာကွယ်ဆေးပေါ်ပေါက်လာရန် ဆောင်ရွက်နေကြသူများကိုလည်း ထောက်ခံအားပေးပါကြောင်း၊ တစ်ချိန်တည်းတွင်မိမိတို့အနေဖြင့် ကပ်ရောဂါအတွက် ကြိုတင်ပြင်ဆင်မှုများကိုလည်း ဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း။

အာဆီယံသည်ကြက်ငှက်တုပ်ကွေးရောဂါနှင့်ပတ်သက်၍ အတွေ့အကြုံရှိပြီးဖြစ်၍ ယင်းရောဂါကိုလည်း ထိရောက်စွာထိန်းချုပ်သွားနိုင်မည်ဟု ယုံကြည်ပါကြောင်း၊ မိမိတို့အနေဖြင့် သတိဝီရိယရှိရန်လည်း လိုအပ်မည်ဖြစ်ပါကြောင်း၊ မိမိတို့အနေဖြင့် အချိန်နှင့်တစ်ပြေးညီ သတင်းအချက်အလက်များ ဖလှယ်ပူးပေါင်းဆောင်ရွက်ရန် လိုအပ်မှာလည်းဖြစ်ပါကြောင်း။

ဥရောပကောင်စီမှ မြန်မာနိုင်ငံအပေါ် ချမှတ်ထားသော စီးပွားရေးပိတ်ဆို့မှုများ ရုပ်သိမ်းခဲ့သည့် ဧပြီ ၂၂ ရက်က ဆုံးဖြတ်ချက်အပေါ် မြန်မာနိုင်ငံအနေဖြင့် ကြိုဆိုပါကြောင်း ပြောကြားလိုပါကြောင်း၊ အီးယူမှ မြန်မာနိုင်ငံ၏ ဒီမိုကရေစီဖော်ဆောင်မှုများနှင့် ပြုပြင်ပြောင်းလဲမှုများကို အသိအမှတ်ပြုခဲ့ခြင်းဖြစ်ပါကြောင်း။

၎င်းအတွက် ထောက်ခံအားပေးခဲ့သည့် အာဆီယံနိုင်ငံများကို အထူးကျေးဇူးတင်ရှိပါကြောင်း၊ မြန်မာနိုင်ငံ အပေါ်ကျန်ရှိသည့် ပိတ်ဆို့မှုများကိုလည်း အမြန်ဆုံးရုပ်သိမ်းနိုင်မည်ဟု မျှော်လင့်ပါကြောင်းဖြင့် ပြောကြားသည်။

အစည်းအဝေး အပြီးတွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲများသည် ဘရူနိုင်းဒါရူဆလမ်နိုင်ငံဘုရင်က တည်ခင်းဧည့်ခံသည့် နေ့လယ်စာစားပွဲသို့ တက်ရောက်သုံးဆောင်ကြသည်။

(သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် (၂၂)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေး အလုပ်သဘောညစာစားပွဲသို့ တက်ရောက်

နေပြည်တော် မေ ၂၅

ဘရူနိုင်းဒါရူဆလမ်နိုင်ငံ ဘန်ဒါဆရီဘီဂါဝန်မြို့၌ ရောက်ရှိနေသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ဧပြီ ၂၄ ရက် ည ၈ နာရီတွင် ဘန်ဒါဆရီဘီဂါဝန်မြို့ရှိ ဝန်ကြီးချုပ်ရုံး၌ ဘရူနိုင်းဒါရူဆလမ်နိုင်ငံဘုရင် ဆူလ်တန် ဟာဂျီဟာဆာနာလ် ဘိုကီးယားမူအစ်ဇာဒင်ဝါဒိုလာက တည်ခင်းဧည့်ခံသည့် (၂၂)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေး အလုပ်သဘောညစာစားပွဲသို့ တက်ရောက်သည်။ **(ယာပုံ)**

တက်ရောက်

အဆိုပါ အလုပ်သဘောညစာစားပွဲသို့ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အတူ ဘရူနိုင်းဒါရူဆလမ်နိုင်ငံဘုရင် ဆူလ်တန် ဟာဂျီဟာဆာနာလ် ဘိုကီးယား မူအစ်ဇာဒင်ဝါဒိုလာ၊ ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် မစ္စတာ ဆမ်ဒက်ဟွန်ဆန်၊ အင်ဒိုနီးရှားသမ္မတနိုင်ငံသမ္မတ ဒေါက်တာဆူစီလို ဘမ်ဘန်း ယုဒိုယိုနို၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ သွန်ဆင်းသမာဗောင်၊ မလေးရှားနိုင်ငံဝန်ကြီးချုပ်၏ အကူးကိုယ်စားလှယ် President of the Senate H.E Mr. Tan Sri Abu Zahar Ujang၊ ဖိလစ်ပိုင်သမ္မတနိုင်ငံ သမ္မတ မစ္စတာ ဘီနင်နိုအကွီနို၊ စင်ကာပူသမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာလီရှန်လွန်း၊ ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စရင်လပ်ရှင်နာဝပ်၊ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ငုယင်တန်ဇွန်းနှင့် အာဆီယံအတွင်းရေးမှူးချုပ် မစ္စတာ လီယောင်မင်ကို ကက်ရောက်ကြသည်။

ရှေးဦးစွာ ညစာစားပွဲသို့တက်ရောက်လာကြသည် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲများအား ဘရူနိုင်းဒါရူဆလမ်နိုင်ငံဘုရင် ဆူလ်တန် ဟာဂျီဟာဆာနာလ် ဘိုကီးယား မူအစ်ဇာဒင်ဝါဒိုလာက ရင်းနှီးခင်မင်စွာ နှုတ်ဆက်သည်။

ယင်းနောက် ဘရူနိုင်းဒါရူဆလမ်နိုင်ငံဘုရင်နှင့် နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲများသည် အတူတကွ ညစာသုံးဆောင်ကြသည်၊

ညစာစားပွဲအပြီးတွင် အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲများနှင့် အာဆီယံနိုင်ငံများမှ ဝန်ကြီးများသည် အလုပ်သဘောတွေ့ဆုံဆွေးနွေးကြသည်။ **(သတင်းစဉ်)**

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် (၂၂)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးတက်ရောက်ခဲ့ပြီး နေပြည်တော်သို့ ပြန်လည်ရောက်ရှိ

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အား ဒုတိယသမ္မတများဖြစ်ကြသည့် ဒေါက်တာစိုင်းမောက်ခမ်းနှင့် ဦးညွန့်ထွန်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် တာဝန်ရှိသူများ နေပြည်တော်လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြစဉ်။ (သတင်းစဉ်)

နေပြည်တော် မေ ၂၅

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ဘရူနိုင်းဒါရူဆလမ်နိုင်ငံ ဘန်ဒါဆရီဘီဂါဝန်မြို့၌ ကျင်းပသည့် (၂၂)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးသို့ တက်ရောက်ခဲ့ပြီးနောက် မြန်မာနိုင်ငံသို့ ပြန်လည်ထွက်ခွာရန် အဖွဲ့ဝင်များလိုက်ပါလျက် ဧပြီ ၂၅ ရက် ညနေပိုင်းတွင် ခေတ္တတည်းခိုသည့် အင်ပါယာဟိုတယ်မှ မော်တော်ယာဉ်များဖြင့် ထွက်ခွာခဲ့ပြီး ဘန်ဒါဆရီဘီဂါဝန် အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် ဘန်ဒါဆရီဘီဂါဝန်မြို့မှ ဒေသစံတော်ချိန် ညနေ ၃ နာရီတွင် အပြည်ပြည်ဆိုင်ရာမြန်မာလေကြောင်းအထူးလေယာဉ်ဖြင့်ထွက်ခွာရာ ဘရူနိုင်းဒါရူဆလမ်နိုင်ငံ ဝန်ကြီးချုပ်ရုံးဝန်ကြီးဌာနနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနတို့မှ အဆင့်မြင့်အရာရှိကြီးများ၊ ဘရူနိုင်းဒါရူဆလမ်နိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဒေါ်ယဉ်ယဉ်မြင့်နှင့် သံရုံးမှ ဝန်ထမ်းများနှင့် မိသားစုဝင်များက လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် ဘန်ဒါဆရီဘီဂါဝန်မြို့မှ ထွက်ခွာခဲ့ရာ နေပြည်တော်သို့ ညနေပိုင်းတွင် ပြန်လည်ရောက်ရှိကြသည်။

နိုင်ငံတော်သမ္မတဦးသိန်းစိန်နှင့်အဖွဲ့အား ဒုတိယသမ္မတများဖြစ်ကြသည့် ဒေါက်တာစိုင်းမောက်ခမ်းနှင့် ဦးညွန့်ထွန်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၊ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးကိုကို၊ ဒုတိယဗိုလ်ချုပ်ကြီးဝေလွင်၊ ဦးအောင်ကြည်၊ ဦးသိန်းညွန့်၊ ဦးကျော်ဆန်း၊ ဦးမြတ်ဟိန်း၊ ဦးညွန့်ထွန်းအောင်၊ ဦးသန်းငြေး၊ ဦးဝင်းရှိန်၊ တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်အေးနှင့် တာဝန်ရှိသူများက နေပြည်တော်လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အတူ ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ ဦးတင်နိုင်သိန်းနှင့် ဒေါက်တာကံဇော်၊ ဒုတိယဝန်ကြီး ဦးဇင်ယော်၊ ဒေါက်တာဒေါ်သိန်းသိန်းငွေး၊ ဒေါ်စန္ဒာခင်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ ပြန်လည်လိုက်ပါလာကြသည်။ **(သတင်းစဉ်)**

❑ အိမ်စာနှင့် ဂိမ်းကစားခြင်းမှ

ပိုမိုနှစ်သက်ကြသည်ဟု ဆိုသည်။ ကျောင်းသားတစ်ဝက်ခန့်က ကျောင်းစာကြည့်တိုက်ကို တစ်ပတ်တစ်ကြိမ်သွားသော်လည်း ၇ ဒသမ ၇ ရာခိုင်နှုန်းမှာ တစ်ကြိမ်တစ်ခါမျှ သွားရောက်ခြင်းမရှိကြောင်း၊ ၅၆ ရာခိုင်နှုန်းနီးပါက ဆဲလ်ဖုန်းနှင့် တက်တလက်ကွန်ပျူတာများအသုံးပြု၍ လေ့လာဖတ်ရှုကြသကဲ့သို့ ၄၂ ဒသမ ၄ ရာခိုင်နှုန်းထ တစ်ခါတစ်ရံမျှသာ အသုံးပြုလေ့လာဖတ်ရှုကြောင်း တွေ့ရှိရသည်။

"စမတ်ဖုန်းတို့၊ အိုင်ပတ်ဒ်တို့၊ ကွန်ပျူတာတို့ကနေ စာဖတ်တာက အဆင်ပြေပေမယ့် အားနည်းချက်တော့ ရှိတယ်ဗျ။ အဲဒါတွေနဲ့ ဂိမ်းတို့၊ ဗီဒီယိုတို့၊ အခြားဖျော်ဖြေရေးဟာတွေနဲ့ ချိတ်ဆက်ထားလိုက်ရင် ကျောင်းသားတွေက စာဖတ်ဖို့ သိပ်အာရုံမရှိကြတော့ဘူး"ဟု လူ့ကြောပြောကြားသည်။

ရှုန်ဟိုင်းဒေးလီး။

❊ ကျောဖုံးမှ

တိုက်ကြီးတစ်ခုစီတွင် အရေးပါသော ထူးခြားချက်ကိုယ်စီရှိနေသည်ထို တွေ့ရှိခဲ့ရသည်။

ယင်းသို့လေ့လာရာတွင် အလယ်ခေတ်ဝူနွေးမှု အချိန်ထာလ သို့မဟုတ် ရေခဲခေတ်ကာလစသည့် ကာလအပိုင်းအခြားလိုက်၍ ကမ္ဘာ့ရာသီဥတုအနေအထားများ ကွဲပြားခြားနားနေသည်ကို တွေ့ရှိရသည်။ ဥပမာအနေဖြင့် အေဒီ ၈၃၀ မှ ၁၁၀၀ ကာလတွင် ကမ္ဘာ့မြောက်စက်ဝိုင်းခြမ်းဒေသတွင် အလယ်ခေတ်ပူနွေးမှုကာလစတင်ဖြစ်ပေါ်နေချိန် ကမ္ဘာ့တောင်စက်ဝိုင်းခြမ်းဒေသ၌ အေဒီ ၁၁၆၀ မှ ၁၃၇၀ အထိ အလယ်ခေတ်ပူနွေးမှုကာလမျိုးမဖြစ်ပေါ်သေးသည်ကိုတွေ့ရှိရကြောင်း၊ ထိုထာလတွင် ကမ္ဘာ့မြောက်စက်ဝိုင်းခြမ်းဒေသထက် ကမ္ဘာ့တောင်စက်ဝိုင်းခြမ်းဒေသ၌ ရေခဲခေတ်ကာလကို ဆယ်စုနှစ်များစွာ စော၍ဖြစ်ပေါ်နေသည်ကို တွေ့ရှိရကြောင်း လေ့လာမှုတွင် ဖော်ပြထားသည်။

မိုးလေဝသပညာရှင်များ၏ အဆိုအရ လွန်ခဲ့သည့် နှစ်ပေါင်း ၅၀၀ အတွင်း ကမ္ဘာ့အပူချိန်သည် ပျမ်းမျှ ထုည ဒသမ ၄ ဒီဂရီဆဲလ်စီးယပ် (သုည ဒသမ ၇ ဒီဂရီ ဖာရင်ဟိုက်)ရှိသည်ဟု ဖော်ပြထားပြီး လွန်ခဲ့သည့် ဆယ်စုနှစ်များသည် အပူပြင်းဆုံးနှစ်များအဖြစ် ရပ်တည်နေကြောင်း သိရသည်။

ယူပီအိုင်။

ပြည်သူတွေ ပျော်သည့်နေ့

မကွေးခရိုင်

မကွေးတိုင်းဒေသကြီး မကွေးခရိုင် မကွေးမြို့ဗိုလ်ချုပ်လမ်းပေါ်ရှိ မြန်မာ့ဆက်သွယ်ရေးရုံးတွင် မေ ၂၄ ရက် နံနက် ၁၀ နာရီမှစ၍ CDMA 800 MHz ဆင်းကတ်များကို (စာချုပ်ဝါအပြီးအစီး)ရောင်းချဝေးနေပြီဖြစ်ကြောင်း သိရသည်။

၁၅၀၁ ကျပ်တန် ဖုန်းဆင်းကတ်များကို သက်ဆိုင်ရာ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးသို့ အိမ်ထောင်စုဇယားမိတ္တူ၊ မှတ်ပုံတင်နှင့်လျှောက်ထားပြီး မေ ၂၃ ရက်တွင် ရောင်းချဝေးမည့်သူများစာရင်းအား ကြေငြာပေးခဲ့သည်။ မကွေးတိုင်းဒေသကြီး မကွေးမြို့နယ်တွင် ၅၅၅၀၊ ပခုက္ကူမြို့နယ်တွင် ၄၄၆၀၊ ရေစကြိုမြို့နယ်တွင် ၆၀၀၊ ဆိပ်ဖြူမြို့နယ်တွင် ၉၉၀၊ ချောက်မြို့နယ်တွင် ၉၆၀၊ ရေနံချောင်းမြို့နယ်တွင် ၉၉၀၊ မင်းဘူးမြို့နယ်တွင် ၁၀၇၀၊ အောင်လံမြို့နယ်တွင် ၆၄၀၊ ငဖဲမြို့နယ်တွင် ၂၄၀ စသည်ဖြင့် အသီးသီးခွဲတမ်းရရှိသည့် ဆင်းကတ်စုစုပေါင်း ၁၅၅၁၀ ချပေးခဲ့ကြောင်း သိရသည်။

ခိုင်စိုးလင်း(မကွေးကိုယ်ပွား)

တောင်ငူမြို့နယ်

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ်အတွင်းရှိ CDMA-800 MHz မိုဘိုင်းဖုန်းကွန်ရက်မိသည့် ရပ်ကွက်/ကျေးရွာအုပ်စု ၅၀ သို့ သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးရုံးများမှတစ်ဆင့် မေ ၂၄ ရက် နံနက်ပိုင်းမှ စတင်၍ မဲစနစ်ဖြင့် ဖြန့်ဝေခဲ့ကြောင်းသိရသည်။ မဲစနစ်ဖြင့် ဖြန့်ပေရာတွင် ပွင့်လင်းမြင်သာမှုရှိစေရန်နှင့် တရားမျှတမှုရှိရန်အတွက် ရပ်ကွက်အထောက်အကူပြုအဖွဲ့၊ ရပ်မိရပ်ဖများ၊ ဆယ်အိမ်စုမှူးများက အနီးကပ်ကြီးကြပ်၍ အများပြည်သူရှေ့မှောက်ဖြန့်ပေခဲ့ကြောင်း သိရသည်။

တောင်ငူမြို့နယ် အများပြည်သူများအတွက် ဆင်းကတ် ၂၂၃၃ ကတ်၊ ဌာနဆိုင်ရာ ဝန်ထမ်းများအတွက် ၁၁၁၇ ကတ် စုစုပေါင်း ၃၃၅၀ ဖြန့်ဝေခဲ့ပြီး ဖြူးမြို့နယ်ရှိ ဌာနဆိုင်ရာဝန်ထမ်းများနှင့် အများပြည်သူအတွက် ၅၂၀၊ ရေတာရှည်မြို့နယ် ဌာနဆိုင်ရာဝန်ထမ်းများနှင့် အများပြည်သူအတွက် ၀၅၄၀ ဖြန့်ပေခဲ့ကြောင်း ပဲခူးတိုင်းဒေသကြီး မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၏ စာရင်းများအရ သိရသည်။

(ကျော်စွာ-တောင်ငူ)

ကျောက်ဆည်ခရိုင်

တန်ဖိုးနည်း CDMA - 800 MHz မိုဘိုင်းဖုန်းများကို မေ ၂၄ ရက်မှ စတင်ပြီး နိုင်ငံတစ်ဝန်းထုံးရောင်းချပေးလျက်ရှိရာ မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင်အတွင်းရှိ မြို့နယ်လေးမြို့နယ်အနက် ကျောက်ဆည်မြို့အတွက် ၃၀၀၀ နှင့် မြစ်သားမြို့အတွက် ၁၀၀၀ ကို စတင်ရောင်းချဝေးလျက်ရှိသည်။

ကျောက်ဆည်မြို့နယ် ဝန်ထမ်းများအတွက် ၁၁၀၀၊ ကျန်သည့် ၂၀၀၀ ကို ကျောက်ဆည်မြို့နယ်အတွင်းရှိ ကျေးရွာ/ရပ်ကွက် စ၃ အုပ်စုနှင့် စဥ့်ကိုင်မြို့နယ်အတွင်းလိုင်းမိသည့် ၀၃ အုပ်စုတို့မှာ ရှိသင့်အိမ်ထောင်စုနှင့် စာပြီးခွဲတမ်းဖြင့်ဝေးပြီး မြစ်သားမြို့နယ်အတွက် ရရှိသည့်ခွဲတမ်း ၁၀၀၀၊ ဆက်သွယ်ရေးတိုင်နှင့် ငါးမိုင်အတွင်းရှိ ရပ်ကွက်/ကျေးရွာ ၄စ ရွာအတွက် ၆၀၀၊ ဝန်ထမ်းနှင့် အဖွဲ့အစည်းများအတွက် ၃၃၃ ကတ်နှင့် သာသနာရေးအတွက် ၆၇ ကတ် ဖြန့်ဝေသွားမည်ဖြစ်ကြောင်း သိရသည်။

(ထွန်းထွန်းနိုင်)

အမရပူရမြို့နယ်

မေ ၂၄ ရက်သည် ပြည်သူများအားလုံး ဝမ်းသာပျော်ရွှင်ရသောနေ့ပင်ဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် မြန်မာပြည်တစ်ဝန်း CDMA-800 MHz ဖုန်းကတ်များကို တစ်ပြည်လုံးအတိုင်းအတာဖြင့် ပထမအသုတ် စတင်ရောင်းချပေးသောနေ့ဖြစ်သည်။ မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် ဖြစ်ငယ်မြို့မ ရပ်ကွက်တွင်လည်း CDMA-800 MHz ဖုန်းဆင်းကတ်များကို မဲစနစ်ဖြင့် မေ ၂၄ ရက် မွန်းလွဲ ၂ နာရီတွင် စတင်ရောင်းချပေးခဲ့သည်။ ယင်းရပ်ကွက်တွင် ဖုန်းကတ်လျှောက်ထားသူ ၂၃၄ ဦးရှိပြီး ဖုန်းကတ်များ ခွဲတမ်းစနစ်အရ ၈၆ ဦး ဝယ်ယူခွင့်ရရှိခဲ့သည်။ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးမောင်မောင်က "ကျွန်တော်ကိုယ်တိုင်လည်း ပွင့်လင်းမြင်သာတရားမျှတစွာ ဖုန်းကတ်မဲများကို အများနည်းတူ နှိုက်ယူမှာပါ၊ ဖုန်းကတ်မပေါက်သေးလည်း နောက်လတွေ ရောင်းပေးဦးမှာပါ၊ တရားမျှတစွာနဲ့ လုပ်ဆောင်ပေးသွားမှာဖြစ်ပါတယ်"ဟု ပြောကြားသည်။ မဲစနစ်အရ ဖုန်းကတ်ပေါက်သူများက ပျော်ရွှင်ကြသလို မပေါက်သေးသူများကလည်း နောက်လများတွင် မျှော်လင့်လျက်ရှိကြောင်း သိရသည်။

မောင်မောင်စိုး(မြစ်ငယ်)

မွန်ပြည်နယ်

မွန်ပြည်နယ်အကျွင်း တန်ဖိုးနည်း ကျပ် ၁၅၀၁ တန် CDMA 800 MHz ဖုန်းများကို ဝကမဆုံးအကြိမ် ခွဲဝေရရှိသော ဖုန်းကတ် ၁၀၀၀၀ အနက် ဆက်သွယ်ရေး ဇရိယာတိုင်များရှိပြီး Network ဖမ်းယူရရှိနိုင်သည့် မော်လမြိုင်မြို့နယ်တွင် ၃၈၆၀၊ ကျိုက်ထိုမြို့နယ်တွင် ၁၅၀၀၊ သထုံမြို့နယ်တွင် ၁၄၃၀၊ သံဖြူဇရပ်မြို့နယ်တွင် ၁၂၅၀၊ ဘီးလင်းမြို့နယ်တွင် ၉၆၀ နှင့် မုဒုံမြို့နယ်တွင် ၁၀၀၀ ကတ် စသည်ဖြင့် အသီးသီးရောင်းချသွားမည်ဖြစ်ကြောင်း၊ ဖုန်းလိုအပ်သူများသည် အိမ်ထောင်စုစာရင်း မိတ္တူနှစ်စောင်၊ မှတ်ပုံတင်မိတ္တူနှစ်စောင်၊ ဓာတ်ပုံနှစ်ပုံနှင့်အတူလျှောက်ထားနိုင်ပြီး အိမ်ထောင်တစ်စုလျှင် ဖုန်းကတ်တစ်ခုသာ ရောင်းချကြောင်း သိရသည်။

(၆၉၄)

ကျောက်ပန်းတောင်းမြို့နယ်

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်တွင် တန်ဖိုးနည်းဖုန်းဆင်းကတ်များ ခွဲဝေရောင်းချနိုင်ရေးအတွက် ဌာနဆိုင်ရာများ၊ မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများအား မေ ၂၃ ရက် နံနက် ၁၀ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးတွင် ခေါ်ယူတွေ့ဆုံညှိနှိုင်းခဲ့ပြီး မေ ၂၄ ရက် နံနက်မှစတင်၍ ဌာနပေါင်း ၄၃ ဌာနအတွက် ဆင်းကတ် ဝ၁၀၀၊ ရပ်ကွက် ၁၂ ရပ်ကွက်အတွက် ၇၇၀၊ CDMA ကွန်ရက်လွှမ်းခြုံမှုရှိသော ကျေးရွာအုပ်စု ၄၃ အုပ်စုမှ ရွာပေါင်း ၁၄ပ အတွက် ၂၀၃၀ နှင့် တပ်ရင်းတပ်ဖွဲ့များအတွက် ၃၀၀ စုစုပေါင်းတန်ဖိုးနည်းဖုန်းဆင်းကတ် ၄၂၀၀ ကို သက်ဆိုင်ရာရပ်ကွက်နှင့် ကျေးရွာများတွင် လျှောက်လွှာတောင်းခံ၍ မဲစနစ်ဖြင့် ဖြန့်ဖြူးရောင်းချပေးကြောင်း သိရသည်။

(၆၂၈)

ထားဝယ်မြို့နယ်

CDMA-800 MHz တန်ဖိုးနည်း မိုဘိုင်းဖုန်းဆင်းကတ်များကို ထားဝယ်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ကြီးကြပ်၍ မြို့နယ်အုပ်ချုပ်ရေးမှူးက ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများအား စနစ်တကျ ရောင်းချရေး စီစဉ်ဆောင်ရွက်လျက်ရှိရာ မေ ၂၄ ရက် နံနက်ပိုင်းတွင် ထားဝယ်မြို့ပေါ်ရှိ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများ၌ မဲနှိုက်ရောင်းချခဲ့သည်။

တန်ဖိုးနည်းမိုဘိုင်းဖုန်းများကို ထားဝယ်မြို့ရှိ မြို့ပေါ်ရပ်ကွက် ၁၅ ရပ်ကွက်သို့ တန်ပိုးနည်းဖုန်းဆင်းကတ် ၁၂၆၀ ရောင်းချပေးကြောင်း သိရသည်။

(၈၅၂)

ကျောက်တံတား အမှတ်(၃)ရပ်ကွက်

ကျောက်တံတားမြို့နယ် အမှတ်(၃)ရပ်ကွက်တွင် CDMA - 800 MHz စနစ်အမျိုးအစား မိုဘိုင်းဖုန်းများကို မေ ၂၄ ရက် နံနက် ၉ နာရီတွင် ဓွေရသီ ၃၅ လမ်း(အထက်)မှော်ရ၌ မဲနှိုက်စနစ်ဖြင့် ပြုလုပ်ခဲ့သည်။ ထိုသို့ မဲနှိုက်ရာတွင် မြို့နယ်စာရင်းစစ်ဦးစီးဌာနမှ တစ်ဦးနှင့် ရပ်မိရပ်ဖ သုံးဦးတို့က ကြီးကြပ်၍ ရပ်ကွက်အတွင်းရှိ ကလေးငါးဦးက အလှည့်ကျစနစ်ဖြင့် မဲနှိုက်ပေးခဲ့ကြကြောင်း သိရသည်။

စိုးပင်(MLA)

PUN HLAING HOSPITAL
ISO 9001:2008
ISO 14001:2004

မှန်ပြောင်းဖြင့်အစာအိမ်နှင့်အူလမ်းကြောင်းဆိုင်ရာခွဲစိတ်ကုသမှုအစီအစဉ်



အစာအိမ်၊အူလမ်းကြောင်းဆိုင်ရာရောဂါများနှင့်သည်းခြေအိတ်ဆိုင်ရာရောဂါများအား မှန်ပြောင်းဖြင့်ခွဲစိတ်ကုသခြင်းတို့ကို
မြန်မာဆရာဝန်ကြီးများနှင့် မလေးရှားနိုင်ငံမှအထူးကုဆရာဝန်ကြီး တို့ပူးပေါင်း၍ မေလ (၂) ရက်မှ (၄) ရက်နေ့အထိ
ပန်းလှိုင်ဆေးရုံကြီးတွင် လာရောက်ခွဲစိတ်ကုသပေးမည်ဖြစ်ကြောင်းသတင်းကောင်းပါးအပ်ပါသည်။

မှန်ပြောင်းဖြင့်မီးယပ်ရောဂါဆိုင်ရာခွဲစိတ်ကုသမှုအစီအစဉ်

ကာလရှည်ကြာခံစားနေရသော ပြဿနာများအပါအဝင် သားအိမ်၊ သားဥပြွန်၊ သားဥအိမ်တို့တွင်ဖြစ်ပွားသော မီးယပ်ဆိုင်ရာရောဂါများကို မှန်ပြောင်းအသုံးပြု၍ ရောဂါရှာဖွေစစ်ဆေးခြင်းနှင့်ခွဲစိတ်ကုသခြင်းအမျိုးမျိုးတို့ကို မြန်မာဆရာဝန်ကြီးများနှင့်မလေးရှားနိုင်ငံမှဆရာဝန်ကြီး တို့ပူးပေါင်း၍ မေလ (၂) ရက်မှ (၄) ရက်နေ့အထိ ပန်းလှိုင်ဆေးရုံကြီးတွင် လာရောက်ခွဲစိတ်ကုသပေးမည်ဖြစ်ပါသည်။

ဆက်သွယ်ရန် - ရန်ကုန် (၀၁) ၆၈၄၃၂၃၊ (၀၉) ၄၂၀၀၄၂၆၇၉၊ (၀၁) ၂၄၃၀၁၀ / မန္တလေး (၀၉) ၄၃၂၀၇၇၈၁

ပြည်တွင်းရေးရာ

ရိုးရိုးတန်းဟု တပ်ထားသော မြို့ပတ်အထူးတွဲများ

ရန်ကုန် မေ ၂၅

ရန်ကုန်မြို့တွင် မြို့ပတ်နှင့် ဆင်ခြေဖုံးရထားများတွင် ရိုးရိုးတန်းဟု တပ်ထားသော အထူးတွဲများကို ပြေးဆွဲဝန်ဆောင်မှု ပေးနေပြီဖြစ်သည်။(အောက်ယာပုံ)

ထိုသို့ပြေးဆွဲခြင်းကို မေ ၁၇ ရက်မှ စတင်ခြင်းဖြစ်ပြီး "က"၊ "ခ"၊ "ဆ"၊ "ဇ"၊ "သ" စသော ရထားတွဲဆိုင်းငါးဆိုင်းတွင် အထူးတွဲတစ်တွဲစီချိတ်ဆွဲ၍ ဝန်ဆောင်မှုပေးခြင်းဖြစ်ကြောင်းသိရသည်။ ထိုတွဲများ၏ အပြင်ဘက်ခြမ်း အလယ်တည့်တည့်တွင် "အထူးတွဲ" ဟု စာကိုထင်ရှားစွာရေးသားထားသော်လည်း ဘေးထောင့်များတွင် "ရိုးရိုးတန်း" ဟူသော စာများကို ရေးသားထားခြင်းကြောင့် အဝေးပြေးရထားတွဲဆိုင်းများမှ တွဲများကို ပြန်လည်ပြုပြင်ပြေးဆွဲပေးခြင်းဖြစ်သည်ဟု သိရှိနိုင်သည်။

အဆိုပါ အထူးတွဲများဖြင့် ပြေးဆွဲနေကြောင်းကို မြို့ပတ်နှင့်ဆင်ခြေဖုံးရထားလမ်းတစ်လျှောက်ရှိ ဘူတာအသီးသီးတွင် ကြော်ငြာသင်ပုန်းများဖြင့် ခရီးသည်များသိရှိရန် အသိပေးထားခြင်းဖြစ်ပြီး စီးနင်းရန် သီးခြားလက်မှတ်အဖြစ်လည်း ရောင်းချလျက်ရှိသကဲ့သို့ အထူးတွဲများချိတ်ဆွဲထားသော ရထားတွဲဆိုင်း ငါးဆိုင်းကို ရထားစီးခရီးသည်များ လွယ်လင့်တကူ သိရှိရန် ရထားအချိန်စာရင်းကိုလည်း သီးခြားစီစဉ်ပေးထားခြင်းများရှိလာသည်။

အထူးတွဲများပေါ်တွင် ပလတ်စတစ်ထိုင်ခုံများဖြင့် စီစဉ်ထားမှုက စနစ်ကျပြီး တွဲအတွင်း ၃၆၀ ဒီဂရီ

လှည့်ပေးနိုင်သော ပန်ကာများဖွင့်၍ ပန်ဆောင်မှုပေးထားကာ ရထားပန်ထမ်းများလိုက်ပါ၍ တာဝန်ထမ်းဆောင် အကူအညီများပေးနေသည်ကိုလည်း တွေ့ရသည်။ ခရီးသည်တစ်ဦးအနေဖြင့် သာမန်အားဖြင့် တစ်ဦးလျှင် ငွေကျပ် ၁၀၀ ပြင့်အသွားအပြန် သော်လည်းကောင်း ခရီးစဉ်နှစ်ခုစီးနင်းနိုင်သော်လည်း အထူးတွဲအတွက် တစ်ဦးလျှင် ငွေကျပ် ၂၀၀ ဖြင့် ပယ်ယူကာ ခရီးစဉ်တစ်ခုသာ စီးနင်းခွင့်ရမည်ဖြစ်ကြောင်း သိရသည်။

"အထူးတွဲတွေပေါ်မှာ ကုန်ပစ္စည်းတွေ တင်ဆောင်တာမျိုးခွင့်မပြုပါဘူး၊ တင်ဆောင်တာကိုစစ်ဆေးတွေ့ရှိရင် ဒဏ်ငွေ ၂၀၀၀ ကျပ် ဒဏ်ရိုက်ပြီး ရှေ့ဘူတာရောက်တဲ့အခါ မိမိအစီအစဉ်နဲ့ ပြန်ချရမှာဖြစ်ပါတယ်" ဟု မြန်မာ့မီးရထားမှ တာဝန်ရှိသူတစ်ဦးက ရှင်းပြသည်။

ဘတ်စ်ကားများတွင် ခုံးတက်၊ ခုံဆင်းချိန်၌ ခရီးသည်များ ပြည့်ကျပ်ကာ စီးနင်းနေရခြင်းကြောင့် မြို့ပတ်နှင့် ဆင်ခြေဖုံးရထားများတွင် သက်သောင့်သက်သာ စီးနင်းနိုင်သော အထူးတွဲများ ချိတ်ဆွဲပေးမှုကို ခရီးသည်များက နှစ်သက်မှုရှိကြောင်း သိရသည်။ "အထူးတွဲရဲ့ ဝန်ဆောင်ပေးမှုကတော့ ကောင်းပါတယ်။ အထူးတွဲထဲမှာ အိမ်သာတွေတပ်ထားတာလည်း တွေ့ရတယ်။ ဒါပေမယ့် အပြင်ဘက်မှာ အထူးတွဲလို့တပ်ထားပေမယ့် ရိုးရိုးတန်းလို့ ရေးထားတာတွေတော့ဖျက်သင့်တယ်။ ကြည့်ရတာ တစ်မျိုးဖြစ်နေတာပေါ့နော်" ဟု ရထားစီးခရီးသည့်တစ်ဦးက အကြံပြုပြောကြားသည့်။

ယခုနောက်ပိုင်းတွင် ရန်ကုန်မြို့သို့ လာရောက်သည့် ကမ္ဘာလှည့်ခရီးသည့် ရထားစီးခရီးသည်များအတွက် လိုအပ်သောကူညီမှုများပေးရန်နှင့် မှားယွင်းစီးနင်းမှုမျိုး မဖြစ်စေရန် ကြပ်မတ်ပေးသည့်အနေဖြင့် တာဝန်ထမ်းဆောင်ပေးနေကြောင်း အထူးတွဲတွင် လိုက်ပါတာဝန်ထမ်းဆောင်နေသည့် မြန်မာ့မီးရထားမှ တာဝန်ရှိသူတစ်ဦးက ပြောပြခဲ့သည်။

ယခုအခါ ပြောင်းလဲတိုးတက်လာသော ခေတ်စနစ်နှင့်အညီ အများပြည်သူတို့သက်သောင့်သက်သာဖြင့် လုံခြုံစိတ်ချစွာ စီးနင်းနိုင်ရန် စီစဉ်ပေးလာသော အထူးတွဲများဖြည့်သွင်းပန်ဆောင်ပေးသော မြန်မာ့မီးရထား၏ အခြေအနေကို ရေးသားတင်ပြလိုက်ရပါသည့်။

(ထက်နိုင်-စမ်းချောင်း)

ဖမ်းတာတော့ဖမ်းပါ . . . အမှုအမြန်တင်ပေးပါ

ယာဉ်ထိန်းရဲများ၏ အဓိကရည်မှန်းချက်တစ်ခုမှာ ယာဉ်ကြောရှင်းဖို့ပင်ဖြစ်ပါသည်။ ပိုင်/မောင်း/ရောင်းတွေက ယာဉ်ထိန်းရဲများသိပ်ပြီးဖမ်းကြတာပဲလို့ တွေးထင်ကြပေမည်။ အမှန်တွင် ယာဉ်ထိန်းရဲများက စည်းကမ်းထိန်းပေးခြင်းနှင့် စည်းကမ်းကို တည့်မတ်ပေးခြင်းသာဖြစ်သည်။ စည်းကမ်းဖောက်လျှင် အရေးယူပါမည်။ အရေးယူဖို့ရာ ခေတ်မီစက်ကိရိယာများ၊ အရက်တိုင်းကိရိယာများ၊ အမြန်နှုန်းတိုင်းကိရိယာများ၊ ဆိုင်ကယ်များ၊ မော်တော်ယာဉ်များ ထုတ်ပေးထားပါသည်။ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီကလည်း မြို့တော်သန့်ရှင်းသာယာလှပရေးကို ထိခိုက်ပျက်စီးစေလျှင် စည်ပင်၊ ရဲတပ်ဖွဲ့နှင့် ယာဉ်ထိန်းရဲတို့ပူးပေါင်းပြီး ဖမ်းမည်ဖြစ်ပါသည်။ ပိုင်/မောင်း/ရောင်းတို့ဆောင်ရသည့် ဒဏ်ကြေးငွေကိုလည်း ရန်ကုန်မြို့တော်စည်ပင်ဘဏ်ထဲ အကုန်သွင်းရပါသည်။

ယာဉ်ထိန်းရဲအရာရှိက ချလံဖြတ်လိုက်ပြီဆိုရင် သုံးရက်မှငါးရက်အတွင်း လိုင်စင်ကိုရွေးယူရပါသည်။ ငါးရက်အတွင်းမရွေးခဲ့ရင် ထပ်မံအဖြစ်ရှိသလို၊ ချလံကိုအသုံးပြု၍လည်း ယာဉ်လိုက်ခွင့်မရှိပေ။ ချလံရက်လွန်ဖြင့်မောင်း/ရောင်းများကို ဝန်ထမ်းများက ဝိတ်ဖွင့်မပေးပေ။ မောင်း/ရောင်းများကလည်း ဂိတ်ပိတ်အပြစ်ဒဏ်ကို စီးရွံ့ကြပါသည်။ မ. ထ. သ မှာက ဆုကြေးချီးမြှင့်ငွေများပေးခြင်းကြောင့် ဖြစ်ပါသည်။ တစ်လတွင်လုပ်ရက် ၁၂ ရက်၊ ခေါက်ရေ ၀၀ပ (သို့မဟုတ်) မိုင် ၁၀၀၀ ပြည့်မီအောင်လိုက်ထားပါက ခြောက်လတစ်ကြိမ် ယာဉ်လုပ်သားများအတွက် မဟာသင်္ကြန်ပွဲတော် (ဧပြီလ)နှင့် သီတင်းကျွတ်ပွဲတော် (အောက်တိုဘာလ) တွင် ဖွံ့ဖြိုးရေးအကျိုးခံစားခွင့်ငွေများကို ထုတ်ဝေးပါသည်။ ထို့ပြင် နှစ်စဉ်လုပ်အားယှဉ်ပြိုင်ဆုကို ချီးမြှင့်ရာမှာ တစ်နှစ်အတွင်းလုပ်ရက်၊ ခေါက်ရေ ရှာဖွေရငွေပေါ်မူတည်ပြီးပေးပါသည်။

(၅၀)လမ်း ယာဉ်ထိန်းရုံးကို နယ်မြေအသီးသီးမှ ဖမ်းဆီးလိုင်စင်များ အမှုမတက်သေးလျှင်၊ ကွန်ပျူတာထဲမဝင်သေးလျှင် ချလံပေါ် ချလံဆင့်သွားလျှင် ငယ်စာရင်းပြန်လှန်ရသည်မှာ မောင်း/ရောင်းများအတွက် ရက်၊ အချိန်၊ လုပ်အားများ ကုန်လွန်ခြင်းကို ဖြစ်စေသည်နှင့်အမျှ လုပ်ရက်၊ ခေါက်ရေလျော့နည်းစေပါသည်။ ထို့အပြင် ယာဉ်တစ်စီးလိုင်းမဆွဲနိုင်လျှင် မဆွဲနိုင်သည်အလျောက် ခရီးသွားမိဘပြည်သူများ ကားကျပ်မှုကို ဖြစ်ပေါ်စေနိုင်ပါသည်။

သို့အတွက် . . . "ဖမ်းတာတော့ဖမ်းပါ. . . အမှုကို အမြန်ဆုံးတင်ပေးပါ" လို့ ပြောဆိုနေသံများကိုလည်း ယာဉ်လိုင်းလောကတွင် ကြားသိရပါသည်။

(၇၀၁)

ဈေးငွေမျှော်ကိုးမှုထက် ရှိသမျှအရင်းလေးဖြင့် မွေးမြူလုပ်ကိုင်ကြရန်လို

ရန်ကုန် မေ ၂၅

ပြည်တွင်း ငါး၊ ပုစွန်မွေးမြူသော လုပ်ငန်းလုပ်ကိုင်သူများ အနေဖြင့် ယခုလတ်တလောတွင် နိုင်ငံတကာမှ ပေးမည့် ချေးငွေအပေါ် မျှော်ကိုးစောင့်ဆိုင်းမှုထက် ရှိသမျှအရင်းလေးဖြင့် မွေးမြူလုပ်ကိုင်ကြရန်လိုအပ်ကြောင်း မြန်မာနိုင်ငံ ငါးမွေးမြူရေးလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးသန်းလွင်က ပြောသည်။

"အခု ငါးဈေးကွက်ပြန်လည်ဦးမော့လာပါပြီ။ မွေးဖူးတဲ့ငါးတွေကို ပြန်မွေးပါ။ အရင်လို ဧက ၀၀၀ လောက် မမွေးနိုင်ပေမယ့်လည်း ဧက ၂၀ လောက် မွေးထားရင် မိသားစုစားသောက်လို့ရတယ်။ အဲဒီလောက် ပမာဏဟာ သားသမီးတွေကို တက္ကသိုလ်ကျောင်းထားနိုင်တယ်။ နိုင်သလောက်လုပ်ကြပါ။ မွေးတတ်သလိုမွေးပြီးတော့ ကြိုးစားပြီးတော့ မွေး၊ အကျိုးဖြစ်ထွန်းလာမယ်"ဟု ၎င်းက မေ ၂၃ ရက်တွင် ပြောကြားသည်။

ယခု ပြည်တွင်းငါးဈေးကွက်တွင် မွေးမြူရေးငါး ထုတ်လုပ်မှုထက် ဈေးကွက်ပယ်လိုအားတိုးလာကာ ဈေးနှုန်းများမြင့်မားလာပြီး ဈေးကွက်အခြေအနေ ကောင်းလာကြောင်း၊ ငါးမွေးမြူမှုသာမက ပုစွန်မွေးမြူမှုတွင်လည်း ဈေးကွက်အခြေအနေကောင်းလာခြင်းဖြစ်ကြောင်း သိရသည်။

ချေးငွေကို မျှော်ကိုးစောင့်ဆိုင်း၍ မမွေးဘဲနေပါက ပိုင်ဆိုင်ထားသော ငါး၊ ပုစွန်ကန်များ ပျက်စီးခြင်း၊ မွေးမြူရေးကို အောင်မြင်စွာလုပ်ဆောင်နိုင်သော အတတ်ပညာများ အသုံးမချနိုင်ဘဲဖြစ်၍ အကျိုးယုတ်စေကြောင်း၊ ရှိသမျှအရင်းထည့်ကာ မွေးမြူခြင်းမှာ ယခင်ကရှုံးခဲ့သော အခြေအနေအတွက် ပြန်လည်ကုစားရန် အချိန်မီသည့်အနေအထားတွင်ရှိပြီး အရှုံးကျေနိုင်ကြောင်း သိရသည်။

(၆၈ပ)

ဉတ္တရာသီ တောက်မီး၏

ကုန်အမှတ်တံဆိပ်၊ အမည်၊ အမှတ်အသားကို မိမိတစ်ဦးတည်း မူပိုင်ဖြစ်ကြောင်း ကြေညာခြင်း

မှတ်ပုံတင်စာချုပ်အမှတ်-၃၀၉၃/၂၀၁၃

အမှတ်(၃၀၅)၊ ကမ်းနားလမ်း၊ မကျည်းတန်း(မြောက်)ရပ်ကွက်၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့တွင် နေထိုင်သူ ဒေါ်ချို၁၂/သဃက(နိုင်)၁ပစ၉၂၃၂၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ဝါသည်။

အထက်တွင် ကပ်နိုပ်ဖော်ပြထားသော ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားမှာ "မင်းသီဟ၊ နန်းကြီး၊ နန်းပြား၊ မုန့်ဟင်းခါး"စာသားကို အဖြူနှင့်အပြာ ရောယှက်နေသည့် ကောင်းကင်ပြင်၌ အဖြူရောင်စာသားဖြင့် ရေးသားဖော်ပြထားပါသည်။ ထိုစာသား၏ အောက်ဘက်တွင် အရှေ့ဘက်သို့ ဦးတည်၍ ရွှေထုပ်ကို နှုတ်သီးဖြင့် ကိုက်လျက်ပျံသန်းနေသော သိန်းငှက်တစ်ကောင်နှင့် အနောက်ဘက်သို့ ဦးတည်၍ ငွေထုပ်ကိုနှုတ်သီးဖြင့် ကိုက်လျက်ပျံသန်းနေသော သိန်းငှက်တစ်ကောင်တို့၏ ပုံကို ဖော်ပြထားပါသည်။ ၎င်းသိန်းငှက်နှစ်ကောင် ပျံသန်းနေသည် အောက်ခြေမျက်နှာပြင်တွင် အစိမ်းရောင် မြက်ခင်းပြင်ကို ဖော်ပြထားပါသည်။

၎င်းကုန်အမှတ်တံဆိပ်၊ အမည်အမှတ်အသားကို ရန်ကုန်မြို့ စာချုပ်စာတမ်းများ မှတ်ပုံတင်ရုံးတွင် ၂၅-၃-၂၀၁၃ ရက်စွဲပါ မှတ်ပုံတင်အမှတ်(၃၀၉၃/၂၁၁၃)ဖြင့် မှတ်ပုံတင်သွင်းထားရှိပြီးဖြစ်ပါသည်။

ဖော်ပြပါ လုပ်ငန်း၊ တံဆိပ်၊ အမည်အမှတ်အသားဖြင့် "နန်းကြီး၊ နန်းပြား၊ မုန့်ဟင်းခါး" စသည့် မြန်မာလူမျိုးတို့၏ အဓိကအစားအစာကို ကိုယ်တိုင်စီမံချက်ပြုတ် ရောင်းချသည်လုပ်ငန်းကို ယခုအခါတွင် အမှတ်(၄စ)၊ ကွန်းတောလမ်း၊ ကွန်းတော(တောင်)ရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့တွင် လုပ်ကိုင်သွားမည်ဖြစ်ပြီး နောင်တစ်ချိန်တွင်လည်း အဆင်ပြေမည့်နေရာများသို့ ပြောင်းရွှေ့လုပ်ကိုင်သွားမည်ဖြစ်ပါသည်။

အထက်ဖော်ပြပါ လုပ်ငန်း၊ တံဆိပ်၊ အမည်၊ အမှတ်အသားကို တစ်စိတ်တစ်ဒေသဖြစ်စေ၊ လုံးဝဖြစ်စေ၊ ထင်ယောင်ထင်မှား၊ ဆင်တူယိုးမှား ပြုလုပ်၍ မည်သူမဆို အသုံးပြုလာခြင်းများတွေ့ရှိပါက တည်ဆဲဥပဒေများအရ တရားစွဲဆို အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိသာစေရန် ကြေညာအပ်ပါသည်။

ညွှန်ကြားချက်အရ-

ဒေါ်အေးမြင့်ရီ(စဉ်-၃၁ပ၅၄)	ဦးသိန်းညွှန့်
BSc, DA, HGP, R.L, DBL, DML, DIL	BA, HGP,R.L, DBL,DML, DIL
ဒေါ်လှလှထွေး LL.B, DBL (စဉ်-၂၃၃၀၁)	တရားလွှတ်တော်ရှေ့နေ (စဉ်-၃၅၆၀)
ဒေါ်ချောချောအေး LL.B (စဉ်-၂၇၄၆၇)	အမှတ်(၀၅၃)၊ ဝထပ်(ဘယ်)၊
ဒေါ်ဝါဝါစံ LL.B (စဉ်၂၇၈၆၀)	ဆိပ်ကမ်းသာလမ်း
အထက်တန်းရှေ့နေများ	ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉ ၇၃၀ ၈၅၀၉၀၊ ၀၉ ၄၂၀၀၅၂၅၅	ဖုန်း-၀၉ ၅၀၁၁၈၃၇၊ ၀၉ ၅၀၅၃၁၀၇

ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဆိုင်ရာလုပ်ငန်းများ (Telecommunications and Information Technology)အား မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းနှင့် အကျိုးတူ ပူးပေါင်းဆောင်ရွက်လိုသည့် ပြည်တွင်းကုမ္ပဏီ/အဖွဲ့အစည်းများသို့ ဆွေးနွေးညှိနှိုင်းရန် ဖိတ်ခေါ်ခြင်း

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းသည် ပြည်သူများဆက်သွယ်မှု အဆင်ပြေချောမွေ့စေရန် အစဉ်ဆောင်ရွက်လျက်ရှိပါသည်။ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်ဆိုင်ရာ လုပ်ငန်းများ တိုးချဲ့ဆောင်ရွက်နိုင်ရေးအတွက် အကျိုးတူပူးပေါင်းဆောင်ရွက်လိုသည့် ကုမ္ပဏီ/အဖွဲ့အစည်းများနှင့် ဆွေးနွေး ညှိနှိုင်းလိုဝါသဖြင့် စိတ်ဝါဝင်စားသည့် ပြည်တွင်း ကုမ္ပဏီ/အဖွဲ့အစည်းများအနေဖြင့် ၂၉-၄-၂၀၁၃ ရက် ၁၀း၀၀ နာရီတွင် ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းဝညာဝန်ကြီးဌာန၊ ရုံးအမှတ်(၂)၊ နေပြည်တော်သို့ ကုမ္ပဏီ/အဖွဲ့အစည်း (၁)ခုလျှင် ကိုယ်စားလှယ်(၂)ဦးစီ တက်ရောက်နိုင်ပါရန် ဖိတ်ကြားအပ်ပါသည်။ တက်ရောက်မည့် ကိုယ်စားလှယ်များ၏ အမည်စာရင်းအား လုပ်ငန်းနှင့် စစ်ဆေးရေးဌာန၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ ဖုန်းနံပါတ် ၀၆၇-၄၀၇၀၅၆၊ ၀၉-၂၄၀ပ၀၀၄၊ အီးမေးလ်-moesaung.agm @mpt.net.mm သို့ ဆက်သွယ်ပေးပို့ပါရန် အသိပေးအကြောင်းကြားအပ်ပါသည်။

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း

သရုပ်ဆောင် Gwyneth Paltrow အား ကမ္ဘာ့အလှဆုံးအမျိုးသမီးအဖြစ် ဂုဏ်ပြုသတ်မှတ်

၁၉၉၈ ခုနှစ်က Shakespeare in Love ပြိုတိန်ဟာသဒရာမာဇာတ်ကားဖြင့် အော်စကာဆုရရှိခဲ့သူ သရုပ်ဆောင် Gwyneth Paltrow အား ၂၀၁၃ ခုနှစ်အတွက် ပီးပဲလ်မဂ္ဂဇင်းမှ ကမ္ဘာ့အလှဆုံးအမျိုးသမီးအဖြစ် ဂုဏ်ပြုသတ်မှတ်ပေးခဲ့ကြောင်း သိရသည်။

ခင်ပွန်းဖြစ်သူမှာ ပြိတိန်ရော့ခ်ဂီတအဖွဲ့ Cold Play အဖွဲ့မှ အဖွဲ့ဝင် ချားစ်မာတင် ဖြစ်ပြီး သားသမီးနှစ်ဦး၏ မိခင်ဖြစ်သူ အသက် (၄၀)အရွယ်ရှိ သရုပ်ဆောင် Paltrow သည် Iron Man 3 ဇာတ်ကားတွင် ဝါဝင်သရုပ်ဆောင်ထားခဲ့ပြီး သူမ၏ ပြင်ဝဘဝလနေမှ ပံစမာ အမြဲတမ်းလိုလို မက်မောဖွယ်ကောင်းအောင် အလှအပပြင်ဆင်ထားခြင်းမျိုးမရှိကြောင်း ပြောကြားခဲ့သည်။

သရုပ်ဆောင် Paltrow က သူမအော်စကာဆုရရှိခဲ့သည့် Shakespeare in Love ဇာတ်ကားရိုက်ကူးနေစဉ်အတွင်း ကိုယ့်ကိုယ်ကိုယ် ငယ်ရွယ်တက်ကြွသည်ဟု ခံစားရပါကြောင်း၊ သရုပ်ဆောင်လောကကိုစတင်ပင်ရောက်စဉ်ကတည်းက မိမိကိုယ်ကိုယခုလောက် အောင်မြင်မည်ဟု မထင်ခဲ့ပါကြောင်း၊ ယခုအခါ ယင်းမှာ အိပ်မက်ဆိုးပင်ဖြစ်ပါကြောင်း၊ သူမလုပ်နိုင်ခဲ့ပြီဖြစ်ကြောင်း ပီးပဲလ်မဂ္ဂဇင်းသို့ ပြောကြားခဲ့သည်။

၂၀၁၃ ခုနှစ်အတွက် ပီးပဲလ်မဂ္ဂဇင်းမှ ရွေးချယ်ဂုဏ်ပြုသည့် ကမ္ဘာ့အလှဆုံး အမျိုးသမီး အယောက် ၁၀၀ စာရင်းတွင် သရုပ်ဆောင် Gwyneth Paltrow က ထိပ်ဆုံးမှဖြစ်ပြီး အဆိုပါစာရင်းဝင်အခြားသော အနုပညာရှင်များမှာ သရုပ်ဆောင် ဂျနီဖာလောရန့်စ်၊ ဟယ်လီဘာရီ၊ သရုပ် ဆောင် Drew Barrymore၊ သရုပ်ဆောင် ကယ်ရီဝါရှင်တန်၊ သရုပ်ဆောင်၊ အမန်ဒါ ဆေးဖရိုင်း၊ ဂျိန်းဖွန်ဒါ၊ တေးသရှင် ကယ်လီရိုလန်နှင့် တေးသ ရှင် Pink စသည် အနုပညာရှင်များ ပါဝင်ခဲ့ကြကြောင်း သိရသည်။

ငြိမ်းစန္ဒာမြင့်

The Last Stand ဇာတ်ကားရုံတင်

ရဲအရာရှိကြီး ရေးအိုပင်စ်သည် လော့စ်အိန်ဂျလိစ်မြို့ ရဲတပ်ဖွဲ့၌ စစ်ဆင်ရေးတစ်ခုဆင်နွှဲစဉ် လွဲချော်မှုဖြစ်ပြီး သူတွဲဖက်အရာရှိ ဒကိုတာဘဝ ရောက်ကာ သူ့အဖွဲ့တစ်ဖွဲ့လုံး ကျဆုံးသဖြင့် စိတ်ဓာတ်ကျ၍ အရီဇိုးနားပြည်နယ်ရှိ နယ်စပ်မြို့ကလေးသို့ ပြောင်းရွှေ့ တာဝန်ထမ်းဆောင်ခဲ့သည်။ ညတစ်ညတွင် မက္ကဆီကန်ဘိန်းဘုရင် ကော်ဆက်ဇ်သည် အက်(ဖ်)ဘီအိုင်၏ ထိန်းသိမ်းခြင်းခံထားရစဉ် လတ်စ်ဗီးဂတ်စ်မြို့မှ ထွက်ပြေးပြီး ဖြန်လည်မွမ်းမံထားသည့် ချက်ပလက်ကော်ဆက် C6-ZR-I မော်တော်ကားဖြင့် အက်(ဖ်)ဘီအိုင်အရာရှိ အယ်လင်ရစ်ချတ်(စ်)ကို ဓားစာခံအဖြစ် ဖမ်းဆီးပြီး မက္ကဆီကိုနိုင်ငံ တောင်ဘက်သို့ မောင်းနှင်ထွက်ပြေးသွားသည်။

ဆမ်မာတန်မှ လယ်သမားကြီး ပါဆင်(စ်) အသတ်ခံရကြောင်းသိရ၍ ကားဘီးရာများကို မြေရာခံလိုက်ရာ ကော်တက်(ဇ)၏ ညာလက်ရုံး ဘာရဲ(လ်)နှင့် အပေါင်းပါတစ်စုက မက္ကဆီကို- အမေရိကန် နယ်ခြားစည်းဖြစ်သော ချောက်ကမ်းပါးကို ဖြတ်သန်းသည့် တံတားပေါ်မှ တိုက်ခိုက်ရန် စီစဉ်ထားကြောင်း အိုဝင်(စ်) နှင့် ဒုရဲမှူးနှစ်ဦးဖြစ်သော ဂျယ်ရီနှင့် ဆာရာတို့ သိရှိရသည်။ ဂျယ်ရီနှင့် ဆာရာတို့အား လူဆိုးများက ပစ်ခတ်ရာ ဂျယ်ရီ ဒဏ်ရာပြင်းထန်စွာရရှိပြီး အိုဝင်(စ်)က ၎င်းတို့ကို ရဲစခန်းသို့ ခေါ်လာခဲ့သည်။ ဒါရိုက်တာ Kim Jee-Won ရိုက်ကူးပြီး သရုပ်ဆောင် Arnold Schwarzenegger နှင့် Eduardo Noreiga တို့ ပါဝင်သရုပ်ဆောင်ထားသော The Last Stand အက်ရှင်ဇာတ်ကားကို ရန်ကုန်မြို့ မင်္ဂလာဒုံ(၁)တွင် ပြသမည်ဖြစ်သည်။

သမ္မတနှင့် သွင်ရုပ်ရှင်ရုံတို့တွင် ဇမ္ဗူ ထွန်းသက်လွင်ရိုက်ကူးထားသော "ပြုံးပြုံးပျော်ပျော် ထော်လော်ကန့်လန့်" ရုပ်ရှင်ဇာတ်ကားကို ကြည့်ရှုနိုင်ကြောင်း ရေးသားလိုက်ပါသည်။

နိုးငယ်

တစ်နှစ်တာအကောင်းဆုံး ဂုဏ်ပြုဆုပိုင်ရှင် Will.i.am

လာမည့် မေ ၁၅ ရက်တွင် ကျင်းပသည့် နိုင်ငံတကာဆိုင်ရာ ကြော်ငြာ၊ ဒီဇိုင်း၊ နှစ်ဦးနှစ်ဖက် အကျိုးရှိသော လူ့ဆောက်ဆံရေး ဆိုင်ရာများ အတွက်ပေးအပ်သော တစ်နှစ်တာ အကောင်းဆုံး ဂုဏ်ပြုဆုဝေးပွဲ (CLIO) (၅၄)ကြိမ်မြောက် အခမ်းအနားကို နယူးယောက်မြို့တော်ရှိ အမေရိကန် သဘာဝသမိုင်းပြတိုက်၌ ကျင်းပမည်ဖြစ်သည်။

Will.i.am ဟာ တေးဂီတမှာ ဆရာတစ်ဆူမဟုတ်ပေမယ့် သူရဲ့ ဂီတဖန်တီးပုံစံက တစ်မူထူးခြားပြီး သူရဲ့ အကန့်အသတ်မရှိတဲ့ ဖန်တီးနိုင်မှု၊ နည်းပညာ၊ ချို့တဲ့သူများကို စောင်မကူညီမှုတွေဟာ CLIOs အခမ်းအနားရဲ့ တန်ဖိုးအားလုံးကို ကိုယ်စားပြု ပုံဖော်ပေးသလိုဖြစ်ပြီး အပြောင်းအလဲ၊ ခွန်အားနဲ့ အတွေးအမျိုးမျိုးကိုလည်း သူက ပေးစွမ်းနိုင်တယ်ဟု အခမ်းအနား စီမံအုပ်ချုပ်ရေးဒါရိုက်တာ Nicole Purcell က ပြောကြားသည်။

အဆိုတော် ရက်ပ်ပါ Will.i.am တစ်ယောက် ၂၀၁၃ ခုနှစ် တစ်နှစ်တာအကောင်းဆုံး ဂုဏ်ပြုဆုကို မေ ၁၅ ရက်တွင် လက်ခံရယူရမည်ဖြစ်သည်။

တူနစ်ကိုယ်ယှဉ်တွဲ လက်တွဲတော့မည့် အေဗရိလ်လာဗင်း

ကနေဒီယန် အဆိုတော်မလေး အေဗရိလ်လာဗင်းကို ပြီးခဲ့သည့် သြဂုတ်လက သူမ၏ချစ်သူ အဆိုတော် ချတ်ကရိုဂါက စေ့စပ်ရန် စကားကမ်းလှမ်းခဲ့ကြောင်း၊ ယခုအတောအတွင်း ထိမ်းမြားလက်ထပ်ရန် ထည်ဝါသော အခမ်းအနားတစ်ခု စီစဉ်နေကြောင်း မကြာသေးမီက အရိပ်အမြွက်ပြောပြခဲ့သည်။

အေဗရိလ်က သူမ၏ တစ်သက်တာ တူယှဉ်တွဲ အိပ်မက်စိတ်ကူးကို သူမကိုယ်တိုင် ဦးဆောင်ပုံဖော်ရန် သူမ၏ ခင်ပွန်းလောင်းက ခွင့်ပြုထားကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

"မင်္ဂလာကိစ္စအတွက် ကျွန်မ ဦးစီးဆောင်ရွက်နေပါတယ်။ အစားအသောက်စာရင်းနှင့် ညှော်ကြိုကိစ္စ စီစဉ်ပြီးရင် သူ့ရဲ့ထင်မြင်ချက်ကို ကြားရမယ်လို့ ထင်ပါတယ်။ ဒါပေမယ့် သူက ခွင့်ပြုပေးရလောက်ပါပဲ။ ကျွန်မက ဦးစီးဆောင်ရွက်ရတာပါ။ ကျွန်မတို့နှစ်ဦးစလုံး စိတ်လှုပ်ရှားနေကြတယ်" ဟု အဆိုတော်မလေး အေဗရိလ်က ထပ်လောင်းပြောပြသည်။

အေဗရိလ်၏ သီချင်းအယ်လ်ဘမ်အတွက် အတူတကွ ဆောင်ရွက်ကြရာမှစ၍ ချစ်သူတွေဖြစ်ခဲ့ကြသော ကရိုဂါနှင့် အေဗရိလ်တို့က လမကြာမီ စေ့စပ်ကြောင်းလမ်းတော့မည်ဖြစ်ပါကြောင်း သတင်းကောင်းပါးသွားသည်။

ဇေယျာလင်း



"ဂေါ်လီ" အမည်ရှိတယ်လီယာ မွေးပွ အဖြူရောင် ၁နှစ် ၂လသားအရွယ် နှာခေါင်းနက်နှင့် ခွေးထီးလေး တစ်ကောင်သည် ဧပြီလ ၀၂ရက်နေ့ ည ၁၀နာရီခွဲ အချိန်က တောင်ဥက္ကလာပ (၃)ရပ်ကွက် ငွေကြာယံတန်းကြီးကျောင်းအနီးတွင် ပျောက်ဆုံးသွားပါသည်။ တွေ့ရှိပါက ဆက်သွယ်အကြောင်းကြားပေးပါ ကျေးဇူးဆပ်ပါမည်။
ဆက်သွယ်ရန်လိပ်စာ-အမှတ်၀၈၅(၀၀)လမ်း၊ (၃)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ဖုန်း-၀၉- ၇၃၀၀၅၈၀၀၊ ၀၉ ၅၁၆ ၂၄၄၅၊ ၀၉ ၅၁၆၄၂၅၆

သင်သွေးဖြင့် အသက်ကယ်ပါ

ဖယ်ကာအိုကို ခေါ်ယူရန် ယုံကြည်ထားသော်လည်း ကာဗာနီအား ဆွေးနွေးရန် ချယ်လ်ဆီး ပစ်ပယ်

ချယ်လ်ဆီးအသင်းသည် စပိန်လာလီဂါကလပ်အက်သလက်တီကိုမက်ဒရစ်အသင်းမှ ကိုလံဘီယာတိုက်စစ်မှူးဖယ်ကာအိုအားခေါ်ယူနိုင်ရေး အားပြိုင်မှုတွင် အနိုင်ရရှိမည်ဟု ယုံကြည်ထားကြောင်း သိရသည်။

ကိုလံဘီယာတိုက်စစ်မှူးဖယ်ကာအို၏ ကိုယ်စားလှယ်များနှင့် အက်သလက်တီကိုမက်ဒရစ်အသင်းအကြီးအကဲများ ဖယ်ကာအို၏ အပြောင်းအရွှေ့နှင့် ပတ်သက်၍ ဆွေးနွေးဆဲဖြစ်သော်လည်း ချယ်လ်ဆီးအသင်းကမူ ဖယ်ကာအိုအား စာချုပ်ချုပ်ဆိုခေါ်ယူရန် နီးစပ်နေပြီဟု ယူဆထားကြသည်။

ချယ်လ်ဆီးအသင်းပိုင်ရှင်အေဘရာမိုဗစ်ချ်သည် အက်သလက်တီကိုမက်ဒရစ်တိုက်စစ်မှူး ဖယ်ကာအိုအား တစ်ပတ်လုပ်ခပေါင် ၂၀၀၀၀၀ ပေးရန် ရည်ရွယ်ထားကြောင်းနှင့် အက်သလက်တီကိုမက်ဒရစ်အသင်းမှ တောင်းဆိုသည့် ပေါင် ၄၆ သန်းကိုလည်း ပေးလိမ့်မည်ဟု ဆိုသည်။

ချယ်လ်ဆီးအသင်းသည် အသက်(၂၇)နှစ်အရွယ် တိုက်စစ်မှူးဖယ်ကာအိုကို ယခုနှစ် နွေရာသီအပြောင်းအရွှေ့ကာလတွင် အပြီးသတ်ခေါ်ယူမည်ဟု အခိုင်အမာပြောကြားခဲ့သော်လည်း အီတလီစီးရီးအေကလပ်နာပိုလီ အသင်းမှ ဥရုဂွေးတိုက်စစ်မှူး ကာဗာနီအားခေါ်ယူရေးနှင့်ပတ်သက်၍ ပစ်ပယ်ထားခဲ့ကြောင်း သိရသည်။

သို့ရာတွင် နာပိုလီတိုက်စစ်မှူးကာဗာနီ၏ ကိုယ်စားလှယ်များကမူ စတမ်းဖို့ဘရစ်ချ်သို့ ကာဗာနီရောက်ရှိရန် ချဉ်းကပ်မှုများ မကြာသေးမီက ပြုလုပ်ခဲ့ကြောင်းသိရသည်။

လီဝန်ဒိုစကီး၏သွင်းဂိုးများဖြင့် ရီးယဲလ်ကို ဒေါ့မွန် ဂိုးပြတ်နိုင်

ချန်ပီယံလိဂ်ဆီမီးဖိုင်နယ်အဆင့် ပထမအကျော့ပွဲစဉ်အဖြစ် ဂျာမန်ဘွန်ဒက်လီဂ်ကလပ်ဒေါ့မွန်အသင်းနှင့် စပိန်လာလီဂါကလပ် ရီးယဲလ်မက်ဒရစ်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ဒေါ့မွန်အသင်းသည် တိုက်စစ်မှူး ရောဘတ်လီဝန်ဒိုစကီး၏ သွင်းဂိုးများဖြင့် ရီးယဲလ်မက်ဒရစ်အသင်းကို လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ယင်းပွဲစဉ်တွင် နှစ်သင်းစလုံးသည် ၄-၂-၃-၁ ပုံဖြင့် ကိုယ်စီပွဲထွက်လာခဲ့ပြီး တိုက်စစ်မှူး လီဝန်ဒိုစကီးက ဒေါ့မွန်အသင်းအတွက် လေးဂိုးအထိသွင်းယူပေးနိုင်ခဲ့သော်လည်း ရီးယဲလ်မက်ဒရစ်အသင်းမှာမူ ပွဲကစားချိန် ၄၃ မိနစ်တွင် တောင်ပံကစားသမား စီရိုနယ်လ်ဒို၏ သွင်းဂိုးတစ်ဂိုးသာ ရရှိခဲ့ပြီး ဂျာမန်မြေ၌ ရီးယဲလ်မက်ဒရစ်အသင်း လေးဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့ရသည်။

တိုက်စစ်မှူးလီဆန်ဒရိုလိုပက်ဇ် စပါးသို့ ပြောင်းရန် ဆန္ဒရှိနေ

ပြင်သစ်ကလပ်လိုင်ယွန်အသင်းမှ တိုက်စစ်မှူးလီဆန်ဒရိုလိုပက်ဇ်သည် ယခုနှစ်နွေရာသီအပြောင်းအရွှေ့ကာလတွင် လိုင်ယွန်အသင်းမှ ထွက်ခွာရန် အသင့်ရှိနေကြောင်း ထုတ်ဖော်ပြောကြားခဲ့ပြီးနောက် ပရီမီယာလိဂ်ကလပ် စပါးအသင်းသို့ ပြောင်းရွှေ့ကစားရန် ဆန္ဒဖြစ်ပေါ်နေကြောင်း သိရသည်။

အသက်(၃၀)အရွယ်တိုက်စစ်မှူး လိုပက်ဇ်သည် မကြာသေးသည့် သီတင်းပတ်များက အသင်းမန်နေဂျာရီမီဂါဒီနှင့်ဆက်ဆံရေးအဆင်မပြေမှုများဖြစ်ခဲ့ပြီး လက်ရှိတွင် လိုင်ယွန်အသင်းမှ ထွက်ခွာရန် ဆန္ဒရှိနေသည်ဟု ဆိုသည်။

ယခုနှစ်ဘောလုံးရာသီတွင် ၂၉ ပွဲ၌ ၁၁ ဂိုးဖန်တီးပေးနိုင်ခဲ့သည့် လိုင်ယွန်တိုက်စစ်မှူး လီဆန်ဒရိုဝက်ဇ်အား စပါးအသင်းနည်းပြ အန်ဒရီဗီလာဘိုအာ့စ်က ခေါ်ယူရန်စိတ်ဝင်စားနေကြောင်းလည်း သိရသည်။

ထို့ကြောင့် လိုင်ယွန်အသင်းမှ ထွက်ခွာတော့မည့် တိုက်စစ်မှူး လိုပက်ဇ်ကို စပါးအသင်းက ခေါ်ယူစာချုပ်မည်ဟု ပြောကြားလာချိန်တွင် တိုက်စစ်မှူး လီဆန်ဒရိုလိုဝက်ဇ်ကလည်း ယခုနှစ်ဘောလုံးရာသီမကုန်မီ လိုင်ယွန်အသင်းဥက္ကဋ္ဌ နည်းပြချုပ်တို့နှင့် တွေ့ဆုံဆွေးနွေးမည်ဟု ဆိုသည်။

စပါးအသင်းက အဒိဘာယော ထွက်ခွာမည်ဟုဆို၍ တိုက်စစ်မှူးသစ်နှစ်ဦးခေါ်ယူရန်ရှိနေပြီး လိုင်ယွန်အသင်းကလည်း စာချုပ်သက်တမ်းတစ်နှစ်သက်တမ်းကျန်ရှိနေသေးသည့် တိုက်စစ်မှူး လိုပက်ဇ်ကို ပေါင်ငါးသန်း ရရှိရန် မျှော်လင့်ထားကြောင်း ဆိုသည်။

နိုင်လင်းကြည်

ပရီမီယာလိဂ်ရင်ခုန်သံ-၃၅

ပရီမီယာလိဂ်ပွဲစဉ်(၃၅)ကိုလာမယ့် ဧပြီ ၂၇၊ ၂၈၊ ၃၀ ရက်တွေမှာကျင်းပသွားဖို့ရှိပါတယ်။ ပရီမီယာလိဂ် ပြိုင်ပွဲဟာ ချန်ပီယံဆုအတွက် အကြိတ်အနယ်မရှိတော့ပေမယ့်လည်း ကျန်အားပြိုင်မှုတွေဖြစ်တဲ့ ချန်ပီယံလိဂ်ဝင်ခွင့်၊ ယူရိုပါလိဂ်ဝင်ခွင့်နဲ့တန်းမဆင်းရရေးအားပြိုင်မှုတွေကတော့ ဆက်လက်အကြိတ်အနယ်ရှိနေဆဲပါ။ ဒါကြောင့် အဆိုပါပွဲစဉ်(၃၅)အနက်က ဧပြီ ၂၇ ရက်မှာကစားမယ့် ပွဲစဉ်တွေကိုကြိုတင်သုံးသပ်ပေးလိုက်ပါတယ်။

မန်စီးတီး-ဝက်စ်ဟမ်း ညနေ၆း၁၅(၂၇-၄-၂၀၁၃)

ပထမကျော့ရလဒ် ဝက်စ်ဟမ်း ၀-၀ မန်စီးတီး

အခုနောက်ပိုင်းဝက်စ်ဟမ်းရဲ့ ရှုံးအားကမဆိုးဘူး။ နောက်ဆုံးကစားခဲ့တဲ့ ငါးပွဲဆက်တိုက်အရှုံးမရှိခဲ့တာတွေ့ရတယ်။ ဒါပေမယ့် ဝက်စ်ဟမ်းဟာ အဝေးကွင်းပွဲစဉ်တွေမှာတော့ကစားပုံအနည်းငယ်ကျဆင်းခဲ့တတ်တာသတိပြုရမယ်။ ဒါ့အပြင်မန်စီးတီးကလည်း စပါးကို ရှုံးနိမ့်ခဲ့ရမှုကြောင့် အခုပွဲမှာ အနိုင်ရဖို့အားစိုက်လာမှာ ဖြစ်တဲ့အပြင် အိမ်ကွင်းလည်းဖြစ်နေတယ်။ ဒါကြောင့် ဝက်စ်ဟမ်းရဲ့ ခံကစားအားကြောင့် အနည်းငယ်အခက်တွေ့နိုင်တယ်။

အဲဗာတန်-ဖူလ်ဟမ် ည ၈း၃၀ (၂၇-၄-၂၀၁၃)

ပထမအကျော့ရလဒ် ဖူလ်ဟမ် ၂-၂ အဲဗာတန်

ဖူလ်ဟမ်ခြေကပြန်ကျသွားတယ်။ နောက်ဆုံး လေးပွဲဆက်အနိုင်မရခဲ့ဘူး။ အထူးသဖြင့် တိုက်စစ်ပိုင်းက ဂိုးတစ်ပိုးရဖို့အတွက်တောင် ခက်ခက်ခဲခဲရှန်းကန်နေရသလို အဝေးကွင်းပွဲစဉ်မှာလည်း ရှုံးကန်ရလေ့ရှိတယ်။ အဲဗာတန်က လက်ရှိခြေအနည်းငယ်မငြိမ်တာမှန်တယ်။ ဒါပေမယ့် အိမ်ကွင်းအားရှိတယ်။ အသင်းလိုက်ကစားပုံ ပိုသာတယ်။ ဥရောပဝင်ခွင့်တွန်းအားရှိတယ်။

ဆောက်သမ်တန်-ဝက်စ်ဘရွန်း ည ၈း၃၀(၂၇-၄-၂၀၁၃)

ပထမအကျော့ရလဒ် ဝက်စ်ဘရွန်း ၂-၀ ဆောက်သမ်တန်

နှစ်ပွဲဆက်သရေကျပြီး ဆောက်သမ်တန်ရဲ့ ရှန်းအားက အနည်းငယ်ပျော့သွားတယ်။ ဒါပေမယ့် တန်းမဆင်းရဖို့လုံလောက်တဲ့အမှတ်မရသေးလို့ ဒီလိုအိမ်ကွင်းပွဲမျိုးမှာအမှားခံမှာမဟုတ်ဘူး။ ဒါ့အပြင်လက်ရှိ အချိန်မှာ ဝက်ဝ်ဘရွန်းရဲ့ခြေကလည်း အကျပိုင်းရောက်နေတယ်။

စတုတ်-နော့ဝစ်ချ် ည ၈း၃၀(၂၇-၄-၂၀၁၃)

ပထမအကျော့ရလဒ် နော့ဝစ်ချ် ၀-၀ စတုတ်

တန်းမဆင်းရရေးကြိုးစားနေတဲ့ နှစ်သင်းဖြစ်လို့ အကြိတ်အနယ်ရှိမှာသေချာတယ်။ စတုတ်ကနောက်ဆုံးပွဲစဉ်မှာ ကျူပီအာကိုနိုင်ခဲ့သလို နော့ဝစ်ချ်ကလည်း ရီးဒင်းကိုနိုင်ခဲ့တယ်။ ဒီနှစ်သင်းယှဉ်မယ်ဆိုရင် ခြေစွမ်းပိုင်း ကွာဟမှုမရှိပေမယ့် စတုတ်ကအသင်းလိုက်ကစားပုံမှာကျော်တယ်။ ဒါ့အပြင်အိမ်ကွင်းအခွင့်အရေးရှိတယ်။ နော့ဝစ်ချ်က အပေးကွင်းဆိုခံစစ်ပိုင်းကစိတ်မချရဘူး။

ဝီဂန်-စပါး ည ၈း၃၀ (၂၇-၄-၂၀၁၃)

ပထမအကျော့ရလဒ် စပါး-၀-၁ ဝီဂန်

ပထမအကျော့တုန်းက စပါးကို အဝေးကွင်းမှာ အနိုင်မရခဲ့ပေမယ့် ဒီပွဲမှာ ဝီဝန်အမှတ်ပြည့်ရဖို့မလွယ်ဘူး။ ဝီဂန်အနေနဲ့ ဒီပွဲမှာ တန်းမဆင်းရဖို့ အိမ်ကွင်းမှာ ခံကစားမှာဖြစ်ပေမယ့် လက်ရှိခြေစွမ်းဖိုင်းအရ သုံးပွဲဆက်အနိုင်ပျောက်ပြီး ခြေကျနေတယ်။ စပါးက ချန်ပီယံလိဂ်ဝင်ခွင့်ရဖို့ အားစိုက်လာမှာဖြစ်သလို ဒီလိုပွဲမျိုးမှာအမှားခံမှာမဟုတ်ဘူး။ မန်စီးတီးကို နိုင်ခဲ့တဲ့ပွဲမှာဆိုရင်လည်း စပါးရဲ့ကစားပုံကတည်ငြိမ်မှုရှိတာတွေ့ရတယ်။

နယူးကာဆယ်-လီဗာပူး ည ၁၁း၀၀ (၂၇-၄-၂၀၁၃)

ပထမအကျော့ရလဒ် လီဗာပူး ၁-၁ နယူးကာဆယ်

ချယ်လ်ဆီးနဲ့သရေကျခဲ့တဲ့ပွဲမှာ လီဗာဝူးရဲ့ ကစားပုံမဆိုးဘူး။ ဒါ့အပြင် ဥရောပဝင်ခွင့်မှန်းနေသလို သုံးပွဲဆက်တိုက်သရေကျခဲ့ရတဲ့အတွက်ကြောင့်လည်း ဒီပွဲမှာ လီဗာပူးအမှားခံမှာမဟုတ်ပါဘူး။ ဒါပေမယ့် နယူးကာဆယ်ကလည်း တန်းမဆင်းရဖို့ အားစိုက်လာဖို့ရှိနေတယ်။ နယူးကာဆယ်ရဲ့ လက်ရှိခြေကအနည်းငယ်ကျနေပေမယ့် အိမ်ကွင်းအားရှိတယ်။

ရှိုင်းမင်းမင်း

ရွှေလမ်းခရီး ကျော့ဖင်သီးချီး

371317,095124678,09401889907

GOLDEN STAR

ကျိုက်ထီးရိုး (နေ့စဉ်)

ချောင်းသာ (နေ့စဉ်)

ငွေဆောင် (အောကြာ)

Ph:209200,430480,544383

ဓနစပ်ကြောင်းလမ်းပြီးစီးခြင်း

မန္တလေးတိုင်းဒေသကြီး လှိုင်မြို့နယ်၊ ကမ္ဘာ့ဖြူကျေးရွာနေ

ဦးငွေမောင်-ဒေါ်ခင်သိန်းညွန့် တို့၏သား

ဗိုလ်ဝေယံဖြိုး

(M.B.B.S), (D.S.M.A)

ဘူးသီးတောင်မြို့

နှင့်

နေပြည်တော်၊ စံပယ်အိမ်ရာနေ

ဦးမြင့်ကြိုင်[အကြံပေးအရာရှိ အင်ဂျင်နီယာချုပ်(စက်မှု)၊ ဆည်မြောင်းဦးစီးဌာန၊ နေပြည်တော်]-ဒေါ်ဖွေးဖွေး

(ချယ်ရီမေ အမျိုးသမီးဘော်ဒါဆောင်၊မိတ္ထီလာမြို့)တို့၏သမီး

မစောစန္ဒာမြင့်

(A.G.T.I-Mechanical Power), B.Sc(Physics)

တို့သည် ၁၂-၄-၂၀၀၃ ရက် (သောကြာနေ့)တွင် နေပြည်တော်၊ မြတ်တော်ဝင်ဟိုတယ် (Meeting Hall)၌ နှစ်ဖက်သောမိဘများနှင့် ဂုဏ်သရေရှိလူကြီးမင်းများ၏ရှေ့မှောက်တွင် ဓနစပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်

ဗိုလ်ဝေယံဖြိုး-မစောစန္ဒာမြင့်

ရွှေရေကန် (သွင်းကုန်/ထုတ်ကုန်) ကုမ္ပဏီလီမိတက်၏ ဒါရိုက်တာဖြစ်သူ ဒေါ်နန်းစံဟွမ် (၁၃/ကတန (နိုင်) ၀၀၀၆၄၂)အား အခွင့်ရကိုယ်စားလှယ်လွှဲစာ ပေးအပ်ထားခြင်းကို ရုပ်သိမ်းခြင်း။

စိန်နှင်းဆီသတ္တုတူးဖော်ရေးကုမ္ပဏီလီမိတက် ၏ အုပ်ချုပ်မှုဒါရိုက်တာ ဦးစိုင်းရွက် (၁၃/ကတန (နိုင်) ၀၈၄၃၁၄) နှင့် ဒေါ်နန်းအိရှန် (၁၃/ကတန (နိုင်) ၀၀၇၃၃၅) တို့မှ ဒေါ်နန်းစံဟွမ် (၁၃/ကတန (နိုင်) ၀၀၀၆၄၂) အား မိမိတို့၏အခွင့်ရကိုယ်စားလှယ်အဖြစ် ကိုယ်စားလှယ်လွှဲစာပေးအပ်ထားခြင်းကို ယနေ့မှစ၍ တရားဝင် ရုပ်သိမ်းပါကြောင်း ကြေညာအပ်ပါသည်။

ဒေါ်နန်းစံဟွမ်သည် ဦးစိုင်းရွက်နှင့် ဒေါ်နန်းအိရှန် တို့အား ကိုယ်စားပြု၍ မည်သည့် အကြောင်းအရာတွင်မျှ လုပ်ကိုင်ဆောင်ရွက်ပိုင်ခွင့် မရှိပါကြောင်းနှင့် ဆောင်ရွက်သမျှအားလုံးသည် တရားမဝင် ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ လွှဲအပ်ညွှန်ကြားချက်အရ -

ဦးခင်မောင်ဌေး (တရားလွှတ်တော်ရှေ့နေ၊ စဉ် ၃၅၃၁)

အမှတ်-၁၂၈ (ပထပ်)၊ ၄၁-လမ်း၊ ရန်ကုန်မြို့။ ဖုန်း-၂၄၅၇၈၄

အိတ်ဖွင့်တင်ဒါပြင်ဆင်ခေါ်ယူခြင်း

လျှပ်စစ်စွမ်းအားပန်ကြီးဌာန၊ ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့မှ ရန်ကုန်တိုင်းဒေသကြီး၊ ဝန်းဘဲတန်းမြို့နယ်၊ မီးရထားဝင်းအတွင်း ဆောင်ရွက်မည့် ၆၆/၁၁/၆. ၆ကေဗွီ GIS ဓာတ်အားခွဲရုံ တည်ဆောက်ခြင်းလုပ်ငန်းအား အိတ်ဖွင့်တင်ဒါဖြင့် လုပ်ငန်းအပ်နှံလိုပါသဖြင့် ဈေးနှုန်းအဆိုပြုလွှာများအား တင်သွင်းရန် အောက်ပါအတိုင်း ပြင်ဆင် ကြော်ငြာအပ်ပါသည်။

တင်ဒါအမှတ် - **1(T)/YESB (Plan)/2013-2014**

တင်ဒါပိတ်မည့်ရက် - ၃၀-၄-၂၀၁၃ရက်

တင်ဒါပိတ်မည့်အချိန်- ညနေ (၄)နာရီ

တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါဌာနတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန

တင်ဒါစိစစ်ရေးအဖွဲ့

ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့၊

အင်ဂျင်နီယာဌာန

အမှတ်(၁၉၇/၁၉၉)၊ အောက်ကြည့်မြင်တိုင်လမ်း၊

အလုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

ဖုန်းအမှတ်-၀၁ ၂၀၄၆၄၀၊ ၂၁၄၆၄၄

လားရှိုးမြို့၌ လေပြင်းတိုက်ခတ်

လားရှိုး မေ ၂၅

လားရှိုးမြို့တွင် မေ ၂၂ ရက် ညနေ ၆ နာရီခွဲနှင့် ၂၃ ရက် ညနေ ၃ နာရီ ၁၅ မိနစ်တွင် လေပြင်း တိုက်ခတ်မှုကြောင့် လားရှိုးမြို့ ရပ်ကွက် (၁၂) ဟူမွန်ရွာရှိ နေအိမ် အချို့ သွပ်မိုးများပြုတ်ထွက်ခြင်း၊ သစ်ပင်များ ပြိုလဲခြင်း၊ လျှပ်စစ်မီး လိုင်း၊ တယ်လီဖုန်းလိုင်းများ ပြတ်တောက်သွားခြင်းတို့ ဖြစ်ခဲ့ ကြောင်း သိရသည်။**(ယာပုံ)**

ဇော်လွင် (လားရှိုး)

မေတ္တာတရားကို ခုတုံးလုပ် လူကုန်ကူးသူကို ဘားအံမြို့မရဲစခန်းက စစ်ဆေးပြီ

နေပြည်တော် မေ ၂၅

ကရင်ပြည်နယ် ဘားအံမြို့ ရဲစခန်းတွင် ကာမလိမ်လည်ရယူ လူကုန်ကူးသူ ဦးပန်းစုံအား ဘားအံ မြို့မရဲစခန်း၌ လူကုန်ကူးမှုဖြင့် အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရ သည်။

ဖြစ်စဉ်မှာ ၂၀၁၂ ခုနှစ် ဩဂုတ် လက သထုံမြို့ သုဓမ္မာမြို့သစ်နေ မစန်းမြင့်ကို ဆင်ကျုံးကျေးရွာနေ ဦးပန်းစုံဆိုသူက လက်ထပ်ယူမည်ဟု ဖြားယောင်းသွေးဆောင်ပြီး နောင် ကုလားကျေးရွာရှိ သန်းနိုင်၏ နေအိမ်၌ ဇနီးမယားအဖြစ် ငါးရက် ခန့် ပေါင်းသင်းနေထိုင်ခဲ့ကြောင်း၊ ထိုမှတစ်ဆင့် ထိုင်းနိုင်ငံ ဗန်ကောက် မြို့ရှိ ဆေးဆိုးပန်းရိုက်စက်ရုံ၌ အလုပ်သွင်းပေးကာ ဦးပန်းစုံမှာ မြန်မာနိုင်ငံသို့ ပြန်လည်ထွက်ခွာ သွားခဲ့ကြောင်း၊ လကုန်၍ လစာ ထုတ်ချိန်ရောက်မှသာ မိမိအား ဦးပန်းစုံက လူကုန်ကူးရောင်းချသွား သည်ကို သိရှိရသဖြင့် စက်ရုံမှ ပြန်လည်ထွက်ပြေးကာ ၂၀၁၃ မေ ၁၀ ရက်တွင် ဘားအံမြို့မ ရဲစခန်း၌ လာရောက်အမှုဖွင့် တိုင်တန်းရခြင်းဖြစ်ကြောင်း သိရ သည်။

မင်းမင်းဇော်(ကလေး)

စိတ်ဝေဒနာရှင် ကိုယ့်ကိုယ်ကိုယ် ဓာတ်ဆီလောင်းမီးရှို့

မန္တလေး မေ ၂၅

မန္တလေးမြို့ ပြည်ကြီးတံခွန်မြို့ နယ် ချမ်းမြသာယာရပ်ကွက်တွင် မေ ၂၃ ရက်က စိတ်ဝေဒနာရှင် (၃၈) နှစ်အရွယ် အမျိုးသမီးတစ်ဦးသည် နေအိမ်ရှိ ဆိုင်ကယ်တွင်ထည့်ရန် ဝယ်ယူထားသော ဓာတ်ဆီများနှင့် ကိုယ့်ကိုယ်ကိုယ် မီးရှို့ သေကြောင်း ကြံရာ မိခင်နှင့် အိမ်နီးချင်းများက ဝိုင်းဝန်းငြိမ်းသတ်ခဲ့ကြသည်။ အဆိုပါ အမျိုးသမီးအား မန္တလေးဆေးရုံကြီး သို့ ပို့ဆောင်ကုသခဲ့သော်လည်း ဒဏ်ရာပြင်းထန်၍ သေဆုံးသွားခဲ့ ကြောင်း သိရသည်။

ယင်းအမှုအား ရဲစခန်းက သေမှုသေခင်းအရ အမှုဖွင့်စုံစမ်း စစ်ဆေးလျက်ရှိကြောင်း သိရသည်။

(မောင်ပြည်သူ- မန္တလေး)

သကြ္ကန်ကာလအတွင်း ခါးပိုက်နှိုက်သူများအား ဖမ်းဆီးရမိ

ရန်ကုန် မေ ၂၅

ဧပြီ ၁၆ ရက် နံနက် ၁၁ နာရီ ၁၅ မိနစ်တွင် ရဲအုပ် တင်ထွန်းနိုင် (ရကရ၊ အကူတပ်ခွဲ-၂) နှင့် အဖွဲ့သည် သက်သေများနှင့်အတူ ခါးပိုက်နှိုက်ဖမ်းဆီးရေးအတွက် မင်္ဂလာတောင်ညွန့်မြို့နယ် ကန်တော်ကြီးပတ်လမ်းရှိ ရွှေပိတောက်ရေကစားမဏ္ဍပ်ရှေ့တွင် အသွင်ယူ စောင့်ဆိုင်းနေစဉ် မဏ္ဍပ်ရှေ့ရေကစားနေသူများထံမှ လိုက်လံ၍ ခါးပိုက်နှိုက်နေသူ မောင်မောင်(ခ)ကုလားလေး (၂၀)နှစ် ရန်ကင်းမြို့နယ် ကံဘဲ့ဘုတာရုံလမ်းနေသူနှင့် ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့နယ်နေ အောင် ခန့်သူ (ခ) မွေးနီ (၁၈)နှစ်တို့ နှစ်ဦးအား ဖမ်းဆီး၍ စစ်ဆေးရှာဖွေသည်။

ယင်းသို့ ရှာဖွေရာ မောင်မောင်(ခ) ကုလားလေး၏ လက်အတွင်းရှိ ကြွပ်ကြွပ်အိတ်အတွင်းမှ ငွေကျပ် ၁၀၀၀ တန် သုံးရွက်အား ရှာဖွေတွေ့ရှိ၍ မေးမြန်းရာ ရေကစားနေ သည့် အမျိုးသားတစ်ဦး၏ ဘောင်းဘီအိတ်ကပ်အတွင်းမှ အောင်ခန့်သူက နှိုက်ယူခဲ့ပြီး ကုလားလေးထံ လက်ဆင့် ကမ်းပေးခဲ့ခြင်းဖြစ်ကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် ၎င်းတို့နှစ်ဦးအား အရေးယူပေးရန် တိုင်တန်းသဖြင့် မင်္ဂလာတောင်ညွန့် ရဲစခန်းက (ပ) ၂၇၈/၁၃၊ ပုဒ်မ ၃၇၉ (နှိုက်)/၅၄ ဖြင့် အမှုဖွင့်ပြီး ဖမ်းဆီးစစ်ဆေးလျက်ရှိ သည်။ **(၃၁)**

စားသုံးသူနစ်နာစေသော ဖြစ်ရပ်သုံးခု ပြေရှင်းဆွေးနွေး

ရန်ကုန် မေ ၂၅

စားသုံးသူအခွင့်အရေးကို ချိုးဖောက်ကာ စားသုံးသူအတွက် နစ်နာ စေသော ဖြစ်ရပ်သုံးခုကို ဆွေးနွေးညှိနှိုင်းခဲ့ကြကြောင်း မြန်မာနိုင်ငံ စားသုံးသူ ကာကွယ်ရေးအသင်း ဥက္ကဋ္ဌ ဦးဗအုပ်ခိုင်က ပြောသည်။

အဆိုပါ စားသုံးသူအခွင့်အရေးချိုးဖောက်ခံရမှုအတွက် အသင်းထံသို့ တိုင်ကြားလာသော ဖြစ်စဉ်သုံးခုကို မေ ၂၀ ရက်က အသင်းရုံးတွင် ဆွေးနွေး ညှိနှိုင်းကြခြင်းလည်းဖြစ်ကြောင်း သိရသည်။ ထိုဖြစ်စဉ်များတွင် ပထမ တိုင်ကြားစာတစ်ခုသည် အထူးကုဆေးခန်းများ၌ လူနာနှင့်ဆရာဝန်ကြား အခြေအနေအတွက်ဖြစ်ပြီး နိုင်ငံတကာတွင် ကျင့်သုံးလုပ်ဆောင်နေသော စားသုံးသူအခွင့်အရေးအတိုင်း ကုသခံယူနေသော လူနာက မိမိမည်သို့ သောကုထုံးဖြင့် ကုသမှုခံယူသည်၊ မည်သည့်ဆေးဝါးများဖြင့် လုပ်ဆောင်ရ သည်၊ မည်သည့် စစ်ဆေးစမ်းသပ်မှုများက မည်သို့လိုအပ်သည် စသည်ဖြင့် အသေးစိတ်သိရှိကာ လူနာနှင့် ဆရာဝန်များကြားတွင် စိတ်ကျေနပ်မှု ရစေမည့် ကျန်းမာရေးဝန်ဆောင်မှုမျိုးရရှိစေရန် ပညာပေးလုပ်ဆောင်သွား မည်ဟုလည်း သိရသည်။

ဒုတိယဖြစ်စဉ်မှာ ဆိုကြိုတ်ဆုံဝယ်ယူရာတွင် သတ်မှတ်အဖိုးအခအတိုင်း ရောင်းသူနှင့် ဝယ်ယူကြား အရောင်းအဝယ်ဖြစ်ကာ ငွေလွှဲပေးချေပြီးနောက် ဆိုကြိုတ်ဆုံရလာချိန်တွင် ကြိတ်သလောက် ဆီထွက်မလာသည့် ကိစ္စရပ်လည်း ဖြစ်ပြီး တတိယဖြစ်စဉ်တစ်ခုမှာ မော်တော်ကားကုမ္ပဏီတစ်ခုထံမှ အငှားယာဉ် (တက္ကစီ) များ အရစ်ကျဖြင့် ဝယ်ယူကာ ကနဦးငွေသွင်းထားကြပြီးနောက်တွင် ကုမ္ပဏီဘက်မှ နောက်ပိုင်းကားတန်ဖိုး သတ်မှတ်ရောင်းချသော ငွေပမာဏ သည် မူလဝယ်ယူသူများအတွက် အရစ်ကျပေးချေပြီးပါက သိန်း ၁၀၀ ကျော်လောက် မြင့်မားသည်ကို ကုမ္ပဏီနှင့် ဝယ်ယူသူတို့ကြား အငြင်းပွား တိုင်ကြားသောဖြစ်စဉ်များလည်း ဖြစ်ကြကြောင်း သိရသည်။ ထို့အပြင် သတ်မှတ်ထားသည့် ကားမော်ဒယ်ကွဲလွဲခြင်းကိုလည်း ဝယ်သူများက မကျေ မနပ်ဖြစ်ကြကာ ကုမ္ပဏီနှင့် ဝယ်သူကြားတွင် အသင်းက ကြားဝင်၍ ညှိနှိုင်း ပေးရခြင်းဖြစ်သည်။

"ကုမ္ပဏီဘက်ကလည်း သင့်တင့်တဲ့ဈေးအဖြစ် ပြန်လည်သတ်မှတ်ပေးဖို့ ဝယ်သူကလည်း ငွေပြန်ပေးပြီး ကားမယူတော့ဘူးဆိုတာမျိုးဖြစ်နေတာကို ညှိနှိုင်းခဲ့ရပါတယ်။ ကုမ္ပဏီက ပုဂ္ဂိုလ်တွေအနေနဲ့ သူတို့ဆီက တာဝန်ရှိ သူတွေကို ပြန်တင်ပြပေးမယ်လို့တော့ ပြောသွားတယ်။ အခုနောက်ပိုင်း ကုမ္ပဏီက ပေါက်ဈေး ၁၃၅ သိန်းနဲ့ ဈေးနှုန်းကို အရစ်ကျသတ်မှတ်ပြီး ရောင်းတော့ အရင်က အရစ်ကျဝယ်ထားတဲ့ သူတွေအနေနဲ့ သူတို့ငွေကျေတဲ့ အခါ သိန်း ၂၀၀ ကျော်ဖြစ်နေတာရယ်၊ မော်ဒယ် ၂၀၀၇ လို့ပြောပေမယ့် ၂၀၀၅ တို့ ၉၈ တို့အထိ မော်ဒယ်ကွဲလွဲနေတဲ့အပေါ်ကို ဝယ်သူက မကျေမနပ် ဖြစ်ပြီး အသင်းကို လာတိုင်တာဖြစ်ပါတယ်"ဟု ၎င်းက ဆက်လက်ရှင်းပြ ခဲ့သည်။

ထိုသို့ နှစ်ဖက်ညှိနှိုင်းပြေလည်ခြင်း မရှိပါက တရားစွဲဆိုဖြေရှင်းကြရန် စီစဉ်ထားခြင်းဖြစ်ပြီး လွန်ခဲ့သော တိုင်ကြားမှုဖြစ်စဉ်များအပေါ် အသင်းမှ ဖြေရှင်းညှိနှိုင်းပေးရာတွင် တရားစွဲဆိုသည် အဆင့်သို့မရောက်ဘဲ ညှိနှိုင်း ပြေလည်မှုရရှိသွားသည် ဖြစ်စဉ်များစွာရှိခဲ့ကြောင်း သိရသည်။ **(၆၈၀)**

သတိပြု ဆင်ခြင်စရာ မှုခင်းအဖြာဖြာ

မြန်မာ့ပင်လယ်ပြင်တွင် ဖြစ်ပွားခဲ့သော ဧရာဝတီမြစ်ကြောင်းတစ်လျှောက်
စာရေးဆရာ ရွှေနီလာစာပေ

ရွှေပေါ်ကျွန်းဆရာတော်ကြီး သာသနာပြုစခန်းနှင့် စေတော်ဝင်ခရီးသည်
ရွှေနီလာစာပေတိုက် တန်ဖိုး - ၁၅၀၀ ကျပ်
ဖုန်း- ၀၉ ၄၃၁၃၆၈၅၂၊ ၀၉ ၄၂၂၅၃၆၉၉၉၊ ၀၉ ၄၂၈၂၀၁၉၅၇ က တစ်ပြည်လုံးသို့ ဖြန့်ချိသည်။

Y.E.S. Since 1994
B.A.(Hons.)(English), M.A.(ESL)(Hawaii, USA)
International English Language Centre

Basic Spoken English	**Grammar Foundation Course**
Mon to Thurs-10:00-12:00am 22,29 Apr	Mon to Thurs- 1:00- 2:30 pm 1 Apr
Mon to Thurs-1:00-3:00 pm 22,29 Apr	Mon to Thurs- 3:30- 5:00 pm 29 Apr
Sat & Sun -3:00 - 6:00 Pm 27 Apr	**Basic Writing Course**
Pre-Intermediate English	Mon to Thurs - 10:00-12:00 am 1 Apr
Mon to Thurs-10:30-12:30am 1 Apr	Sat & Sun - 8:45 - 6:15pm 27 Apr
Mon to Thurs-5:00-7:00 pm 1 Apr	**Structure & Written Expression**
Sat & Sun - 12:30 - 3:30 Pm 27 Apr	Sat & Sun - 8:00-12:00 am 27 Apr
Mon to Thurs-1:00-3:00pm 29 Apr	Mon to Thurs - 5:00-6:30pm 29 Apr
Intermediate English	IELTS, IELTS ,SAT,API,AWC,TOEFL
Mon to Thurs-1:00-3:00pm 20 May	

No.190, 2nd Flr:,28th St:(Upper), Pabedan Tsp ☎ 243950

လေးလုံးထိုး ထော်လာဂျီ ရောင်းမည်။ (၅၅ သိန်း)
(5-ton ဒီဇယ်)
(ဆေး/ဘော်ဒီအသစ်)
ဖုန်း-၀၉ ၅၀၅၁၄၈၂

သတိုးမင်း Travels & Tours
09 73252240, 09 73252241

ရွှေနဂါး ကျိုက်ထီးရိုး(နေ့စဉ်)
Ph: 209077, 09-731 67000 209388, 09-731 68000

အလုပ်ရှာဖွေသူများအတွက် နှစ်သစ်အထူးထုတ်
နှစ်သစ်အခါသမယမှာ JOB seekers ဂျာနယ်ကို ဖတ်ရှုခြင်းဖြင့် မိမိတို့အတွက် ကောင်းမွန်မှန်ကန်သော အလုပ်များရရှိပိုင်ဆိုင်လိုက်ပါ။

JOB seekers Journal
ဖုန်း ၀၁ ၅၁၉၀၀၆၊ ၀၁ ၂၃၀၄၆၇၇

23.5.2013
01-501500, 09-73257853

ဦးအောင်ဝင်း (ရွှေတံဆိပ်ဆုရှင်-လန်ဒန်)
LCCI - May - 2 (Thur) မှစ၍စုံနံပါတ်ယူနိုင်ပြီ။
သင်တန်းများ၊ June-15 (Sat) စမည်။ Aircon
LCCI အနှစ်(၂၀)အတွေ့အကြုံကြောင့် သင်ကြားမှုပြီးပြည့်စုံစေသည်။
အမှတ်(၂၉၀)၊ တတိယထပ်၊ ပန်းဆိုးတန်းလမ်း(အထက်)။ ☎ 01-371741, 240824, 381350

အထက်မြန်မာပြည်သတင်း

ရမည်းသင်းမြို့ ရွှေမြင်တင်တောင်တော် တောင်တက်လမ်း(နစ်သွယ်) ဖောက်လုပ်ပြီးစီး

ရမည်းသင်း ဧပြီ ၂၅

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့၏အရှေ့ဘက် ခနစ်မိုင်ခန့် အကွာတွင်တည်ရှိသော သာသနာ့သမိုင်းဝင် ရွှေမြင်တင်တောင်တော်မြတ် အပေါ်ရှိ တန်ခိုးကြီးဘုရား၊ စေတီများအား သက်ကြီးရွယ်အိုနှင့် အများသူငါ အဆင်ပြေချောမွေ့စွာဖူးမြော်နိုင်ရန်အတွက် ဩဝါဒါစရိယဆရာတော်ကြီး များ၏လမ်းညွှန်ချက်ကိုခံယူကာ ရွှေမြင်တင်တောင်တော်မြတ် ဂေါပကအဖွဲ့ သည် တောင်တက်လမ်း(နစ်သွယ်)ကို ဖောက်လုပ်ခဲ့ရာ ပြီးစီး၍ တောင်ပေါ်သို့ ကားများ၊ ဆိုင်ကယ်များဖြင့် တက်ရောက်ဖူးမြော်နိုင်ပြီဖြစ်သည်။

ရွှေမြင်တင်တောင်တော်မြတ်သည် အမြင့်ပေ ၁၀၀၀ ကျော်မြင့်ပြီး ယင်းတောင်တော်တွင် ပန်းမြိုင်ပန်း(ခေါ်)အင်ကြင်း၊ သရဖီ၊ မဟာလေှကား စသောပန်းမျိုးစုံတို့အပြင် ဆေးဖက်ဝင်ဆေးကုလားမပင်၊ ဝံအူပင်(အဖြူ အနီ) ပင့်ကူဂမုန်းပင်၊ မီးကွင်းဂမုန်း၊ နတ်ဂမုန်း၊ နတ်သစ်ပင်(ခေါ်) ကျောက်ဂမုန်း၊ လက်ထုတ်ကြီး၊ တစ်ပို့ထိုးပင်များ ပေါက်ရောက်လျက်ရှိသည်။

ယင်းအခြင် ခေတ်အဆက်ဆက်၊ မင်းအဆက်ဆက် တောင်တော်မြတ် တွင် သာသနာပြုလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။ ကမ္ဘာကျော်သာသနာပြု

ရသေ့ကြီးဦးခန္တီ ပြုပြင်တည်ဆောက်ခဲ့သော ကုသိုလ်ကောင်းမှုများစွာကို ယနေ့တိုင်တွေ့မြင်နိုင်ပေသည်။

ရွှေမြင်တင်ဂေါပကအဖွဲ့သည် ယခုကဲ့သို့ တောင်တက်လမ်း(နစ်သွယ်) ဖောက်လုပ်ခဲ့သည်အပြင်**(အပေါ်ပုံ)** ရွှေစေတီတန်ခိုးကြီးဘုရားတွင် လုံးတော်ပြည် ရွှေသင်္ကန်းကပ်လှူခြင်း၊ ဘုရားကြီးအရှေ့တောင်ဘက်၊ အနောက်ဘက်၊ တောင် ဘက်တို့တွင် ရင်ပြင်များတိုးချဲ့ခြင်း၊ တောင်ပေါ်ရေပေးပို့သောစနစ်ကို ခေတ်မီ နည်းစနစ်ဖြင့် ဆောင်ရွက်ခြင်း၊ တောင်ခြေတွင်ပန်းဥယျာဉ်အသစ် ခြန်လည် မွမ်းမံပြင်ဆင်ခြင်း၊ ကျန်စစ်သားတန်ဆောင်း ဆောက်လုပ်ခြင်းလုပ်ငန်းများကို လည်းဆောင်ရွက်ခဲ့သည့်အပြင် တောင်ပေါ်တက်ရန် ဓာတ်လှေကားတပ်ဆင် နိုင်ရေးကိုလည်း စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

လှိုင်သန်းတင့် (ရမည်းသင်း)

စစ်ကိုင်းမြို့နယ်တွင် မိုးသက်လေပြင်းတိုက်ခတ် သစ်ပင်ကြီးများ အမြစ်မှ ကျွတ်ကာလဲကျ

စစ်ကိုင်း ဧပြီ ၂၅

စစ်ကိုင်းမြို့နယ်၌ ဧပြီ ၂၂ရက် ည ၈ နာရီ ၂၀ မိနစ်တွင် မိုးသက် လေပြင်းတိုက်ခတ်မှုကြောင့် နေအိမ် များပေါ်သို့ သစ်ပင်များလဲကျခြင်း၊ လျှပ်စစ်ကွန်ကရစ်တိုင်များ အောက် ခြေမှပြတ်ပြီးလဲကျခြင်း၊ သစ်ပင်ကြီး များ အမြစ်မှကျွတ်ကာလဲကျခြင်းများ ဖြစ်ပွားခဲ့သည်။**(အောက်ပုံ)**

ဖြစ်စဉ်မှာ ဧပြီ ၂၂ ရက် ည ၈ နာရီ မိနစ်၂၀ မှ ၈ နာရီ မိနစ် ၅၀ ထိ တိုက်ခတ်သော မိုးသက်လေပြင်း ဒဏ်ကြောင့် စစ်ကိုင်းမြို့ ပိုးတန်းရပ် ကမ်းနားလမ်းရှိ အောင်မြေလောက ဘုရားကြီးဝင်းအတွင်းရှိ ကုက္ကိုပင် ကြီးအမြစ်မှ ကျွတ်ကာလဲပြိုခြင်း ကြောင့် အုတ်တံတိုင်းပေ ၂၀ ခန့် ပျက်စီးသွားခြင်း၊ အင်းဝ ဧရာဝတီမြစ် ကူးတံတားအောက်ရှိ ကမ်းနားလမ်းမှ ကွန်ကရစ်လျှပ်စစ်တိုင် သုံးတိုင်အောက် ခြေမှ ပြတ်ကာလဲပြီး အနီးရှိ ကုက္ကိုပင် ကြီးမှာ အမြစ်မှကျွတ်ကာလဲကျခြင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူးရုံးရှိ JIcon ကွန်ပျူတာဆိုင်ပေါ်သို့ ညောင်ပင် လဲကျ၍ ဆိုင်ပျက်စီးသွားခြင်း၊ပိုးတန်း ရှိ နေအိမ်တစ်အိမ်ရှေ့တွင် ရပ်ထား သည့်ကားပေါ်သို့ သစ်ပင်လဲကျခြင်း၊ ရွှေမင်းသားရှမ်းခေါက်ဆွဲ ဆိုင်ပေါ်သို့ သစ်ပင်လဲကျခြင်း၊ ပန်းဘဲတန်း ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး သွပ်မိုးများ လန်သွားပြင်း၊ ပွင့်သစ်စကြက်စာ ဆိုင်ရှေ့သစ်ပင်လဲခြင်း၊ ဒေါက်တာ မေချိုချိုအေး ဆေးခန်းရှေ့သစ်ပင်လဲ ခြင်း၊ ခရိုင်စိုက်ပျိုးရေးဌာနအရှေ့ လျှပ်စစ် ကွန်ကရစ်တိုင်သုံးလုံး အောက်ခြေမှ ပြတ်ကာလဲခြင်း၊ မိုးဇာရပ်ကွက်နေ ဒေါ်ကြည်ကြည်ဦး နေအိမ်ပေါ်သို့ သစ်ပင်လဲကျခြင်း၊ ပုဏ္ဏားစုနေ ဒေါ်တင်လှ နေအိမ်ပေါ်သို့ သစ်ပင်ပိ ခြင်း၊ မြို့သစ်ရပ် ရတနာဗိမာန်ကျောင်း တိုက်တောင်ဘက်တွင်လျှပ်စစ်တိုင်ငါး တိုင်လဲခြင်း၊ စိန်ကန်းရပ် ကားဝင်းဆိုင် ခန်းများ ပေါ်သစ်ပင်လဲ၍ ဆိုင်များ ပျက်စီးခြင်း၊ ပိုးတန်းရပ် ဒေါ်ဘီကျန် အအေးဆိုင်ပေါ်သစ်ပင်ပိ၍ပျက်စီး ခြင်း၊ စစ်ကိုင်းမြို့ မြို့မဈေးလမ်းမကြီး အိုးဘိုရပ်ကွက်အထိ စစ်ကိုင်း-မုံရွာ ကားလမ်းပေါ်ရှိ လျှပ်စစ်ကွန်ကရစ် တိုင် စုစုပေါင်း ၂၄ တိုင်အောက်ခြေ မှ ပြတ်ထွက်ကာ လဲကျပျက်စီးသွား ပြီး လမ်းတစ်လျှောက်ရှိ သစ်ပင်ကြီး များမှာ အချို့အမြစ်မှ ကျွတ်ထွက်ပြီး အချို့မှာ ကိုင်းများကျိုးကျခဲ့သည်။

မိုးသက်လေပြင်းမှာ အနောက် မြောက်ဘက်မှ တစ်နာရီမိုင် ၃၀ နှုန်းဖြင့် တိုက်ခတ်ပြီး မိုးရွာသွန်းမှုမှာ သုည ဒသမ ၄၃ လက်မ ဖြစ်သည်။ ဧရာဝတီမြစ်ရေမှာ မိုးကြိုကာလဖြစ် ၍ ဧပြီ ၂၃ ရက် နံနက် ၆ နာရီခွဲ အချိန် တိုင်းထွာချက်အရ ၃၁၁ စင်တီမီတာရှိကြောင်း စစ်ကိုင်းခရိုင် မိုးလေဝသနှင့် ဇလဗေဒဦးစီးအရာရှိ ထံမှ သိရသည်။

လေပြင်းဒဏ်ကြောင့် အဆောက် အအုံများ သစ်ပင်လဲကျပျက်စီးခြင်း တို့အား ခရိုင်/မြို့နယ်အုပ်ချုပ်ရေး မှူးရုံး၊ ရပ်ကွက်နှင့် ခြည်သူများ၊ စည် ပင်သာယာရေးဝန်ထမ်းများ၊ မြို့နယ် မီးသတ်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင် များ ကူညီရှင်းလင်းဆောင်ရွက် ပေးခဲ့ကြောင်း သိရသည်။

စစ်ကိုင်းမြို့ ရွာထောင်ရပ်ကွက် တွင်လည်း လမ်းဘေးရှိ သစ်ပင်များ နှင့် လျှပ်စစ်ကွန်ကရစ်တိုင်များ ပြတ် ကျပျက်စီးပြီး လူအသေအပျောက် မရှိကြောင်း သိရသည်။ (၂၂၅)

မိတ္ထီလာ ရှမ်းတဲအထက(၅) ကယ်ဆယ်ရေးစခန်း၌ ဒုက္ခသည်များအား ကျန်းမာရေးအသိပညာမေး ဟောပြော

မိတ္ထီလာ ဧပြီ ၂၅

မိတ္ထီလာ အထက (၅)ရှမ်းတဲယာယီ ကယ်ဆယ်ရေးစခန်းရှိ ဒုက္ခသည် မိသားစုများအား သောက်ရေသန့် သုံးစွဲမှုနှင့်ပတ်သက်၍ ကျန်းမာရေး အသိပညာပေးဟောပြောခြင်းကို ဧပြီ ၂၂ ရက် နံနက်ပိုင်းတွင် အဆိုပါ ကယ်ဆယ်ရေးစခန်း၌ ကျင်းပကြောင်း သိရသည်။**(အောက်ဝဲပုံ)**

ကယ်ဆယ်ရေးစခန်းရှိ ဒုက္ခသည် မိသားစုများအတွက် သောက်ရေ သန့်များ လုံလောက်စွာ ဖြန့်ဝေပေးပြီး ရေသန့်ထည့်စရာနှစ်လီတာဆံ့ ရေဘူး များကို မြန်မာနိုင်ငံကြက်ခြေနီ အသင်း၏အစီအစဉ်ဖြင့် မိသားစုတိုင်း ကို ဖြန့်ဝေခဲ့ကြောင်း၊ သောက်ရေ သန့်ဘူးများကို သန့်ရှင်းစင်ကြယ်စွာ ထားရှိရန်လိုအပ်သကဲ့သို့ သောက်ရေ သန့်ဘူးများကို ကိုင်တွယ်မည့်လက် များအားလည်း သန့်ရှင်းစင်ကြယ်စွာ ဆေးကြောပြီးမှ ကိုင်သင့်ကြောင်း၊ သောက်ရေသန့်ဘူးထဲမှ ခံယူမည် သောက်ရေခွက်များကိုလည်း သန့်ရှင်း စွာထားရှိရန်လိုအပ်ကြောင်း၊ သိမှသာ ပြုမြင်းသည့်အချိန်အခါတွင် သောက် သုံးရေမှ ဖြစ်ပွားတတ်သည့် ရောဂါ များ မဖြစ်ပွားနိုင်မည်ဖြစ်ကြောင်း၊ သောက်ရေသန့်များကို စနစ်တကျ သုံးစွဲသောက်သုံးကြရန် လိုအပ်ကြောင်း စသည်ဖြင့် ခရိုင်ဆေးရုံအုပ်ကြီး ဒေါက်တာမြင့်အေး၊ မြန်မာနိုင်ငံ ကြက်ခြေနီအသင်းမှ မိတ္ထီလာ တာဝန်ခံ ဦးနေဦးနှင့် Save the Children အဖွဲ့မှ ဒေါ်သီဂီဟန်တို့က အသိ ပညာပေးဟောပြောရာ ကယ်ဆယ် ရေးစခန်းရှိ မိသားစုဝင်များက စိတ် ဝင်တစား တက်ရောက်မှတ်သား ကြောင်း သိရသည်။

(၁၃၉)

မန္တလေးမဟာမုနိဘုရားကြီး ရွှေမိုက်ထုတ်ရာမှ ရွှေစင်ရွှေသား လေးပိဿာ ၅၃ ကျပ်သား ၁၀ ပဲ တစ်ရွေးရရှိ

မန္တလေး ဧပြီ ၂၅

မန္တလေးမဟာမုနိဘုရားကြီးတွင် (၆၃) ကြိမ်မြောက် ရွှေမိုက်ထုတ်ခြင်း လုပ်ငန်းဆောင်ရွက်ရာ သန့်စင်ရွှေစင် ရွှေသား လေးပိဿာ ၅၃ ကျပ်သား ၁၀ ပဲ တစ်ရွေးရရှိသည်။ ရွှေမိုက် ထုတ်ခြင်းလုပ်ငန်းကို မဟာမုနိ ဘုရားကြီး ရင်ပြင်တော်ရာဟုထောင် ၌ တာဝန်ရှိသူများကြပ်မတ်ကာ မတ် ၁၃ ရက်က လုပ်ငန်းစတင်ခဲ့ ခြင်းဖြစ်ပြီး ဧပြီ ၂၂ ရက်တွင် နောက်ဆုံးအဆင့် ရွှေသန့်စင်ခြင်း လုပ်ငန်းကို ဆောင်ရွက်ပြီးစီးခဲ့သည်။

အဆိုပါ ရွှေမိုက်လုပ်ငန်းအား မိုက်သကြီး ဦးမောင်ကြီးက ပထမဆုံး အကြိမ်မှ (၄၅)ကြိမ်တိုင်ဆောင်ရွက်ခဲ့ ပြီး (၆၂) ကြိမ်မြောက်မှ စတင်ကာ မိုက်သကြီး ဦးမောင်ကြီး၏ မြေးများ ဖြစ်သည့် ဦးသန့်လွင်၊ ဦးအောင်မိုးနှင့် ဦးရန်အောင်တို့က ဆက်လက် တာဝန်ယူ လုပ်ကိုင်ခဲ့ကြခြင်းဖြစ် သည်။**(ယာဝဲ)**

"ရွှေမိုက်ထုတ်ရာမှာ အဆင့် ငါးဆင့်ရှိတယ်။ ပထမဆင့်မှာ ရွှေ လှောင်စက္ကူတွေကို မီးရှို့တာက စတင်ပါတယ်။ ဒီကနေ့က နောက်ဆုံး အဆင့် ရွှေသန့်စင်နေကြတာပါ။ မကျတ်ရွှေအနေနဲ့ ရွှေချိန် လေး ပိဿာ ၅၈ ကျပ်သား ငါးပဲ တစ်ရွေး ရရှိထားပါတယ်။ မကျတ်ရွှေဆိုတာ က သန့်စင်တဲ့ရွှေမရမီ ခဲငွေ့ပါတဲ့ ရွှေကို ခေါ်တာပါ။ ခဲကိုရွှေလောကမှာ "မ"ဟုခေါ်ပြီး အဂ္ဂိရတ်လောကမှာ ခဲကို "နာ"လို့ ခေါ်ကြပါတယ်။ အဲဒီ မကျတ်ရွှေကို ပြန်ပြီးသန့်စင်ပြီးရင် ရွှေစင် အဖြစ်ရရှိမှာပါ"ဟု မိုက်သ ကြီး ဦးသန့်လွင်က ရှင်းပြသည်။

"ပြီးခဲ့တဲ့နှစ်က ၁၅ လကြာ သိမ်းထားတဲ့ ရွှေမိုက်ကုန်ကြမ်း အလေးချိန် ပိဿာ ၁၂၀၀ ကျော်ကို ရွှေမိုက် ထုတ်ယူခဲ့တာဖြစ်ပြီး သန့်စင် ရွှေချိန် ငါးပိဿာ ၂၅ကျပ်သား ထုတ်ယူရရှိခဲ့ပါတယ်။ ဒီနှစ်အတွက် ၁၂ လကြာ သိမ်းဆည်းထားတဲ့ ရွှေ မိုက်ကုန်ကြမ်းအလေးချိန် ၉၈၈ ပိဿာမှ ထုတ်ယူခဲ့တာဖြစ်ပါတယ်။ ရရှိလာတဲ့ ရွှေစင်ရွှေသားတွေကို မဟာမုနိဘုရားကြီး ဂန္ဓကုဋီတိုက် တော်ကြီး ရွှေသင်္ကန်းကပ်လှူချိန်၊ သာသနိက အဆောက်အအုံများ တိုး ချဲ့ဆောက်လုပ်ရန် ပြင်ဆင်ဖို့အတွက် လိုအပ်မှသာ အသုံးပြုပြီး နှစ်စဉ်ထွက် ရှိတဲ့ သန့်စင်ပြီးရွှေစင်တွေကို ရွှေ ချောင်းအတိုင်းထားကာ မဟာမုနိ ဘုရားကြီးရဲ့ဘဏ္ဍာတော်အဖြစ် သိမ်း ဆည်းထားပါတယ်"ဟု မဟာမုနိ ဘုရားကြီးဂေါပက ဦးအောင်သိန်းက ရှင်းပြသည်။ (၀၀၂)

(၁၃)နှစ်ပြည့် မင်္ဂလာရက်မြတ်ဆုတောင်း

ဖေအောင်(ခ)ဗိုလ်မှူး အောင်အောင်(ငြိမ်း)

"ROYAL LAKE" AMUSEMENT PARK

(ကန်သုံးဆင့်၊ ပုသိမ်)

နှင့်

မေအုံ(ခ) မဥမ္မာမြင့်

TROOPER & TROOPER + ဝန်ဆောင်မှုလုပ်ငန်း(ပြင်ဦးလွင်)

တို့၏

၂၆-၄-၂၀၁၃ရက်တွင် ကျရောက်သော (၁၃)နှစ်မြောက် မင်္ဂလာရက်မြတ်မှသည် မနက်ဖြန်တိုင်း မနက်ဖြန်တိုင်းတွင် သာယာပျော်ရွှင်ဖွယ်နေ့သစ်လေးတွေကို ပိုင်ဆိုင်ပြီး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံပါစေ။

TROOPER နှင့် TROOPER+(ပြင်ဦးလွင်)မှ

သမီးများ

J ကြီး၊ မဝင့်၊ ဖြိုးကြီး၊ စန္ဒာ၊ ဘုတ်ဘုတ်၊ နွေးနွေး

သရက်သီး ဓားပေါက်ခုတ်အချဉ်သိပ်လုပ်ငန်းရာသီ အင်းဝမြို့၌ စတင်ဆောင်ရွက်

တံတားဦး မေ ၂၅

သင်္ကြန်အခါပြီးသည်နှင့် တံတားဦးမြို့နယ် အင်းဝမြို့မှ သရက်သီးဓားပေါက်ခုတ်အချဉ်သိပ်လုပ်ငန်းများ စတင်ဆောင်ရွက်ကြပြီဖြစ်ကြောင်း သိရသည်။ ရှေးဟောင်းမင်းနေပြည်တော်အဖြစ် ထင်ရှားကျော်ကြားခဲ့သည့် အင်းဝမြို့နှင့် အနီးဝန်းကျင်ဒေသတွင် သရက်ခြံများပေါများစွာ တည်ရှိနေပြီး စီးပွားဖြစ် သရက်သီးစိမ်းအချဉ်သိပ်လုပ်ငန်းများကို အင်းဝမြို့ ဈေးချိုရပ်တွင် အများအပြားရှိနေကြောင်း သိရသည်။

"သရက်ချဉ်သိပ်တဲ့လုပ်ငန်းတွေကို နှစ်စဉ် ဧပြီ ၂၀ ရက်မှာ စပြီးလုပ်ကြတယ်။ သရက်ချဉ်လုပ်တဲ့ သရက်သီးစိမ်းကတော့ သရက်ကြမ်းလို့ခေါ်တဲ့ ပန်းဘင်္ဂလားလို သရက်ချဉ်သီးတွေကို သုံးကြတယ်။ သရက်ချဉ်လုပ်တဲ့ သရက်သီးတွေကို အင်းဝအနီးဝန်းကျင်ရှိ ဖရဲကျွန်း၊ ကြည်မြင်တိုင်၊ တံတားဦး၊ မနောရွာတွေက အများဆုံးထွက်တယ်။ အင်းဝအနီးဝန်းကျင်က သရက်သီးကုန်ရင် စဉ့်ကိုင်၊ ပေါ်တော်မူ၊ ဟံမြင့်မိုရ်နယ်ဘက်က သရက်သီးတွေနဲ့ လုပ်ကြရတယ်။ နယုန်လကျော်လာရင် မတ္တရာနယ်ဘက်က သရက်သီးတွေ ဝယ်ပြီးလုပ်ကြရတယ်။

သရက်ချဉ်လုပ်ငန်းက သရက်သီးစိမ်းကုန်တဲ့ ဝါဆိုလဆန်းဆိုရင် ရပ်နားကြရတယ်။ တစ်နှစ်ကို ကွန်မတို့အလုပ်ရုံက ပိဿာချိန်သောင်းကျော်ထွက်ကယ်။ သရက်ချဉ်ကို အဓိကဈေးကွက်အနေနဲ့ ရန်ကုန်၊ မန္တလေးနဲ့ နေပြည်တော်ကို ပို့ကြရတယ်။ အခုစင်ကာပူအထိ ပို့နေကြပြီ။ မနှစ်က သရက်သီးစိမ်းဈေးက တောင်းခြင်ဝယ်ဈေးက တစ်တောင်းကို ကျပ် ၂၂၀၀၊ ပိဿာချိန်ဈေးက တစ်ပိဿာကို ကျပ် ၁၆၀နဲ့ ဝယ်ခဲ့ရတယ်။ သရက်ချဉ်ဈေးကတော့ တစ်ပိဿာကျပ် ၁၀၀၀ နဲ့ဈေးဖွင့်ခဲ့ပြီး အမြင့်ဆုံးဈေး ကျပ် ၁၂၀၀ အထိပဲရခဲ့တယ်။ အဲဒီအချိန်မှာ ရန်ကုန်မှာတော့ တစ်ပိဿာကျပ် ၂၂၀၀ ဈေးပေါက်တယ်။ သရက်ချဉ်လုပ်ငန်းက လုပ်တဲ့သူတွေထက် ပြန်ရောင်းတဲ့သူတွေက ပိုအကျိုးခံစားကြရတယ်။ ဒီနှစ်သရက်သီးစိမ်းဈေးက တစ်ပိဿာကို ကျပ် ၂၀၀-၂၅၀ ဈေးပေါက်နေတယ်"ဟု အင်းဝမြို့ ဈေးချိုရပ်ကွက်မှသရက်ချဉ် လုပ်ငန်းရှင်တစ်ဦးက ရှင်းပြသည်။

"သရက်သီးအချဉ်သိပ်ဖို့ ဒီနှစ် ဓားပေါက်ခုတ်ခကတော့ သရက်သီးတစ်ရာကို ကျပ်လေးရာရတယ်။ မနှစ်က ကျပ်သုံးရာပဲရတယ်။ တစ်ရက်ကို သရက်သီးအလုံး၅၀၀ ကျော်ပြီးတယ်။ ကလေး၊ လူကြီးလုပ်နိုင်လို့ ဝင်ငွေမဆိုးပါဘူး။ ဒီမှာ နှစ်တိုင်းလုပ်ကိုင်နေကျဆိုတော့ ကျွမ်းကျင်လုပ်သားတွေ ပေါတယ်။ အင်းဝမှာ တစ်ပိုင်တစ်နိုင်သရက်ချဉ်လုပ်ငန်းလေးတွေလည်း အများကြီးရှိတယ်။ စဉ့်အိုးအလုံး ၁၀၊ ၂၀ လောက်သိပ်ရောင်းတဲ့သူတွေရှိသလို အလုံး ၄၀၊ ၅၀ အချဉ်သိပ်ရောင်းတဲ့သူတွေလည်း ရှိတယ်။ သရက်ချဉ်သိပ်တဲ့ရာသီဆိုရင် လက်လုပ်လက်စားသမားတွေ အလုပ်အကိုင်ပေါကြတယ်"ဟု သရက်သီးဓားပေါက်ခုတ် လုပ်ကိုင်သူ အမျိုးသမီးတစ်ဦးက ပြောပြသည်။

အင်းဝမြို့မှ ထုတ်လုပ်သည့် သရက်ချဉ်များကို ရန်ကုန်နှင့် နေပြည်တော် ဈေးကွက်များသို့ မီးရထားနှင့် တင်ပို့ရောင်းချကြပြီး သရက်ချဉ်တစ်သေတ္တာလျှင် တန်ဆာခ ကျပ်လေးထောင် ကျသင့်ကြောင်း၊ သရက်သီးရင့်နှင့်သိပ်လျှင် အရောင်အဆင်းလှပ၍ အထားအသိုခံကာ ပင်လယ်ပြင်အတွင်း ငါးဖမ်းထွက်သူများ စားနပ်ရိက္ခာအဖြစ် သယ်ဆောင်စားသုံးရာတွင် အဆင်ပြေကြောင်း၊ ယခုအခါ စဉ့်အိုးများနှင့် အချဉ်သိပ်ခြင်းအပြင် အခြောက်အချဉ် သိပ်နည်းကိုပါ အသုံးပြု၍ ထုတ်လုပ်နေကြောင်း သိရသည်။ **(နန္ဒာမင်းလွင်)**

အင်းလေးဟိုတယ်ဇုန်မြေနေရာများ မဲနှိုက်နေရာချထား

တောင်ကြီး မေ ၂၅

ရှမ်းပြည်နယ် ညောင်ရွှေမြို့နယ် အင်းလေးဟိုတယ်ဇုန်မြေနေရာများအား လုပ်ငန်းရှင်များအား မဲနှိုက်နေရာချထားခြင်းကို မေ ၁၁ ရက် နံနက် ၁၀ နာရီတွင် တောင်ကြီးမြို့ မြို့တော်ခန်းမ၌ ပြုလုပ်ခဲ့သည်။

အဆိုပါမဲနှိုက်နေရာချထားရာတွင် လျှောက်လွှာတင်သူ ၄၆၅ ဦးအနက် ကြိုတင်သတ်မှတ်ထားသည့် စားပွဲတင်ငွေကျပ်သိန်း ၅၀၀ သွင်းပြီးသည့် လုပ်ငန်းရှင် ၁၃၅ ဦးအား ၎င်းတို့လျှောက်ထားခဲ့သည့် ဇုန်အတိုင်း မဲနှိုက်စေခဲ့ရာ A ဇုန်တစ်ဧကကွက် ရှစ်ကွက်တွင် လျှောက်ထားသူ ခုနစ်ဦးသာရှိခဲ့သဖြင့် အားလုံးရရှိသွားသည်။ A ဇုန်တစ်ဧကကွက်တွင် လျှောက်ထားသူ ၃၈ ဦး နေရာချထားပေးနိုင်သည့် မြေ ၃၁ ကွက်၊ B ဇုန်ရှစ်ဧကကွက်တွင် လျှောက်ထားသူ ၃၉ ဦးနေရာချထားပေးနိုင်သည်မြေ ၂၂ ကွက်၊ C ဇုန်ရှစ်ဧကကွက်တွင် လျှောက်ထားသူ ၃၀ နေရာချထားပေးနိုင်သည် မြေ ၂၆ ကွက်အား ပွင့်လင်းမြင်သာစွာ မဲနှိုက်၍ လုပ်ငန်းရှင် ၈၆ ဦး မြေဧကပေါင်း ၄၆၇ ဒသမ ၁၂ ဧကအား နေရာချထားပေးနိုင်ခဲ့သည်။**(အပေါ်ပုံ)**

လုပ်ငန်းရှင်များအနေဖြင့် မြေတန်ဖိုးကျသင့်ငွေများအား ပထမအရစ် ၃၀ ရာခိုင်နှုန်းအား မေ ၃၀ ရက်၊ ဒုတိယအရစ် ၄၀ ရာခိုင်နှုန်းအား စက်တင်ဘာ ၃၀ ရက်၊ တတိယအရစ် ၃၀ ရာခိုင်နှုန်းအား ဒီဇင်ဘာ ၃၁ ရက်အပြီးပေးသွင်းရန်နှင့် ငွေပေးသွင်းပြီးရက်မှ ၃၀ ရက်အတွင်း တည်ဆောက်ရေးလုပ်ငန်းများ စတင်ရမည်ဖြစ်သည်။ မြေနေရာရထားပြီးသည့်လုပ်ငန်းရှင်များသည် တင်ပြထားသည့်ပုံစံ၊ အခန်းအရေအတွက်တို့အတိုင်း နိုဝင်ဘာ ၃၀ ရက်တွင် ၅၀ ရာခိုင်နှုန်းဆောက်လုပ်ပြီးစီးရမည့် ဖြစ်သည်။ မြေနေရာချထားပြီး ခြောက်လအတွင်း တည်ဆောက်ရေးလုပ်ငန်းများ စတင်နိုင်မှု မရှိခြင်း၊ အခြားသူတစ်ဦးတစ်ယောက်ထံသို့ လွှဲပြောင်းရောင်းချခြင်းများ ပြုလုပ်ပါက မြေအားပြန်လည် သိမ်းယူခြင်းခံရမည်ဖြစ်ပြီး မြေတန်ဖိုးလည်း ဆုံးရှုံးမည်ဖြစ်ကြောင်း သိရသည်။ **(နိုင်ထွန်း-TGI)**

သစ်တောသစ်ပင် ဒို့ချစ်ခင် နှစ်စဉ်စိုက်ပျိုး အလှတိုး

နှစ်ဦးသဘောတူ လက်ထပ်ပြီးစီးခြင်း
ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့၊ အမှတ်(၂၂)၊ ရန်ကုန်ပြည်လမ်း၊
(၄)ရပ်ကွက်နေ ဦးစန်းမြင့်-ဒေါ်တင်တင်ဝင်းတို့၏သားကြီး
ဗိုလ်ကြီးနိုင်မျိုးထိုက်
နှင့်
ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေဂုံရိပ်မွန်အိမ်ရာ၊ အမှတ်(၃)နေ
ဦးလှထွန်း-ဒေါ်ခင်ခင်ဦးတို့၏သမီးလတ်
ဒေါက်တာအေးအေးမိုး(ခ)ဒေါက်တာမြရကနာသိုက်
တို့သည် နေပြည်တော်ကရားရုံး၊ ဂုဏ်သရေရှိလူကြီးမင်းများ၏ ရှေ့မှောက်၌ ၁၂-၅-၂၀၀၉တွင် နှစ်ဦးသဘောတူ လက်ထပ်ပြီးစီးပါကြောင်း။
ဗိုလ်ကြီးနိုင်မျိုးထိုက်-ဒေါက်တာအေးအေးမိုး(ခ)ဒေါက်တာမြရတနာသိုက်

ပြင်ဦးလွင်မြို့ - ရပ်ကွက်ကြီး (၁၂) တွင် ရှင်းအလွန်ကောင်းသော အကျယ် (၁၀၀ × ၁၂၀)ရှိ ကုန်းမြင့်မြေကွက်အား (730)သိန်းဖြင့် ရောင်းမည်။
ဆက်သွယ်ရန်ဖုန်း - 09 73089767 (ရုံးချိန်အတွင်း)

စီးပွားယန်းခင်း ပညာရေးဆိုင်ရာ ဆောင်ရွက်မှုလုပ်ငန်း
73009869
73028433
73013432
ဘာသာစကားသင်တန်းကျောင်း
ENGLISH ဦးမိုးမြင့်မောင် (Top English) Mr.English၊ ဦးအောင်ကျော်
CHINESE ဦးအောင်သူရ၊ ဦးဇာနည်
KOREA (UFL) (UFL)
MALAY ဦးမင်းနန္ဒသူ (UFL)
EPS (TOPIK)
ကိုရီးယားအလုပ်အကိုင်ရှာဖွေရေး စာမေးပွဲ ကြိုတင်ပြင်ဆင်မှုသင်တန်း
သင်တန်းကြေး (၅၀၀၀၀)ကျပ် (လစဉ်)
မြို့သစ် = (၁၀၃) (၄-လွှာ)၊ (၄၂) လမ်းထိပ်၊ မဟာဗန္ဓုလလမ်း၊ ဗိုလ်တထောင်၊
လှည်းတန်း = တိုက် (၂၃)၊ အခန်း(A-4)၊ လှည်းတန်းလမ်း၊ ကမာရွတ်၊ ရန်ကုန်၊

ဦးမောင်မောင်အုန်းမြိုင် (ဆရာအုန်း)၏
(၁) အင်္ဂလိပ် ⟷ မြန်မာ ဘာသာပြန်လုပ်ငန်းဌာန
(၂) ဘာသာပြန်ထိုးနည်း သီးသန့်သင်တန်း
ဖုန်း - ...

ကန့်ကွက်နိုင်ကြောင်းကြေညာချက်
ရန်ကုန်မြို့ ... [illegible]
ဒေါ်ခိုင်ခိုင်လှိုင် (LL.B)
တရားလွှတ်တော်ရှေ့နေ (စဉ် - ၅၃၇၄)

Holiday အခြေခံယာဉ်မောင်းစက်ပြင်သင်တန်းကျောင်း
၂၀၁၃ - မေလ (၃)ရက်နေ့ ဖွင့်မည်
(နယ်ဝေး ကျောင်းသား/သူများအတွက် နေရေး ထိုင်ရေး စီစဉ်ပေးမည်။)
ရွှေပြည်သာမြို့နယ်၊

MTI MYANMAR THAMES INTERNATIONAL
ဈေးကွက်စီမံခန့်ခွဲမှု သဘောတရားပညာရပ်များကို စနစ်တကျသိရှိ တတ်ကျွမ်းလိုသူများအတွက်
Marketing Management
2nd Fl, Myaynigone Plaza. Ph: 525971,501450, 706740

အသိပေးအကြောင်းကြားခြင်း
ကျွန်တော်၏ဇနီးဖြစ်သူ ဒေါ်လဲ့ဝါ(ခ)ဒေါ်အေးဝတ်ရည်မျိုးလှိုင်(ဘ)ဦးမျိုးတင့် နိုင်ငံသားမှတ်ပုံတင်အမှတ်[၁၂/မရတ(နိုင်)၁၂၀၄၄၂]ကိုင်ဆောင်သူသည် ၅-၄-၂၀၁၃ရက်တွင် ဘဏ်စာအုပ်များ ရွှေထည်ပစ္စည်းများ၊ အဝတ်အစားအားလုံးယူ၍ အိမ်ပေါ်မှဆင်းသွားခဲ့ပါသည်။ ယနေ့အထိအကြောင်းပြန်ကြားမှုမရှိသောကြောင့် ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း အကြောင်းပြန်ကြားပေးရန်နှင့်လတ်ခံထားသူအား တရားဥပဒေအရအရေးယူဆောင်ရွက်မည်ဖြစ်ကြောင်းကို အသိပေးအကြောင်းကြားအပ်ပါသည်။ **ဦးဇော်ဇော်နိုင်[၁၂/မရက(နိုင်)၀၀၄၃၉၆]**
ဖုန်း-၀၉ ၄၄၄၀၀၅၈၄၈၊ ၀၉-၄၃၁၈၂၄၇၁၊ ၀၉ ၄၃၀၇၅၀၄၈၊ ၀၉ ၄၂၁၀၃၅၂၅၆

အေးရတနာမိုး CAR RENTAL
မြို့တွင်း၊ မြို့ပြင်၊ နှစ်ချုပ်၊ လချုပ်၊ ရက်ပိုင်း ငှားရန် Probox, AD Van များ
ကိုဈေးနှုန်းချိုသာစွာဖြင့် စိတ်တိုင်းကျငှားရမ်းပေးနေပါသည်။
အမှတ်-၁၂၇၊ ၂၁လမ်း၊ လသာမြို့နယ်၊ဖုန်း-၀၉၇၃၀၃၈၁၂၀။

ယနေ့မော်ဒယ်မြင့် ကားများအတွက် ကွန်ပျူတာဘောက် OBD II သင်တန်း
အမှတ်စဉ် (၁၆) (၁၇) (၁၈) ပုံမှန်တန်းခွဲသစ်များကို မေလ ၂ ရက်နေ့တွင် စတင်ဖွင့်လှစ်ပါမည်
အကြိုမိတ်ဆက်နှစ်ရက် (အခမဲ့) သင်တန်းကို အပတ်စဉ်စနေ၊ တနင်္ဂနွေ နေ့များတွင် ဖွင့်လှစ်လျက်ရှိပါသည်။ ကြိုတင်စာရင်းပေးသွင်းရန်လိုသည်။
Engine Doctor Engineering
No, 102, GFloor, 52nd st, Middle, Yangon. Tel : 09 4211 444 95, 96, 97

ပြည်တွင်းရေးရာ

ပြို့မှာလေလား ကမ်းပါးတွေ

ပြီးခဲ့သည့် တပေါင်းလပြည့်နေ့ မတ် ၂၆ ရက်ကဖြစ်သည်။ တူလို သားလို ခင်မင်သော ဖြိုးဝေလင်းက သူ့မွေးရပ်မြေ သာယာဝတီမြို့နယ် စံရွှေးကျေးရွာသို့ အလည်ခေါ်သဖြင့် လိုက်သွားဖြစ်ပါသည်။

ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့သည် သာယာဝတီအရှေ့မြမ်းနှင့် သာယာဝတီ အနောက်ခြမ်းဟူ၍ ပထဝီအနေအထားအရ နှစ်ပိုင်းရှိသည်ဟု မြင်ပါသည်။ သာယာဝတီ အရှေ့ခြမ်းတွင် လယ်ယာမြေများသာရှိပြီး မြစ်ချောင်းများ နည်းပါးပါသည်။ သာယာဝတီအနောက်ခြမ်းတွင်မူ လယ်ယာမြေများ ရှိသကဲ့သို့ အင်း၊ အိုင်များနှင့် မြစ်မခမြစ်ဟု လူသိများသော (ခမုံမြစ်)သည် စံရွှေးရွာနှင့် ဖိုးခေါင်ရွာ နှစ်ရွာကို ဝေ့ကာဝိုက်ကာဖြင့် စီးဆင်းလျက်ရှိသည်။

ယင်းကဲ့သို့ စီးဆင်းနေသည်နှင့် အမျှ ရွာနှစ်ရွာကိုခြုံပြီး တမ်းဝါးများကို မိုးတွင်းကာလတွင် မြင်လို့မကောင်းအောင် တိုက်စားတော့သည်။ ဤသို့ တိုက်စားကြသည်မှာ သင်္ချိုင်းရပ်ကို ကျေးရွာသူ ကျေးရွာသားများအနေဖြင့် ရင်တမမနှင့် မြင်တွေ့နေကြရသည်ဆို၏။

မိုးများသောအခါ၊ မြစ်ရေကြီးသောအခါများတွင် ရေကြီးနစ်မြုပ်မှုကို နှစ်စဉ်ခံစားနေကြရသည်။ ပို၍ ရင်နာစရာကောင်းသည်မှာ ၁၈၅၃ ခုနှစ်လောက်က နယ်ချဲ့အင်္ဂလိပ်ကို တော်လှန်တိုက်ခိုက်ခဲ့သည့် သာယာဝတီ ဦးခေါင်းကြီး၊ ဦးခေါင်းလေးတို့ တည်ထားခဲ့သည်ဟု မှတ်သားရသည်။ ယခုဆိုလျှင် နှစ်ပေါင်း ၁၆၀ နီးပါး ရှိနေသော စံရွှေးကျေးရွာမှ ရှေးဟောင်း သမိုင်းဝင် ဘုရားစေတီများသည် မြစ်မခမြစ်ထဲတွင် ရုပ်ဝါကျဆင်းဝါကျ ကိန်းဝပ်စံဝယ်ရတော့မည့် အခြေအနေသို့ ဆိုက်ရောက်ခါနီးရှိနေခြင်းဝင် ဖြစ်သည်။

ထို့အပြင် စံရွှေးရွာနှင့် အနီးဝန်းကျင်ရွာတို့မှ လယ်ယာဦးကြီးတို့၏ ရင်သွေးငယ်များ ပညာရည်နို့သောက်စို့ရာ အခြေခံပညာအထက်တန်းကျောင်းသည်လည်း မြစ်မခမြစ်ထဲသို့ ဘဝတစ်ပါး ပြောင်းရတော့မည့် အခြေအနေရှိနေပေ၏။

ထို့အပြင် ကျေးလက်နေ လယ်ယာဦးကြီးများကို ကျန်းမာရေးစောင့်ရှောက်ပေးနေသော ခုတင်(၂၀) ဆံ့ တိုက်နယ်ဆေးရုံသည်လည်း ဘုရားစေတီများ၊ အထကကျောင်းများကဲ့သို့ သင်္ချိုင်းရကို စောင့်မျှော်လျက်ရှိပေ၏။

ကျေးရွာသူ ကျေးရွာသားများ၏ ဆန္ဒမှာ မြစ်ကြောင်းတိုက်ရိုက်စီးသွားမည့်လမ်းကြောင်းကို ဖောက်လိုကြခြင်း ဖြစ်သည်။ ဤသို့ မြစ်ကြောင်းလွှဲပေးနိုင်မည်ဆိုလျှင် ကမ်းပြိုခြင်းဘေးဒုက္ခမှ ကင်းဝေးမည်ဟု ခိုင်မာစွာ ယုံကြည်နေကြသည်။ သူတို့သည် ရိုးသားကြသည်။ မည်သူ့ကို အကူအညီတောင်းရမှန်းမသိကြ။ သောင်ပြင်မှာလွတ်သည့် ဟင်္သာလေးလိုဖြစ်နေကြရှာသည်။

ယခုတော့မှ ယင်းအခြေအနေကို ရင်မှတစ်ရှိုက်ခံစားနေကြရရှာသည့် ရိုးသားသည့် စံရွှေးသူ စံရွှေးသားများက မိုးကျလာတော့မည်ကို စိတ်မချမ်းမြေ့စွာခံစားရင်း "ပြို့မှာလေလား ကမ်းဝါးတွေ"ဟု အော်မြည်တမ်းတလျက်ရှိနေကြပေ၏။

သတင်းမှတ်စု-ခင်ဇ(စက်မှု)
ဓာတ်ပုံ-ဖြိုးဝေလင်း

တာဝန်သိ နိုင်ငံသား

နောင်ရဲဦး

နိုင်ငံတစ်နိုင်ငံ လူ့အဖွဲ့အစည်းတစ်ခုတွင် ဝါဝင်သော နိုင်ငံသား ပြည်သူများ၏ တာဝန်သိမှုနှင့် တာဝန်ယူတတ်မှုသည် အဆိုပါနိုင်ငံ၏ ရပ်တည်မှုဝံ့သတ္တာန်၊ ဖွံ့ဖြိုးတိုးတက်မှု၊ တည်ငြိမ်အေးချမ်းမှုတို့နှင့် တိုက်ရိုက်ဆက်စပ်လျက်ရှိသည်။ ဒီမိုကရေစီကျင့်သုံးသော နိုင်ငံတွင် အုပ်ချုပ်သူ၊ အာဏာပိုင်အဖွဲ့အစည်းများကို နိုင်ငံသားပြည်သူများက ရွေးချယ်တင်မြှောက်ကာ အာဏာအပ်နှင်းကြရသည်။

နှနယ်စဒီမိုကရေစီစနစ်နှင့် ထိတွေ့စမြန်မာပြည်သူများသည် ယနေ့ကဲ့သို့ ဒီမိုကရေစီထွန်းသစ်စအခြေအနေတွင် ယဉ်ကျေးသော ဒီမိုကရေစီနိုင်ငံရေးစနစ်တစ်ရပ်ဖြစ်ပေါ်စေရန် ဆောင်ရွက်ပေးကြဖို့လိုပေရာ ထိုအတွက် လက်ရှိနိုင်ငံရေးစနစ်တွင် ဝါဝင်မှုပြုရန်လိုအပ်ပါသည်။ ပြည်သူတို့နှင့် မဏ္ဍိုင်ကြီးသုံးရပ်အကြား အပြန်အလှန်လေးစားအသိအမှတ်ပြုမှု၊ သဘောထားကြီးမှု၊ လုပ်ပိုင်ခွင့်အာဏာကို နည်းလမ်းတကျ ဆင်ခြင်တုံတရားဖြင့် ကျင့်သုံးဆောင်ရွက်မှုတို့ ရှိကြရပါမည်။

ဒီမိုကရေစီစနစ်ကို ကျင့်သုံးတည်ဆောက်ကြရာတွင် အာဏာပိုင်အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များ၊ ပြုပြင်ပြောင်းလဲမှု ပြုလုပ်ပေးရမည်ဖြစ်သလို အာဏာကို ကျင့်သုံးဆောင်ရွက်မည့် လူပုဂ္ဂိုလ်များကို မှန်ကန်စွာရွေးချယ်ပေးကြမည့် နိုင်ငံသားတို့၏ အသိဉာဏ်နှင့် တွေးခေါ်စဉ်းစားဆင်ခြင်နိုင်စွမ်းကိုလည်း တစ်ချိန်တည်းတွင် မြှင့်တင်ဆောင်ရွက်ကြရန် လိုအပ်ပါသည်။ ပြည်သူတို့အနေဖြင့် မဏ္ဍိုင်သုံးရပ်ရှိ အာဏာပိုင်များ၏ အာဏာနှင့်လုပ်ပိုင်ခွင့်ကို တည်မတ်မှန်ကန်အောင် ကျင့်သုံးစေရေးအတွက် စောင့်ကြည့်ထောက်ပြခြင်း၊ မိမိတို့၏ အခွင့်အရေးများကို တောင်းဆိုကြရာတွင် ကျယ်ပြန့်သောအမြင်၊ နှစ်ဦးနှစ်ဖက် ချိုင့်ကြည်တတ်သော အမြင်များဖြင့် နိုင်ငံနှင့်ယှဉ်သောတွေးခေါ်မှု၊ အသွင်ကူးပြောင်းမှုနှင့်ညီထွေသော ပြုမူဆောင်ရွက်ချက်၊ ကျယ်ပြန့်နက်ရှိုင်းသော နိုင်ငံတကာအမြင်များပေါ်တွင်အခြေခံကာ တောင်းဆိုဆောင်ရွက်ကြခြင်းဖြင့် နိုင်ငံရေးစနစ်သစ်တွင် ဝါဝင်ဆောင်ရွက်ကြရပါမည်။ မိမိတို့၏ အခွင့်အာဏာကို မှန်ကန်စွာဆုံးဖြတ်ဆောင်ရွက်တတ်သော ဒီမိုကရေစီနှင့်ထိုက်တန်သည့် နိုင်ငံသားများဖြစ်စေရန် ပြုမူနေထိုင်ဖို့ လိုအပ်ပါသည်။ မိမိတို့၏ အခွင့်အာဏာကို မှန်ကန်စွာ ဆုံးဖြတ်ဆောင်ရွက်တတ်သော ဒီမိုကရေစီနှင့်ထိုက်တန်သည့် နိုင်ငံသားများဖြစ်စေရန် ပြုမူနေထိုင်ဖို့ လိုအပ်ပါသည်။

ဒီမိုကရေစီစနစ်တွင် နိုင်ငံတော်အာဏာ၏ အဓိကပိုင်ရှင်မှာ ပြည်သူများ (ဝါ) နိုင်ငံသားများဝင်ဖြစ်ရာ ဤစနစ်တွင် နိုင်ငံသားတစ်ဦးချင်းစီ၏ ပြုမူဆောင်ရွက်ချက် တုံ့ပြန်ပုံများသည် နိုင်ငံတော်၏ပုံရိပ်ကို ထင်ဟပ်ဖြစ်ပေါ်ပေလိမ့်မည်။ ငါကတော့ ဘာမှမဟုတ်၊ ငါတစ်ယောက်တည်းလုပ်ရုံနဲ့ ဘာဖြစ်မှာ၊ ဘာတတ်နိုင်မှာမို့လဲဟူသော အတွေးမျိုးဖြင့် နိုင်ငံရေးကို ကိုယ်နှင့်မဆိုင်သလိုနေ၍ရမည် မဟုတ်တော့ပါ။ ဤသို့အတွေးများ လွှမ်းမိုးသော နိုင်ငံသည် ထိုတွေးလိုက်သည်အတိုင်းဝင် တာမျှမဟုတ်သော နိုင်ငံသာဖြစ်၍ သွားပေလိမ့်မည်။ ဤနေရာတွင် ပုံပြင်တစ်ခုကို အမှတ်ရမိသည်။ ထိုပုံပြင်တွင် ဝှဲတော်တစ်ခုကျင်းပရန်အတွက် ရွာသူကြီးက သူ၏ရွာသားများကို အစည်းအဝေးခေါ်ကာ နွားနို့တစ်ခွက်စီယူလာစေပြီး စဉ်အိုးတစ်လုံးထဲသို့ ထည့်ခိုင်းသည်။ ရွာသားများက ငါတစ်ယောက်တည်း နွားနို့မထည့်ဘဲ ရေတစ်ခွက်ထည့်ရုံနှင့် ဘာမျှမဖြစ်ပါဘူးဆိုသည့်အတွေးနှင့် နွားနို့ထည့်ရန်အိုးထဲသို့ တစ်ဦးချင်းစီက ရေများကိုသာယူလာပြီး ထည့်လိုက်ကြရာ မိုးလင်း၍ အိုးကိုဖွင့်ကြည့်လိုက်သောအခါ အိုးထဲတွင် ရေချည်းသာဖြစ်၍နေတော့သည်။ တစ်ဦးချင်းစီ၏ တာဝန်သိ၊ တာဝန်ယူမှုသတောကို ဝညာဝေးမိးမောင်းထိုးပြထားသော ပုံပြင်မြစ်သည်။

ပြည်သူတစ်ဦးချင်းစီအနေဖြင့် ဥဝဒေကို လေးစားလိုက်နာကာ မိမိစွမ်းဆောင်နိုင်ရာ မိသားစုအကျိုး၊ ထို့မှသည် ရပ်ရွာ၊ မြို့၊ တိုင်းဒေသကြီး၊ ပြည်နယ်၊ ထို့မှတစ်ဆင့် နိုင်ငံအကျိုးကို စိတ်ကောင်းစေတနာမှန်ဖြင့် ဝါဝင်ဆောင်ရွက်ကြဖို့ လိုအပ်ပါမည်။ ပြည်သူတို့၏ အသိဉာဏ်နှင့် ဝညာအားကောင်းမှုတို့မှ ထွက်ပေါ်လာမည့် ပြုမူဆောင်ရွက်ချက်များသည်သာ နိုင်ငံ၏ တည်ငြိမ်ဖွံ့ဖြိုးမှုကို ရရှိစေမည်မြစ်ရာ ပြည်သူတို့သည် မိမိတို့၏ အရည်အချင်းနှင့်ပညာကိုမြင့်တင်ပြီး တွေ့ကြုံလာသောအခြေအနေများကို ဝညာနှင့်ယှဉ်၍ အမြော်အမြင်ကြီးစွာ တုံ့ပြန်တတ်ဖို့လိုပါသည်။

တာဝန်သိသော၊ တာဝန်ယူတတ်သော နိုင်ငံသားများအမြစ် မိမိကိုယ်ကို တည်ဆောက်ကြခြင်း၊ ထိုသို့တည်ဆောက်နိုင်ရန်အတွက် နိုင်ငံသားတစ်ဦးချင်းစီက မိမိတို့၏အသိဉာဏ်စွမ်းရည်ကို မြင့်တင်ကြခြင်းသည် ဒီမိုကရေစီနိုင်ငံတည်ဆောက်ရေးတွင် ကျရာအခန်းကဏ္ဍမှ ဝါဝင်ခြင်းမည်ပေသည်။

မြန်မာနိုင်ငံတွင် မြွေဆိုးကိုက်ခံရသူအများစု အသက် (၁၅) နှစ်မှ (၄၅) နှစ်အတွင်းဖြစ်

မန္တလေး ဧပြီ ၂၅

မြန်မာနိုင်ငံတွင် မြွေမျိုးပေါင်း ၁၅၀ ခန့်ရှိသည့်အနက် လူ၏ အသက်အန္တရာယ် ထိခိုက်နိုင်သော အဆိပ်ရှိ မြွေဆိုးများအဖြစ် မြွေဝွေး ၇၀ ရာခိုင်နှုန်းမှ ၉၀ ရာခိုင်နှုန်း၊ မြွေဟောက်နှင့် အမျိုးအနွယ်များ၊ ငန်းတော်ကြား၊ ဂျပ်မြွေ ၁၀ ရာခိုင်နှုန်းမှ ၃၀ ရာခိုင်နှုန်း သတ်မှတ်ထားပြီး မြွေကိုက်ခံရသူများမှာ အသက် (၁၅)နှစ်မှ (၄၅)နှစ်အတွင်းရှိ ကျန်းမာသန်စွမ်းသည့် အလုပ်လုပ်နိုင်သော အရွယ်များဖြစ်၍ မိသားစုအတွက်သာမက နိုင်ငံတော်အတွက်ပါ လုပ်အားဆုံးရှုံးနစ်နာရပြီး မြွေဆိုးကိုက်တတ်သည့် နေရာများတွင် လက် ၃၀ ရာခိုင်နှုန်း၊ မြေထောက် ၇၀ ရာခိုင်နှုန်းမြစ်သည်ဟု ကျန်းမာရေးဝန်ကြီးဌာန မြွေကိုက်ရောဂါထိန်းသိမ်းရေးစီမံချက်မှ သိရသည်။

မြွေအန္တရာယ်ကာကွယ်သော နည်းလမ်းများတွင် ညအခါသွားလာပါက မြွေကို မြင်နိုင်အောင် မီးဆောင်သွားခြင်း၊ တုတ်ဖြင့် မြေကြီးကို ဝုတ်ခတ်၍ အသံပေးပါက မြေကြီး တုန်ခါမှုကြောင့် မြွေများရှောင်တိမ်းသွားတတ်ခြင်း၊ လည်ရှည်ဖိနပ် ထုထုစီးခြင်း၊ လုပ်ငန်းခွင်တွင် မြွေဆိုးများ ခိုအောင်းတတ်သော တွင်း၊ သစ်ခေါင်း၊ ချုံဝုတ်၊ ဝါးပုံ၊ အုတ်ပုံတို့ကို သတိထား၍ ကိုင်တွယ်ခြင်း၊ တွင်း၊ သစ်ခေါင်းတို့ကို လက်မနှိုက်သင့်ခြင်း၊ မြွေများ မခိုအောင်းစေရန် နေအိမ်ဝတ်ဝန်းကျင်ကို ရှင်းလင်းထားခြင်းတို့ ဆောင်ရွက်သင့်ပြီး မြွေကိုက်ခံရပါက မှန်ကန်သော ရှေးဦးသူနာပြုစုမှုကို ခံယူခြင်း၊ မြွေဆိပ်ဖြေဆေးရှိသော နေရာသို့ ချက်ချင်းသွား၍ ဆီလျော်သော မြွေဆိပ်မြေဆေးကို အချိန်မီထိုးခြင်းတို့ ဆောင်ရွက်သင့်သလို လယ်ယာလုပ်ငန်းတွင် စက်များအသုံးပြုပါက မြွေများနှင့် တိုက်ရိုက်ထိတွေ့မှု လျော့နည်းကာ မြွေကိုက်ခံရမှုနှုန်း ကျဆင်းလာနိုင်ကြောင်း သိရသည်။

(ကျော်မင်းသော်)

မီးမလောင်ခင် သတိယှဉ် ကြိုတင်ကာကွယ်ပါ

သက်ကြီးပူဇော်ပွဲ ကျင်းပ

အင်းစိန် ဧပြီ ၂၅

